ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက်၊ တနင်္လာနေ့၊ (11-7-2005) (၄၆၅၃)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မွန်ဂိုးလီးယားနိုင်ငံ အမျိုးသားနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၁၁

၂၀၀၅ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ကျရောက်သော မွန်ဂိုးလီယားနိုင်ငံ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ မွန်ဂိုးလီယားနိုင်ငံ သမ္မတ မစ္စတာ နန်ဘာ အန်္ဂဘာရာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ကချင်ပြည်နယ်ကဲ့သို့ပင် အခြားပြည်နယ်နှင့်တိုင်းများလည်း အပြိုင်အဆိုင်ဖွံ့ဖြိုးတိုးတက် ညီညွတ်မှု၊ ငြိမ်းချမ်းမှုနှင့် အလုပ်လုပ်မှုကြောင့် အောင်မြင်မှုအသီးအပွင့်များ ခံစားရ မှုဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် စုပေါင်းစွမ်းအားပေါ်တည်မှီ

ရန်ကုန် ဇူလိုင် ၁၀

ကချင်ပြည်နယ် ဗန်းမော်မြို့၌ တည်ဆောက်ပြီးစီးသွားသည့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာန အစိုးရနည်းပညာကောလိပ်(ဗန်းမော်) ပင်မအဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီ ၁၀ မိနစ်တွင် အဆိုပါ အစိုးရနည်းပညာကောလိပ် (ဗန်းမော်)၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အားပေးချီးမြှင့်ပြီး ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အဆိုပါ နည်းပညာကောလိပ်(ဗန်းမော်) ပင်မအဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်နယ်၊ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့မှ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အစိုးရနည်းပညာကောလိပ် (ဗန်းမော်) ကျောင်းအုပ်ကြီးနှင့်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❐

အစိုးရနည်းပညာကောလိပ်(ဗန်းမော်)

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေး ချမ်း သာ ယာ ရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များ အစိုးရ နည်းပညာကောလိပ် (ဗန်းမော်) ပင်မအဆောက်အအုံသစ်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၁-၇-၂၀၀၅
(တနင်္လာနေ့)

ပြည်သူ့ သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်အောင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ဖော်ဆောင်

ယနေ့အချိန်အခါသည် နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် ပေါ်ထွန်းလာစေရေးအတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော် အင်အားသုံးရပ်၏ စွမ်းပကားကို ဟန်ချက်ညီညီ ပေါင်းစည်းအားပြု ကြိုးပမ်းဆောင်ရွက်နေသော ကာလဖြစ်သည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုနာယက၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅)သို့ တက်ရောက်၍ သြဝါဒစကားမြွက်ကြားရာတွင် တပ်မတော်နှင့်တိုင်းရင်းသားပြည်သူများ တစ်သားတည်းတည်ရှိနေမှုနှင့်စပ်လျဉ်း၍ **"ရဲဘော်တို့ဟာ တပ်မတော်အတွင်းမှာ တိုင်းရင်းသား ပေါင်းစုံလက်တွဲပြီး တစ်ဦးကိုတစ်ဦး အသက်ပေးဖို့ ဝန်မလေးတဲ့အထိ ရဲဘော်စိတ်နဲ့ စစ်မှုထမ်းခဲ့ကြသူတွေဖြစ်တယ်၊ သေအတူရှင်မကွာဆိုတဲ့ ရဲဘော်စိတ်ကြောင့် ဒို့တပ်မတော်သားတွေအကြားမှာ ကျဉ်းမြောင်းတဲ့ လူမျိုးရေးဆိုတာ ယောင်လို့တောင် မတွေးမိတဲ့ကိစ္စမျိုးဖြစ်တယ်၊ ယခုအခါ ရဲဘော်တို့ဟာ နိုင်ငံအနှံ့မှာ တိုင်းရင်းသားတွေနဲ့ တစ်သားတည်း နေထိုင်လျက်ရှိကြတာကြောင့် မိမိတို့၏ မှန်ကန်တဲ့ သဘောထား ရပ်တည်ချက်တွေနဲ့ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး အတွက် ဆောင်ရွက်ကြဖို့ တာဝန်ရှိတယ်"**ဟူ၍ မိန့်ကြားသွားသည်။

မြန်မာနိုင်ငံသည် ပြည်ထောင်စုဖွား တိုင်းရင်းသားများဖြင့် ပေါင်းစည်းယှက်နွယ် နေထိုင်လျက်ရှိသောနိုင်ငံဖြစ်ရာ ဘေးဘိုးစဉ်ဆက် ဥမကွဲသိုက်မပျက် ပေါင်းစည်းနေထိုင်လာခဲ့ကြသည့် စည်းလုံးညီညွတ်မှု အစဉ်အလာကောင်းများကို ထိန်းသိမ်းမြှင့်တင်ရင်း ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲစေရေး ဆက်လက်ထိန်းသိမ်း စောင့်ရှောက်သွားကြရမည့်တာဝန်သည် မျက်မှောက်ခေတ်နိုင်ငံသူနိုင်ငံသားတိုင်း ထမ်းဆောင်ကြရမည့် အမျိုးသားရေး တာဝန်ပင်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်ကို ဦးဆောင်ဦးရွက်ပြုနေသော တပ်မတော်က ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေပေသည်။

တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေး တာဝန်အပြင် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရင်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုလုပ်ငန်းများတွင် တိုင်းရင်းသားပြည်သူတို့နှင့်အတူ အင်ပြည့်အားပြည့် ပါဝင်လုပ်ကိုင်လျက်ရှိသည်။ ယင်းသို့ နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့၏ ပေါင်းစည်းညီညွတ်မှု စွမ်းအားဖြင့် ကြိုးပမ်းဖော်ဆောင်နေမှုများကြောင့် နယ်ပယ်အရပ်ရပ်၊ ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များ ဝေဆာလာလျက်ရှိသည်။

ယနေ့ကာလတွင် နိုင်ငံတော်အစိုးရက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရေး ကြိုးပမ်းဖော်ဆောင်လျက်ရှိရာ နိုင်ငံတော်အာဏာကို မူလပိုင်ရှင်ဖြစ်သည့် ပြည်သူလူထုထံ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးသွားနိုင်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကိုချမှတ်ပြီး အကောင်အထည်ဖော်လျက်ရှိနေပြီဖြစ်သည်။

ယင်းသို့ ကြိုးပမ်းဖော်ဆောင်ရာတွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ ရှင်သန်ထက်မြက် လွှမ်းခြုံနေရန်လိုအပ်သည်။ နိုင်ငံတော်အစိုးရက တိုင်းရင်းသားလူမျိုးများ အားလုံးအပေါ်တွင် ထားရှိသည့် ဖြူစင်သောမေတ္တာစေတနာကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက သိရှိသဘောပေါက်ပြီး မိမိတို့ရရှိထားသည့် ငြိမ်းချမ်းသာယာမှု၊ ပေါင်းစည်းညီညွတ်မှု အမွန်အမြတ်တရားများ ဆက်လက်ရှင်သန်တည်တံ့ခိုင်မြဲစေရေး ဝိုင်းဝန်းထိန်းသိမ်းသွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်တွင် ခိုင်ခိုင်မာမာ ဖြစ်ထွန်းရရှိနေသည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အစဉ်အလာကောင်းများနှင့် အညီ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး အတွက် ရည်မှန်းအကောင်အထည်ဖော်လျက်ရှိသည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး နိုင်ငံတော်၊ တိုင်းရင်းသားပြည်သူများနှင့် တပ်မတော်တို့ စည်းလုံးညီညွတ်မှု စွမ်းအားဖြင့် ထာဝရလက်တွဲ စွမ်းဆောင်သွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

မဟာမဲခေါင်ဒေသခွဲနိုင်ငံများ လျှပ်စစ်ဓာတ်အား ဖွံ့ဖြိုးရေး ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရန် တရုတ်နိုင်ငံ အဆိုပြု

ကူမင်း ဇူလိုင် ၉

မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ လျှပ်စစ်ဓာတ်အား ဖွံ့ဖြိုးရေးလုပ်ငန်း၌ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်တစ်ရပ်ကို တရုတ်နိုင်ငံက အဆိုပြုထားပြီး ယင်းအဆိုပြုချက်ကို မဟာမဲခေါင်ဒေသတွင်း နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုများတွင် တရုတ်နိုင်ငံ၏ ပါဝင်ဆောင်ရွက်မှုဆိုင်ရာ အစီရင်ခံစာတစ်ရပ်၌ ဖော်ပြထားကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံသည် ထိုင်းနိုင်ငံသို့ လျှပ်စစ်ဓာတ်အားကီလိုဝပ် သုံးသန်းတင်ပို့ရောင်းချရန် ဖြစ်နိုင်ခြေ ရှိ၊ မရှိ လေ့လာသွားရန် ထိုင်းနိုင်ငံနှင့်ပူးတွဲဆောင်ရွက်မည်ဖြစ်ကြောင်း အင်္ဂါနေ့တွင် ထုတ်ပြန်သည့်အဆိုပါအစီရင်ခံစာတွင်ဖော်ပြသည်။

တရုတ်နိုင်ငံသည် လာအို၊ မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ရှိ ရေအားလျှပ်စစ်ဆိုင်ရာ အရင်းအမြစ်များ ဖွံ့ဖြိုးရေးလုပ်ငန်း၌ ပါဝင်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဖော်ထုတ်ရန် ဆန္ဒရှိကြောင်း၊ ဗီယက်နမ်နိုင်ငံ၏ ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွင်ပူးတွဲလုပ်ကိုင်လျှင် အောင်မြင်နိုင်ခြေ ရှိ၊ မရှိ သုံးသပ်လေ့လာသွားမည်ဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

တရုတ်နိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးမှု၊ လျှပ်စစ်ဓာတ်အား စနစ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာ နိုင်ငံများနှင့် သတင်းအချက်အလက်များ ဖလှယ်သွားမည်ဖြစ်ကြောင်း အစီရင်ခံစာတွင် ဆက်လက်ရေးသားထားသည်။

လက်မှတ်ရေးထိုး

တရုတ်နိုင်ငံသည် လာအိုနှင့်မြန်မာနိုင်ငံတို့ရှိ အမျိုးသား လျှပ်စစ်ဓာတ်အား စီမံကိန်းများကိုအကူအညီထောက်ပံ့ပေးရန်ဖော်ပြသော သဘောတူညီချက်များကို ၂၀၀၄ ခုနှစ်မတ်လတွင် လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံတို့နှင့် လက်မှတ်ရေးထိုးခဲ့သည်။ တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့ရှိ လျှပ်စစ်ဓာတ်အားဌာနများသည်လည်း လျှပ်စစ်ဓာတ်အား ဖွံ့ဖြိုးရေး လုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြသည်။

ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့်ဗီယက်နမ်တို့ ပါဝင်သောမဟာမဲခေါင်ဒေသခွဲနိုင်ငံများသည် အာရှဖွံ့ဖြိုးရေးဘဏ်၏အကူအညီနှင့်အတူ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးစနစ်တစ်ရပ်ကို ၁၉၉၂ ခုနှစ်တွင် ထူထောင်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီတလီတပ်ဖွဲ့များကို အီရတ်မှ ရုပ်သိမ်းမည် ဝန်ကြီးချုပ် ဘာလူစကွန်နီ ပြောကြား

ဂလင်အီဂဲလ် ဇူလိုင် ၉

အီရတ်နိုင်ငံတွင် ရောက်ရှိနေသော အီတလီတပ်ဖွဲ့အချို့ကိုလာမည့်စက်တင်ဘာလတွင်စတင်ရုပ်သိမ်းမည်ဖြစ်ကြောင်း အီတလီဝန်ကြီးချုပ် ဆယ်လ်ဗီရိုဘာလူစကွန်နီက ပြောကြားသည်။

လက်တွေ့ဖြစ်ပေါ်နေသော အခြေအနေပေါ်တွင် မူတည်ပြီး တပ်ဖွဲ့များ ပြန်လည်ခေါ်ယူရေး အစီအစဉ်ကို စဉ်းစားခဲ့ခြင်းဖြစ်ကြောင်း အီတလီဝန်ကြီးချုပ်က ဂျီ-၈ အစည်းအဝေးအပြီးတွင် ပြောကြားသည်။ တပ်ဖွဲ့ရုပ်သိမ်းရေး အစီအစဉ်သည် လက်နက်ကိုင် တိုက်ခိုက်ရေးအဖွဲ့များ၏ ခြိမ်းခြောက်ရေးမှုနှင့် တစ်စုံတစ်ရာ ဆက်စပ်မှုမရှိဟု ဝန်ကြီးချုပ် ဘာလူစကွန်နီက ဆက်လက်ပြောကြားသွားသည်။

အီတလီတပ်ဖွဲ့ဝင် ၃၀၀ တို့ကို လာမည့် စက်တင်ဘာလမှစ၍ အီရတ်မှ ရုပ်သိမ်းမည်ဖြစ်သည်ဟု ဝန်ကြီးချုပ် ဘာလူစကွန်နီက ပြောကြားသည်။

အီတလီတပ်ဖွဲ့ဝင်များသည် ယခုအခါ အီရတ်နိုင်ငံတောင်ပိုင်း နာဆီယီယာမြို့ ဒေသဝန်းကျင်တွင် တပ်စခန်းချထားကြောင်းသိရသည်။ ***အင်တာနက်။***

ကမ္ဘာ့ရေနံဈေးနှုန်း မြင့်တက်ရန် အလားအလာရှိ လောင်စာဆီ ထုတ်လုပ်မှု အင်ဒိုနီးရှား တိုးမြှင့်မည်

ဂျကာတာ ဇူလိုင် ၉

အင်ဒိုနီးရှားနိုင်ငံတွင် ပြည်တွင်း၌ လိုအပ်လျက်ရှိသော လောင်စာဆီကို ပိုမိုတိုးမြှင့်ထုတ်လုပ်ရန် ပြည်တွင်းနိုင်ငံပိုင် ရေနံကုမ္ပဏီဖြစ်သော ပီတီပါတာမီနာကို အင်ဒိုနီးရှားနိုင်ငံ စွမ်းအင်နှင့် အရင်းအမြစ်ဝန်ကြီး ပူနိုမိုယူဂန်တိုရိုက ဗုဒ္ဓဟူးနေ့တွင် တိုက်တွန်းပြောကြားလိုက်သည်။

ပြည်တွင်းလိုအပ်ချက်မြင့်တက်လာသော လောင်စာကို တိုးမြှင့်ထုတ်လုပ်ရန် ပါတာမီနာ ရေနံကုမ္ပဏီကို မိမိတို့ တိုက်တွန်းထားသည်ဟု စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲ၏ ပြင်ပတွင် ပူနိုမိုက ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ နေရာအနှံ့အပြားတွင် လောင်စာဆီများကို အဆင်ပြေချောမွေ့စွာ ဖြန့်ဖြူးရန်လည်း လိုအပ်သည်ဟု ပူနိုမိုက ဆိုသည်။

ပြည်တွင်းလိုအပ်ချက်အရ လောင်စာဆီကို သုံးစွဲသူများလက်သို့ အရောက်ဖြန့်ဖြူးရန်နှင့် သန့်စင်သော ရေနံသိုလှောင် ထိန်းသိမ်းမှုကို အလေးထားဆောင်ရွက်ရန် ပါတာမီနာ ကုမ္ပဏီကို ပူနိုမိုက ပြောကြားခဲ့သည်။

ထိန်းသိမ်း

ကမ္ဘာ့ရေနံဈေးနှုန်းတွင် ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၀ အထိတိုးမြှင့်ရန် အလားအလာ ရှိသည့်အတွက် လောင်စာဆီ ထုတ်လုပ်မှုကို ပါတာမီနာကုမ္ပဏီက ထိန်းထားသည်။ ပြည်သူများကိုလည်း လောင်စာဆီ ခြိုးခြံသုံးစွဲရန်လည်း ပူနိုမိုက ပြောကြားခဲ့သည်။

လွန်ခဲ့သော ငါးလတာကာလက လောင်စာဆီသုံးစွဲမှုသည် ၁၀ ရာခိုင်နှုန်းကျော်ရှိခဲ့သည်။ ပြည်သူများ လောင်စာ သုံးစွဲမှုကို မချွေတာလျှင် သုံးစွဲမှု ထပ်မံတိုးမြှင့်လာမှုကြောင့် အစိုးရအနေဖြင့် လောင်စာဆီ ရရှိရန် ငွေကြေးများ ပိုမိုကျခံ သုံးစွဲရမည်ဖြစ်သည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် လောင်စာဆီကို ခြိုးခြံသုံးစွဲရန် ပူနိုမိုက တိုက်တွန်းခြင်း ဖြစ်သည်ဟု ဆိုသည်။

မျှော်မှန်း

လတ်တလော အခြေအနေတွင် လိုအပ်လျက်ရှိသော လောင်စာဆီ ဖြည့်ဆည်းနိုင်ရန် ၂၀၀၅ နှစ်ကုန်ပိုင်းအထိလောင်စာဆီကိုကီလိုလီတာပေါင်း ၅၉ ဒသမ ၆ သန်း ပမာဏအထိပေးရန် ခွဲတမ်းသတ်မှတ်ကာပါတာမီနာကုမ္ပဏီက ထုတ်လုပ်ဆောင်ရွက်မည်။ သို့သော် နိုင်ငံ၏ လိုအပ်ချက်ရှိသော လောင်စာပမာဏသည် ခွဲတမ်းသတ်မှတ်ချက်ကို ကျော်လွန်သွားမည်ဟုမျှော်မှန်းခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၇-၂၀၀၅ (တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	တူးမြောင်းများစနစ်တကျပြုပြင်ထိန်းသိမ်းခြင်း
၇း၂၀	တေးဂီတအစီအစဉ်
၇း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၇း၃၀	နိုင်ငံတကာမြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး
၇း၄၅	ပြည်တွင်းသတင်းအကျဉ်း
၇း၅၀	တေးဂီတအစီအစဉ်
၇း၅၅	လိုင်စင်(မင်းထက်ကျော်ဇင်၊ နှင်းဝတ်ရည်သောင်း)
၈း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	Management Talk (1)
၈း၅၀	ပြည်တွင်းသတင်းအကျဉ်း
၈း၅၅	တေးဂီတအစီအစဉ်
၉း၀၀	ရွှေလီတံတား
၉း၁၀	တေးဂီတအစီအစဉ်
၉း၁၅	လက်ဆင့်ကမ်းဝေဂီတအမွေ
၉း၃၅	တေးဂီတအစီအစဉ်
၉း၄၀	သင်ယူစရာပန်းချီပညာ (အခြေခံရေးဆွဲနည်း)
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	မြေငလျင်နှင့်ကမ်းသို့ရိုက်ခတ်လာသောရေလှိုင်းကြီးများ(ဆူနာမီ)
၁၀း၅၀	စိတ်ကျန်းမာရေး
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄) နာရီစာ အစီအစဉ်များကို ည ၂၃း၀၀နာရီအထိ (၄) ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မြန်မာ အမျိုးသမီးများနေ့အခမ်းအနားကို ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့ ခေတ္တရာရတနာ မြို့တော်ခန်းမဥ္စကျင်းပရာ သဘာပတိ ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းမာ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကြံ့ခိုင်သည့် ပြည်တွင်းအားတစ်ရပ်ကို ဖော်ဆောင်ရန် အမျိုးသမီးရေးရာအဖွဲ့ကြီးသည် သမိုင်းရေးလိုအပ်ချက်အရ ပေါ်ပေါက်လာ

✻ ပြည်တွင်းပြည်ပမှ

ပြည်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ သူနာပြုများ၊ ထူးချွန်ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း အင်အား ၈၅၀ ခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ပဲခူးတိုင်း (အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းမာက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ပဲခူးတိုင်း (အနောက်ပိုင်း) အမျိုးသမီးရေးရာ အဖွဲ့ဝင်များဖြစ်ကြသော ဒေါ်တင်အုန်းမြင့်၊ ဒေါ်ဝေဝေ၊ ဒေါ်တင်မာကြူနှင့် ဒေါ်သန်းသန်းဝင်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် တိုင်းအမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်နီနီစိုးကလည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဒေါ်သိန်းသိန်းစိုးကလည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များက မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုတေးများဖြစ်ကြသည့် "အင်အားသစ်များနှင့်အတူ" သီချင်းနှင့် "ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်စို့" သီချင်းများဖြင့် ဂုဏ်ပြုသီဆိုကြသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် သဘာပတိ ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းမာက မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယနေ့သည် မြန်မာပြည်တွင်မွေးဖွားပြီး မြန်မာသွေး စစ်စစ်ဖြင့် မြန်မာပြည်၌ကြီးပြင်းသည့် မျိုးချစ်မြန်မာ အမျိုးသမီးများ အားလုံးအတွက် ဂုဏ်ယူဖွယ်ကောင်းသော နေ့ထူးနေ့မြတ် တစ်ရက်ဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံ၏ လူဦးရေထက်ဝက်ကျော်သည် အမျိုးသမီးများဖြစ်သည့်အတွက် အမျိုးသမီးအင်အားစုကြီးသည် အလွန်ကြီးမားသော အမျိုးသားရေးအရင်းအမြစ်ဖြစ်ကြောင်း၊ မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ အခွင့်အရေးများ ရရှိခံစားခဲ့ကြရကြောင်း၊ မြန်မာအမျိုးသမီးများသည် မိမိ မိသားစု၊ မိမိလူ့အဖွဲ့အစည်း၊ မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက်လည်းကောင်း၊ နိုင်ငံနှင့် လူမျိုးအတွက် အရေးကြုံတိုင်းတွင်လည်းကောင်း အမျိုးသားများနှင့်မခြား ထူးချွန်ထက်မြက်စွာ စွမ်းဆောင်နိုင်ခဲ့ခြင်းများသည် မြန်မာအမျိုးသမီးဖြစ်ရခြင်းအတွက် ဂုဏ်ယူရမည့် အချက်များပင်ဖြစ်ကြောင်း။

ယနေ့ ကမ္ဘာ့အခြေအနေကို ကြည့်လျှင် မဟာအင်အားကြီးနိုင်ငံတစ်နိုင်ငံတည်းက လွှမ်းမိုးခြယ်လှယ်နေပြီး တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်ဖိအားပေးခြင်း၊ စီးပွားရေးအရ ဖိအားပေးခြင်း၊ မြူဆွယ်သိမ်းသွင်းခြင်း စသည့် နည်းမျိုးစုံဖြင့် ဩဇာထူထောင်နေသည့် ခေတ်သစ် ကိုလိုနီပုံစံတစ်ရပ် ကျင့်သုံးနေသော အချိန်အခါဖြစ်ကြောင်း၊ ခေတ်သစ်နယ်ချဲ့၏ ပရိယာယ်အမျိုးမျိုးကြောင့် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အင်အား ချို့တဲ့နည်းပါးသည့်သူများက နားယောင်ပြီး တိုင်းပြည်ပြိုကွဲအောင်၊ ကာကွယ်ရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေးအဘက်ဘက်မှ ယိုယွင်းကျဆင်းအောင်၊ ကိုယ့်အမျိုးကိုယ်ဖျက်မည့် ဟသ်ာကိုးသောင်းဇာတ်ခင်းရန် ကြံစည်နေချိန်တွင် ကြံ့ခိုင်သည့် ပြည်တွင်းအားတစ်ရပ်ကို ဖော်ဆောင်ရန်အတွက် မိမိတို့ အမျိုးသမီးရေးရာအဖွဲ့ကြီးသည် သမိုင်းရေးလိုအပ်ချက်အရ အချိန်အခါအခြေအနေနှင့် ကိုက်ညီမှန်ကန်စွာ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ကြောင်း။

မိမိတို့မြန်မာနိုင်ငံအား အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် အမျိုးသမီးများကိုနေရာပေး အလေးထားမှု၊ ကြင်နာစွာ ကူညီဖေးမရိုင်းပင်းစောင့်ရှောက်မှုများ ထူးထူးခြားခြား ဖြစ်ထွန်းနေသည့်နိုင်ငံဖြစ်သည်ကို အားလုံး သိရှိပြီးဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မြန်မာနိုင်ငံ၏ အမျိုးသမီးရေးရာနှင့်စပ်လျဉ်းပြီး လမ်းညွှန်မိန့်ကြားခဲ့ရာတွင် **"နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများ အကောင်အထည်ပေါ်အောင်၊ ခိုင်မြဲလာအောင် အမျိုးသမီးထုကြီးက ကျရာကဏ္ဍမှ ကြိုးပမ်းဆောင်ရွက်သွားရန်၊ အမျိုးသမီးအခွင့်အရေး၊ လူ့အခွင့်အရေးတို့ကို အသုံးချပြီး အမျိုးသမီးငယ်များကို လမ်းမှားသို့တွန်းပို့နေသော နယ်ချဲ့အလိုတော်ရိတို့၏ လှုံ့ဆော်ဖန်တီးမှုကို ဆန့်ကျင်တိုက်ဖျက်သွားကြရန်၊ မြန်မာအမျိုးသမီးများ၏ နူးညံ့ယဉ်ကျေးသည့်ဓလေ့စရိုက်၊ နက်ရှိုင်းတည်ငြိမ်သည့် အမူအကျင့်၊ နက်နဲသိမ်မွေ့သည့် အတွေးအခေါ်၊ အယူအဆ၊ အထိန်းအကွပ်ဖြင့် ဖြစ်ထွန်းလျက်ရှိသည့် အခွင့်အလမ်းများ ပုံမှန်ရှင်သန် လာအောင် ဝိုင်းဝန်း ကြိုးပမ်းကြရန်"** လမ်းညွှန်မိန့်ကြားထားခဲ့ကြောင်း။

ယင်းကြောင့်လည်း မြန်မာအမျိုးသမီးထု၏ ထက်မြက်သည့်စွမ်းဆောင်ရည်များ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာအမျိုးသမီးများကဏ္ဍ ကျစ်လျစ်ခိုင်မာစွာဖြစ်ပေါ်ရေး၊ အမျိုးသမီးများ၏ ဘဝလုံခြုံရေးတို့ကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ကို ၂၀၀၃-ခုနှစ် ဒီဇင်ဘာလ ၂၀ရက်နေ့တွင် စတင်ဖွဲ့စည်းဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ကိုဖွဲ့စည်းပြီးနောက် ပြည်နယ်/တိုင်း အမျိုးသမီးရေးရာအဖွဲ့ ၁၇ဖွဲ့ကို ဖွဲ့စည်းပေးပြီး ခရိုင်/မြို့နယ်/ရပ်ကွက်/ကျေးရွာအုပ်စု အမျိုးသမီးရေးရာ အဖွဲ့များအထိ အဆင့်ဆင့်ဖြန့်ကြက်ဖွဲ့စည်း ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် မြန်မာအမျိုးသမီးများ၏ ဘဝမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ရည်ရွယ်ချက်(၇)ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ယင်းရည်ရွယ်ချက်(၇)ရပ်ကို အကောင်အထည်ဖော်နိုင်ရန် အမျိုးသားရေးဆိုင်ရာအခြေခံမှု၊ တိုင်းရင်းသားရေးဆိုင်ရာအခြေခံမှု၊ လူမှုရေးဆိုင်ရာအခြေခံမှု၊ အမျိုးသမီးရေးရာ အခြေခံမှုများ ချမှတ်ဆောင်ရွက်နေကြောင်း။

ယခုကဲ့သို့ အကောင်အထည်ဖော်ရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စသည့် အခြားလူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်းပြီး အမျိုးသမီးကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့တွင် အမျိုးသမီးရေးရာအဖွဲ့ဝင်များအဖြစ် အသက် (၁၀) နှစ်ပြည့်ပြီးသည့် နိုင်ငံသားအမျိုးသမီးတိုင်း လူမျိုးမရွေး၊ ဘာသာမရွေး၊ ဇာတိမရွေး အဖွဲ့ဝင်အဖြစ် လျှောက်ထားနိုင်ပြီး လူမှုရေးကို စိတ်ပါဝင်စားသည့် အမျိုးသမီးတိုင်း အဖွဲ့ဝင်ဦးရေ ကန့်သတ်ချက်မရှိ မိမိစိတ်ဆန္ဒအလျောက် အဖွဲ့ဝင်အဖြစ်ပါဝင်နိုင်ခွင့်ရှိကြောင်း။

ယနေ့အချိန်တွင် နိုင်ငံတော်အစိုးရသည် နိုင်ငံ၏ နယ်မြေအစိတ်အပိုင်း ဒေသအားလုံး အကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှု၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသ (၂၄)ခု ဖွံ့ဖြိုးရေး၊ ကျေးလက်ဒေသများဖွံ့ဖြိုးရေး စီမံကိန်း များကို ဆက်စပ်အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိကြောင်း၊ ယင်းစီမံကိန်းများအားလုံး ဟန်ချက်ညီညီ ဖြစ်ထွန်းအောင်မြင်မှသာ ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

ပဲခူးတိုင်း (အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်နန်းခင်ညွှန့်နွယ် မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကားပြောကြားစဉ်။ (သတင်းစဉ်)

ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်ပေါ်ထွန်းလာစေရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အမျိုးသမီးအင်အားစုကြီးက တစ်တပ်တစ်အား ပါဝင်ကြိုးပမ်းကြရန် အထူးလိုအပ်ကြောင်း၊ ယင်းကဲ့သို့ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူများက ပြည်ထောင်စုကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ပြင်းစွာ ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်နေချိန်တွင် ပြည်ထောင်စု ပြိုကွဲစေရန် ခွဲထွက်ရေးလုပ်ရပ်များ၊ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မှုကို နောက်ပြန်ဆွဲရန် Force Labour ဆိုသည့် စွပ်စွဲချက်များ၊ တိုင်းပြည်စီးပွားရေး ချွတ်ခြုံကျစေရန် စီးပွားရေးပိတ်ဆို့မှုများ၊ တရားဥပဒေ စိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် လူ့အခွင့်အရေးဆိုသည့် သွေးထိုးလှုံ့ဆော်မှုများကို အသားထဲက လောက်များနှင့် အညီရှိရာအုံတတ်သည့် ယင်ကောင်များပမာ အဖျက်သမားများက ပြည်တွင်းပြည်ပ အပေးအယူလုပ်ပြီး နှောင့်ယှက်ဖျက်ဆီးနေကြသည်ကိုလည်း တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိပင်ဖြစ်ကြောင်း။

ပြည်တွင်းပြည်ပ အဖျက်အန္တရာယ်ကို ကြံ့ကြံ့ခံတွန်းလှန်အောင်မြင်ရန်အတွက် နိုင်ငံသား ကျား၊မ အားလုံး၏ စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်မှုသည် မရှိမဖြစ်လိုအပ်သည့် ကိုယ်ခံအင်အားပင်ဖြစ်သည်ဟု တင်ပြလိုကြောင်း၊ ထို့ကြောင့် မိမိတို့အဖွဲ့ဝင်များသည် စည်းလုံးညီညွတ်၍ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ခိုင်မာမြဲမြံသော အမျိုးကောင်းသမီးများအဖြစ် ကျင့်ကြံအားထုတ်ရင်း နိုင်ငံတော်အတွက် မောင်တစ်ထမ်း မယ်တစ်ရွက် ကြိုးပမ်းတည်ဆောက်ကာကွယ်သွားမည့် အင်အားစုကြီးဖြစ်သည်ဆိုခြင်းကို ဤနေရာမှနေပြီး ကတိပြုတင်ပြလိုက်ပါကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မွန်မြတ်မြင့်မားသော ရည်ရွယ်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရေးအတွက် ဇာတိမာန်ထက်သန်သည့် မြန်မာအမျိုးသမီးများ၊ ယဉ်ကျေးသိမ်မွေ့ပြီး ဘက်စုံထူးချွန်ထက်မြက်သော မြန်မာအမျိုးသမီးများ၏ မြင့်မားသော စွမ်းဆောင်ရည်ဖြင့် ပြည်သူတို့နှင့် လက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် မြန်မာအမျိုးသမီးအပေါင်းအား တိုက်တွန်းအပ်ပါကြောင်း။

နိဂုံးချုပ်အားဖြင့် မိမိတို့ မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးသည် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဦးဆောင်မှုအောက်တွင် နိုင်ငံနှင့်လူမျိုး အကျိုးစီးပွား တိုးတက်ဖြစ်ထွန်းရေးနှင့် မြန်မာအမျိုးသမီးများ၏ အခန်းကဏ္ဍအစဉ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မျိုးနွယ်ကို စောင့်ရှောက်ပြီး မှန်ကန်သောအသိ၊ မှန်ကန်သောခံယူချက်၊ မှန်ကန်သောရပ်တည်ချက်များဖြင့် နိုင်ငံတော်ကို တည်ဆောက်သူများ၊ စောင့်ရှောက်သူများ၊ ဖွံ့ဖြိုးတိုးတက်စေသူများဖြစ်အောင် ကြိုးပမ်းရွက်ဆောင်သွားကြပါစို့ဟု တိုက်တွန်းအပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်နန်းခင်ညွှန့်နွယ်က မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကားပြောကြားရာ၌ မြန်မာအမျိုးသမီးများသည် မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် ခေတ်ကာလအလျောက် ပေါ်ပေါက်ပြဋ္ဌာန်းခဲ့သောဥပဒေ၊ ထုံးတမ်းစဉ်လာများနှင့်အညီ အမျိုးသားများနှင့် တန်းတူအခွင့်အရေး ရရှိလာခဲ့ကြောင်း၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများအရ အမျိုးသမီးများသည် အမျိုးသားများ၏ ဦးဆောင်မှုနောက်၌ လိုက်ပါလာခဲ့ကြသည့် အလေ့အထများလည်း ဖြစ်တည်ခဲ့ကြကြောင်း။

"မောင်တစ်ထမ်း မယ်တစ်ရွက်"၊ "ဆင်ပြောင်ကြီးသွားရာ ဆင်မယဉ်သာ"...အစရှိသော မြန်မာ့ဆိုရိုးစကားများနှင့်အညီ ခင်ပွန်းသည်ကို အိမ်ထောင်ဦးစီး အရာ၌ထားပြီး ဇနီးသည်က အိမ်ထောင်ဖက်အနေဖြင့် ပံ့ပိုးကူညီသည့်နေရာမှနေကာ မိသားစုဘဝကို ဒိုးတူပေါင်ဖက် ဖွဲ့စည်းတည်ဆောက်လာခဲ့ကြခြင်းဖြစ်ကြောင်း။

ယင်းကဲ့သို့ အမျိုးသမီးများက အမျိုးသားများကို ဦးစားပေးကြပြီး ခင်ပွန်းသည်၏ရှေ့တွင် နေရာယူလေ့မရှိကြသည့် ကောင်းမြတ်သော မြန်မာ့ဓလေ့အစဉ်အလာကို မသိနားမလည်သူများက မြန်မာအမျိုးသမီးများကို အမျိုးသားများနှင့် တန်းတူအခွင့်အရေးမရကြဘူးဟု စွပ်စွဲပြစ်တင်မှုများ ပြုလုပ်လျက်ရှိနေခြင်းသည် မိမိတို့ မြန်မာနိုင်ငံကို တမင်သက်သက် အပြစ်ရှာအပုပ်ချနေခြင်းသာဖြစ်သည်ဟု ပြောကြားလိုကြောင်း။

မြန်မာလူ့ဘောင်အဖွဲ့အစည်းတွင် အိမ်ထောင်ဦးစီးဖြစ်သူ ခင်ပွန်းသည်နှင့် အိမ်ထောင်ဖက်ဖြစ်သူ ဇနီးတို့ပေါင်းစည်းဖြစ်တည်နေမှုသည် ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာမှတစ်ဆင့် ဖြစ်ထွန်းလာပြီး ဘိုးစဉ်ဘောင်ဆက် ထိန်းသိမ်းလာခဲ့ကြသည့် မြန်မာ့ရိုးရာ ဓလေ့အစဉ်အလာပင်ဖြစ်ကြောင်း။

ထိုကဲ့သို့ မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် မြန်မာအမျိုးသမီးများသည် အခွင့်အရေးဆုံးရှုံးမှု မရှိခဲ့ကြသည့်အလျောက် ထွန်းပေါက်အောင်မြင်သော အမျိုးသမီးစွမ်းဆောင်ရှင်များစွာ ပေါ်ထွန်းလာခဲ့ကြသကဲ့သို့ မိမိတို့နှင့်ဆိုင်ရာဆိုင်ရာကဏ္ဍများအလိုက် တာဝန်ကျေပွန်စွာ စွမ်းဆောင်နိုင်ခဲ့ကြသည့် အစဉ်အလာများလည်း ရှိခဲ့ကြောင်း။

ယနေ့ထက်တိုင် မြန်မာအမျိုးသမီးများသည် ထိုက်တန်သည့်နေရာများတွင် ရှိနေကြသကဲ့သို့ အမျိုးသားများကလည်း ထိုက်သင့်သောနေရာကိုပေးပြီး အလေးထားဆက်ဆံခဲ့ကြသည့်အတွက် ယခုဆိုလျှင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်၊ မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်

စာမျက်နှာ ၄ ကော်လံ ၁ သို့ ➪

လူပွဲစားများ၏စည်းရုံးသိမ်းသွင်းမှုမခံရအောင် လက်ဆင့်ကမ်းအသိပညာပေး လူပွဲစားများကိုတွေ့ခဲ့လျှင်ချက်ချင်းသတင်းပေး ဝိုင်းဝန်းဖော်ထုတ်

➪ စာမျက်နှာ ၃ မှ

ရှင်များအသင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း အမျိုးသမီးဆရာဝန်များအဖွဲ့ စသော အမျိုးသမီးများဦးဆောင်ပြီး အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လှုပ်ရှားဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများ များစွာပေါ်ထွန်းနေသည်ကို တွေ့မြင်နိုင်ကြောင်း။

ယင်းကဲ့သို့ အမျိုးသမီးများဦးဆောင်လျက် အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းထားသည့်အမျိုးသမီးဆိုင်ရာ အဖွဲ့အစည်းများသည် အမျိုးသမီးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးများရသင့်ရထိုက်သည့် အခွင့်အရေးများရရှိရေး၊ အမျိုးသမီးများအကြမ်းဖက်မှုမခံရရေး၊ လူကုန်ကူးမှုမခံရရေးတို့အတွက် ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သည့် လုပ်ငန်းတာဝန်အဝဝကို စေတနာ့ဝန်ထမ်း ထမ်းဆောင်နေကြပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် လူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်းကို အမျိုးသားရေးလုပ်ငန်းစဉ်အရ ဆောင်ရွက်လျက်ရှိပြီး တရားစွဲဆိုခြင်း၊ အကာအကွယ်ပေးခြင်း၊ တားဆီးကာကွယ်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း။

ထို့အပြင် လူကုန်ကူးမှုတိုက်ဖျက်ရေးကော်မတီ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့နှင့် လူကုန်ကူးမှုတားဆီးရေး၊ ဥပဒေရေးဆွဲရေးကော်မတီတို့ကို ဖွဲ့စည်းထားရှိဆောင်ရွက်နေကြောင်း။

မိမိတို့မြန်မာနိုင်ငံအနေဖြင့် ၂၀၀၂ ခုနှစ်ကနေ ၂၀၀၄ ခုနှစ်အတွင်း အမှုပေါင်း ၄၀၀ ကို စစ်ဆေးဖော်ထုတ်နိုင်ခဲ့ကြောင်း၊ ယင်းအမှုနှင့်ပတ်သက်သော လူ ၅၀၀ ကိုလည်း ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရန် အကူအညီပေးနိုင်ခဲ့ကြောင်း၊ အမျိုးသမီးငယ်ပေါင်း၂၀၀၀ကျော်ကိုလည်း အချိန်မီကယ်တင်ပေးနိုင်ခဲ့ကြောင်း၊ လူကုန်ကူးမှုနှင့်ပတ်သက်ပြီး အန္တရာယ်များကိုသိရှိစေရန် လူဦးရေ ခုနစ်သိန်းကျော်ကို ပညာပေးနိုင်ခဲ့ပြီး လူဦးရေ ၁၇၀၀ကျော်ကို နေရပ်သို့ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း။

မိမိတို့ ပဲခူးတိုင်း (အနောက်ပိုင်း) အနေဖြင့် နယ်စပ်ဒေသမဟုတ်သည့်အတွက်လူကုန်ကူးမှု ပြောပလောက်အောင်မရှိသော်လည်း မြန်မာနိုင်ငံအနေဖြင့်ခြုံကြည့်လျှင် နယ်စပ်ဒေသများတွင်လက်ချင်းယှက်တားဆီးထား၍ မရနိုင်သည့်အတွက် ယခုကဲ့သို့လမ်းမှားရောက်လုဆဲဆဲ အမျိုးသမီးငယ်လေးများအား NGO များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အချိန်မီကယ်တင်နိုင်ခဲ့ပြီး မိဘရပ်ထံအပ်နှံပေးနိုင်ခဲ့ကြောင်း။

လူကုန်ကူးမှုဖြစ်ပွားရသည့် အကြောင်းများကို ဆန်းစစ်ကြည့်လျှင် မိမိတို့မြန်မာအမျိုးသမီးအချို့သည်ရိုးသားကြခြင်း၊ ယုံလွယ်ကြခြင်း၊ဗဟုသုတနည်းခြင်း၊စီးပွားရေးချို့တဲ့သည့်အတွက် ချမ်းချမ်းသာသာနေလိုသည့်ဆန္ဒများရှိခြင်းတို့ကြောင့် ၎င်းကိုအခွင့်ကောင်းယူသည့်လူပွဲစားများ၏စက်ရုံအလုပ်ရုံများ အလုပ်အကိုင်ကောင်းများရမည်၊ ငွေများများရမည်၊ ချမ်းချမ်းသာသာနေရမည် စသည့် စည်းရုံးသိမ်းသွင်းဖြားယောင်းမှုများနောက်ကိုယုံမှားပြီးပါသွားတတ်ကြကြောင်း။

ရိုးသားဖြူစင်သော မြန်မာမိန်းကလေးများကို ဆင်းရဲကျပ်တည်းစေပြီး လမ်းမှားရောက်အောင် ဖန်တီးတွန်းပို့နေသူများမှာ ၎င်းတို့အာဏာမရမချင်းမြန်မာနိုင်ငံကို စီးပွားရေးပိတ်ဆို့ထားပါ၊ ဒီမိုကရေစီရမှ မြန်မာပြည်မှာရင်းနှီးမြှုပ်နှံကြပါ၊ဒီမိုကရေစီရမှ ကမ္ဘာလှည့်ခရီးသည်တွေလာကြပါ စသည်ဖြင့် အာဏာလောဘကြီးလွန်းသူတို့၏ အတ္တလွန်ကဲစွာ တောင်းဆိုမှုနှင့်အတိုင်အဖောက်ညီစွာ ပြည်ပမှ ထောက်ကူပံ့ပိုးပေးနေသည့် ဆရာကြီးများပင် ဖြစ်ကြောင်း။

အမေရိကန်အစိုးရက မြန်မာနိုင်ငံအပေါ် Trade Sanction ချမှတ်မှုကြောင့် အထည်အလိပ်လုပ်ငန်း စက်ရုံပေါင်း ၁၆၀ကျော်ပိတ်ခဲ့ရပြီး စက်ရုံပေါင်း ၄၀မှာ လုပ်သားအင်အားများ လျှော့ချခဲ့ရသည်မှာ အထင်အရှားဆုံး သာဓကတစ်ခုဖြစ်ကြောင်း၊ အလုပ်လက်မဲ့ဖြစ်ခဲ့ရသော လုပ်သားအင်အားရှစ်သောင်းကျော်တွင် အမျိုးသမီးအများဆုံး ပါဝင်ကြောင်း၊ ၎င်းတို့ကိုမှီခိုနေရသည့် မိသားစု လေးသိန်းကျော်လည်းထိခိုက်နစ်နာခဲ့ရကြောင်း၊ ပြည်သူများမလိုလားသည့် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ဖျက်သိမ်းပြီး ဈေးကွက်စီးပွားရေးစနစ်ကို ထိန်းကျောင်းဖန်တီးပေးနေသော တပ်မတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ပေးမှုများကြောင့် ဝမ်းဝခါးလှခဲ့ရသည့် မိမိတို့ မြန်မာပြည်သူအမျိုးကောင်းသမီးလေးများသည် အမျိုးသားသစ္စာဖောက်များနှင့် ပြည်ပမှ ဆရာကြီးများ၏လုပ်ရပ်ကြောင့် အတိဒုက္ခရောက်ခဲ့ကြရကြောင်း၊ ဆင်းရဲကျပ်တည်းမှုကြောင့် လမ်းမှားကိုလိုက်မိတော့မည့်ဆဲဆဲအမျိုးသမီးလေးများကို နည်းမျိုးစုံဖြင့် စောင့်ရှောက်ကယ်တင်ပေးနေသည်မှာ နိုင်ငံတော်အစိုးရနှင့် မိမိတို့၏ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးပင်ဖြစ်ကြောင်း။

အာဏာလောဘဖြင့် အလုံးစုံပျက်စီးရေးကိုရှေးရှုပြီး စီးပွားရေးပိတ်ဆို့မှုကို တောင်းဆိုနေသူများကြောင့် တကယ်တမ်းဒုက္ခရောက်ခဲ့ရသည်မှာ မိမိတို့ အမျိုးကောင်းသမီးလေးများဖြစ်ကြောင်း၊ ရေတိမ်မနစ်ရအောင် နိုင်ငံတော်နှင့် နိုင်ငံ့သားကောင်း၊သမီးကောင်းပီသသူများကသာစောင့်ရှောက်ကယ်တင်ခဲ့ရခြင်း ဖြစ်ကြောင်း၊ စီးပွားရေးပိတ်ဆို့မှုကို တောင်းဆိုခဲ့သည့် အမျိုးသမီးကိုယ်တိုင်ကတော့ ၁၉၈၈ခုနှစ်မှစပြီး ယနေ့အထိကာလအတွင်း ပြည်ပဆရာကြီးများ ချီးမြှောက်သည့် ဘွဲ့ထူးဂုဏ်ထူး ၇၇ခုကိုမြိန်မြိန်ကြီးလက်ခံပြီး ဒေါ်လာ ကုဋေကြွယ်သူဌေးမကြီးဖြစ်နေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ မိမိတို့မြန်မာအမျိုးသမီးများကို ပန်းကောင်းအညွန့်ကျိုးဖြစ်အောင် လုပ်ဆောင်နိုင်မှု၊ မြန်မာပြည်သူတစ်ရပ်လုံး ဆင်းရဲကျပ်တည်းပြီး အောက်ကျနောက်ကျဖြစ်အောင် ဖန်တီးနိုင်မှု၊ တိုင်းပြည်ပြိုကွဲအောင်လှုံ့ဆော်နိုင်မှုစသည့် ပြောင်မြောက်သောရင်း၏ လုပ်ရပ်များကြောင့် မြှောက်စားချီးမြှင့်ခြင်းခံရသည့် ဘွဲ့ထူးဂုဏ်ထူးများပင်ဖြစ်ကြောင်း။

အိမ်ထဲတွင်ထိုင်နေရင်း တစ်နှစ်ကို လေး၊ငါးခုလောက်မှန်မှန်ရနေသည့် ဘွဲ့ထူးဂုဏ်ထူး ၇၇ခုအနက် ၃၅ခုသည် ငွေသားဆုများဖြစ်ကြောင်း၊ မြန်မာအမျိုးသမီးများ ဘဝပျက်အောင် လုပ်နိုင်၍ အသိအမှတ်ပြုချီးမြှင့်ခြင်းခံရသည့် ကုဋေပေါင်းများစွာသော ဒေါ်လာငွေများထဲမှ တစ်ပြားတစ်ချပ်သော ဒေါ်လာငွေစကလေးကို ဘဝပျက်သွားသည့် မြန်မာအမျိုးသမီးများနှင့် ဆင်းရဲကျပ်တည်းနေသော အလုပ်ပြုတ်ဝန်ထမ်းမိသားစု လေးသိန်းအတွက် အသုံးပြုခဲ့ဖူးပါသလားဟု မိမိကမေးခွန်းထုတ်လိုက်ပါကြောင်း။

မြန်မာလူထုကောင်းစားရေးကို လိုလားပါသည်ဆိုသည့် အမျိုးသမီးကြီးသည် ၎င်းရရှိလာသောဒေါ်လာငွေများကို မြန်မာနိုင်ငံဘဏ်တွင် အပ်နှံထားပါသလား၊ နိုင်ငံခြားမှာရှိသည့် ဆွေတော်မျိုးတော်များအလိုရှိရာသုံးစွဲရန်အလို့ငှာ နိုင်ငံရပ်ခြားဘဏ်များ၌သာ အပ်နှံထားပါသလားဆိုသည်ကို ဖြေကြားပေးရန်ထပ်ဆင့်မေးခွန်းထုတ်လိုက်ပါကြောင်း။

နိုင်ငံတော်အစိုးရက သဘောထားကြီးကြီးထားပြီး တူညီသည်များပူးပေါင်းလုပ်ကြမည်၊ မတူသည်များကို ယုံကြည်မှုအပေါ်အခြေခံ၍ ဆက်လက်ဆွေးနွေးပြီး တိုင်းပြည်ကိုပူးပေါင်း တည်ဆောက်သွားကြမည်ဆိုသည့် စေတနာအရင်းခံဖြင့် အခွင့်အရေးပေးလေတိုင်း ဆူပူမှုကို ဖန်တီး၊ အစိုးရအပေါ်အကျပ်အတည်းဖြစ်အောင်လုပ်၊ မင်းမဲ့အုပ်စုတွေတိုးပွားလာမှ တည်ဆဲအစိုးရပြုတ်ကျပြီး ရာဇပလ္လင်မှာအသင့်ဝင်ထိုင်ချင်သည့် ဉာဉ်ဆိုး၊လုပ်ရပ်ဆိုးများကြောင့် မိမိတို့မြန်မာအမျိုးသမီးများအပါအဝင် ပြည်သူများခါးသီးသည့်ဒုက္ခများကို အကြိမ်ကြိမ် ခံစားနေကြရပြီဖြစ်သည့်အတွက် ယင်းအမျိုးသမီးကြီး၏ ဘဝရှေ့ရေးသည်လည်း တူသောအကျိုးပေးသည်ဆိုသည့်အတိုင်း ဒီအတိုင်းပဲကောင်းပါတယ်ဟု နိုင်ငံတော်ကိုတင်ပြလိုပါကြောင်း။

လူကုန်ကူးမှုသည် မြန်မာပြည်တွင်သာမက ကမ္ဘာတစ်ဝန်းလုံးတွင်ရှိသည့် အမျိုးသမီးငယ်များနှင့် ကလေးသူငယ်များ၏ ဘဝလုံခြုံမှုကို ခြိမ်းခြောက်လျက်ရှိကြောင်း။

အိမ်နီးချင်းနိုင်ငံအချို့သို့ ပြည့်တန်ဆာအဖြစ် ရောင်းစားခံရသည့်အချို့မြန်မာအမျိုးသမီးလေးများသည် ပြတင်းပေါက်များဖြင့် အသေပိတ်ထားသည့်အခန်းများတွင် သော့ခတ်ခံထားရပြီး လူသတ်သမားဓားပြဂိုဏ်းသားများက စောင့်ကြပ်နေသည့်အတွက် ထွက်ပြေးလွတ်မြောက်နိုင်ခြင်းမရှိဘဲ လူယုတ်မာများ၏ အသုံးချခြင်းကိုလည်းခံခဲ့ရပါကြောင်း။

အိမ်ဖော်အဖြစ် လုပ်ကိုင်သောမိန်းကလေးငယ်တစ်ဦးကို အိမ်ရှင်၏ပစ္စည်းများ ခိုးယူတယ်ဆိုသည့်အကြောင်းပြချက်ဖြင့် ဓာတ်ဆီလောင်းပြီးအရှင်လတ်လတ်မီးရှို့ အသတ်ခံရသည့် မြန်မာမလေး'မစု'၏ လက်တွေ့ဖြစ်ရပ်မှန်များလည်း ရှိခဲ့ကြောင်း။

လူကုန်ကူးခြင်းခံရသူများသည် တရားမဝင်နေထိုင်ရသည့်အတွက် လုပ်ငန်းရှင်အလိုကျကို လုပ်ပေးကြရကြောင်း၊ လုပ်ခကျတော့လည်း အပြည့်အဝမရကြကြောင်း၊ သဘောမတွေ့ပါကအကြောင်းအမျိုးမျိုးပြတရားစွဲဆိုပြီး ထောင်ချတတ်ကြောင်း၊ အမျိုးသမီးလေးများကို ပန်းကောင်းအညွန့်ချိုးပြီး သက်ဆိုင်ရာစက်ရုံသို့ ပြန်ပို့ပေးခြင်း၊ တစ်ခါတစ်ရံတွင် ပြည့်တန်ဆာခေါင်းထံသို့ ရောင်းချခြင်းကိုလည်းခံခဲ့ရပါကြောင်း။

အမျိုးသမီးငယ်လေးများ၏ စိတ်ကူးယဉ်အိပ်မက်နှင့် လက်တွေ့ခံစားရမှုများသည် လူပွဲစားများပြောသကဲ့သို့မဟုတ်ဘဲ ဆင်းရဲတွင်းထဲရောက်ခဲ့ရပါကြောင်း၊ တချို့မိန်းကလေးများသည် အသက်နှင့်ရင်းပြီး မိမိနိုင်ငံကို အရောက်ပြန်သော်လည်း လမ်းခရီးတွင်မိသွား၍ အသက်ဆုံးရှုံးသည့်သူများရှိသကဲ့သို့ ကံကောင်းလွန်း၍ အသက်မသေဘဲ မိမိနိုင်ငံကို ပြန်လည်ရောက်ရှိသော်လည်း လူတောမတိုးဝင်နိုင်လောက်သည့် AIDS ဟုခေါ်သည့် ရောဂါဆိုးကြီးက ၎င်းတို့ကိုယ်တွင်ပါလာပြီဖြစ်ကြောင်း၊ မကြာမီမှာပင် ယင်းရောဂါဆိုးဖြင့် ဘဝနိဂုံးချုပ်ခဲ့ရသည့် မိန်းကလေးများလည်း ရှိခဲ့ပါကြောင်း။

ထို့ကြောင့်မိမိတို့မြန်မာအမျိုးသမီးများအနေဖြင့် လူကုန်ကူးခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် တားဆီးကာကွယ်ရန်လိုအပ်ကြောင်း၊ လူပွဲစားများ၏ စည်းရုံးသိမ်းသွင်းမှုကိုမခံရအောင် မိမိနှင့်နီးစပ်သော မိန်းကလေးများကို ယင်းအကြောင်းအရာများနှင့် ပတ်သက်ပြီးယခုတက်ရောက်လာကြသည့် အမျိုးသမီးထုကြီးက လက်ဆင့်ကမ်းအသိပညာပေးရန် လိုအပ်ကြောင်း။

ပဲခူးတိုင်း(အနောက်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့နှင့် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ခင်ဆွေဦး မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကားပြောကြားစဉ်။
(သတင်းစဉ်)

လူပွဲစားများကိုတွေ့ခဲ့လျှင်လည်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် အာဏာပိုင်အဖွဲ့ အစည်းအဆင့်ဆင့်ကို လျှို့ဝှက်စွာချက်ချင်း သတင်းပေးပြီး ဝိုင်းဝန်းဖော်ထုတ်ရန်ဖြစ်ကြောင်း၊ ထို့အပြင် အထိရောက်ဆုံးဖြစ်သော ပညာပေးခြင်း၊ သတင်းပေးခြင်း၊ ပိုစတာ၊ ကာတွန်း၊ စာစီစာကုံးပြိုင်ပွဲများကို ကျောင်းသားလူငယ်ထုအတွင်း ပိုမိုကျင်းပပေးခြင်းအားဖြင့် လူကုန်ကူးမှုအန္တရာယ်ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိလာနိုင်မည်ဖြစ်ကြောင်း။

ထို့ကြောင့်–

*** ဆယ်ကျော်သက်ငယ်တို့**
နယ်ကျော်ကာထွက်လေက
မဖွယ်မလျော်ရာတွေ ခက်ကြမယ်
ရှက်စရာပါကွယ်.....

*** မိဘရဲ့အရိပ်မှာနေ**
မိတ်သဟာတွေ
အခြေကျ အနေမျှတာမို့
ဆွေအလှတွေနဲ့
မသွေပ ဂုဏ်ထည်။

*** မြန်မာပီသလျှင်ကွယ်**
ဗီဇခင်ကွယ်
အတွေးမဖောက်စေစေချင်ဘု
ဘေးရောက်ကာ အန္တရာယ်ကြုံမှ
မှန်တယ်ယုံ၊ နောင်မတလာနှင့်
ရှောင်ကြပါဦး.....

ဆိုသည့် ကျော်ကျော်ဦး(လယ်ဝေး)၏ **"အေးမြသန့်စင်အမိရင်ခွင်"** ကဗျာလေးဖြင့် ဆယ်ကျော်သက်များအား အသိပေးနှိုးဆော်လိုက်ပါကြောင်း။

ယနေ့ကမ္ဘာတွင် Information & Technology ဟုခေါ်သော IT နည်းပညာများ တိုးတက်ထွန်းကားလာသည်နှင့်အမျှ ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပေါ်တိုးတက်နေသည့် အကြောင်းအရာများကို Internet ကနေ တစ်ဆင့်တွေ့မြင်နေကြရပြီဖြစ်ကြောင်း၊ ထို့ကြောင့် အနောက်တိုင်းယဉ်ကျေးမှုများသည် IT နည်းပညာမှတစ်ဆင့် မိမိတို့မြန်မာပြည်ထဲကို အတားအဆီးမရှိ ဝင်ရောက်လာကြောင်း၊ အဆိုပါအနောက်တိုင်းယဉ်ကျေးမှုများသည် ဝတ်စားဆင်ယင်မှုမှအစ ပြောဆိုနေထိုင်မှုအဆုံး မြန်မာ့ဓလေ့စရိုက်၊ ယဉ်ကျေးမှုအစဉ်အလာနှင့် ဖီလာဆန့်ကျင်နေကြောင်း။

မျိုးဆက်သစ်လူငယ်ဆိုသည်မှာ အပြုသဘော၊ အကောင်းသဘောကိုသာ လိုလားတတ်သည့် သဘာဝရှိကြောင်း၊ အလားတူ လူငယ်များပီပီ အတုမြင်အတတ်သင်တတ်သော သဘာဝလည်းရှိသည့်အတွက်ကြောင့် ယင်းမျိုးဆက်သစ်လူငယ်များအတွက် ကောင်းမြတ်သော ပတ်ဝန်းကျင်ကို ဖန်တီးပေးရန် တာဝန်ရှိကြောင်း၊ အကောင်းနှင့်အဆိုး ယှဉ်တွဲပြရာတွင် လူငယ်များကို အကောင်းဘက်ပါလာအောင်၊ တိုင်းပြည်အတွက်အကျိုးပြုနိုင်မည့် သဘောရောက်အောင် လမ်းညွှန်ပြသနိုင်ပါမှ တိုင်းပြည်ကိုအကျိုးပြုသည့် အနာဂတ်အတွက် တန်ဖိုးရှိသောပုဂ္ဂိုလ်များပေါ်ထွန်းလာမည်ဖြစ်ကြောင်း။

ထို့ကြောင့် မြန်မာအမျိုးသမီးငယ်ရွယ်များအကြား မိမိတိုင်းပြည်၊ မိမိလူမျိုး၊ မိမိတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက် အစဉ်အလာများကို မြတ်နိုးလေးစား ထိန်းသိမ်းမြှင့်တင်တတ်သော အလေ့အထနှင့် ခံယူချက်ဖြစ်ပေါ်လာအောင်၊ မျိုးချစ်စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်များ အမြဲမပြတ်ရှင်သန်ထွန်းကား ပြန့်ပွားနေစေရအောင် စည်းရုံးဦးဆောင်ပညာပေးထိန်းသိမ်းသွားကြရမည်ဖြစ်ကြောင်း။

ထို့အပြင် ဝတ်စားဆင်ယင်မှု၊ နိစ္စဓူဝကျင့်ကြံနေထိုင်ပြောဆိုမှုများမှအစ မိမိတို့၏ရိုးရာယဉ်ကျေးမှုနှင့် ဆန့်ကျင်ဖီလာဖြစ်နေသော တိုင်းတစ်ပါးဓလေ့စရိုက်ကို အထင်ကြီးအတုယူမှုများ မဖြစ်ပေါ်စေဘဲ မိမိတို့၏ နူးညံ့ယဉ်ကျေးသိမ်မွေ့သော၊ ဟိရိဩတ္တပ္ပတရားကိုအခြေခံသော၊ ဝတ်စားဆင်ယင်ပြောဆိုနေထိုင်မှုများ၊ ဝံသာနုရက္ခိတတရားများထွန်းကားပြန့်ပွားအောင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ပေါ်ထွန်းစေရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် (Road Map) ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မြန်မာအမျိုးသမီးထုကြီး၏ မြင့်မားသောစွမ်းဆောင်ရည်ဖြင့် တက်ညီလက်ညီ ပါဝင်ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မွန်မြတ်မြင့်မားသော ရည်ရွယ်ချက်များ အောင်မြင်ဖြစ်ထွန်းရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ပေါ်ထွန်းလာရေး ရှေးရှုဦးတည်ပြီး အတွေးသစ်၊ အမြင်သစ်များဖြင့် မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံး စည်းလုံးညီညွတ်စွာ ပါဝင်ပူးပေါင်း ကြိုးပမ်းဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပဲခူးတိုင်း(အနောက်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့ လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့နှင့် တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ခင်ဆွေဦးက မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကားပြောကြားရာ၌ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့သည်မိမိတို့မြန်မာနိုင်ငံအတွင်းမှီတင်းနေထိုင်ကြသောတိုင်းရင်းသားမျိုးနွယ်စုများအချင်းချင်းချစ်ခင်လေးစားရေးနှင့် စည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်း၊ ရိုးရာယဉ်ကျေးမှုများကိုအပြန်အလှန် လေ့လာသိရှိလေးစားရေးနှင့်ရှင်သန်ပြန့်ပွားရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ မိမိတို့တိုင်းရင်းသားများ လူမျိုးတစ်မျိုးနှင့် တစ်မျိုး၊ တစ်ဦးနှင့်တစ်ဦး၊ ပေါင်းစည်းယှက်နွယ်နေထိုင်ကြရာတွင် ကျဉ်းမြောင်းသော လူမျိုးရေးစိတ်ဓာတ် လုံးဝကင်းရှင်းပြီး ခြံဝန်းကြီးတစ်ခုအတွင်း ညီအစ်ကိုမောင်နှမများ သိုက်သိုက်ဝန်းဝန်း အေးအေးချမ်းချမ်း အကျိုးတူပူးပေါင်းနေထိုင်ကြသကဲ့သို့ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဉမကွဲသိုက်မပျက်နေထိုင်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ သမိုင်းစဉ်တစ်လျှောက် ပဒေသရာဇ်အချင်းချင်းအင်အားပြိုင်မှုများကြောင့် အချင်းဖြစ်ပွားရမှုများ၊ တိုင်းရင်းသားများအတွင်း ကိုလိုနီနယ်ချဲ့တို့၏ သပ်လျှိုမှုများကြောင့် အချင်းဖြစ်ပွားရမှုများသည် အခိုက်အတန့်မျှသာဖြစ်ပြီး ယနေ့ ကမ္ဘာ့ဒေသအချို့၌ ဖြစ်ပွားနေသော လူမျိုးအချင်းချင်း တစ်ဦးနှင့်တစ်ဦးရန်လိုမုန်းတီးပြီး အငြိုးအတေးထားကာ မျိုးဖြုတ်သတ်ဖြတ်သုတ်သင်ခြင်းမျိုး အလျှင်းမရှိခဲ့ခြင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ထူးခြားသော ဝိသေသလက္ခဏာတစ်ရပ်ဖြစ်၍ အထူးတန်ဖိုးထားပြီး ဆက်လက်ထိန်းသိမ်းသွားကြရန်လိုအပ်ကြောင်း။

ကမ္ဘာတွင်ကိုလိုနီနယ်ချဲ့စနစ်ကြီးထွားသော (၁၉)ရာစုနှောင်းပိုင်းကာလများတွင် ကိုလိုနီနယ်ချဲ့နိုင်ငံ များအနေဖြင့် မြန်မာနိုင်ငံ၏ မြေပေါ်မြေအောက် သယံဇာတပစ္စည်းပေါကြွယ်ဝမှုကိုသိရှိကြပြီး အုပ်ချုပ်သည့် ပဒေသရာဇ်များအတွင်း သွေးကွဲအောင်ဖန်တီးကာ လက်နက်အားကိုးဖြင့် မြန်မာနိုင်ငံကိုသိမ်းပိုက်ခဲ့ကြောင်း၊ နယ်ချဲ့တို့က ပြည်ထောင်စုမြန်မာတိုင်းရင်းသားများသည် သွေးချင်းသားချင်းများ ဖြစ်ကြပြီး တစ်မြေတည်းနေ တစ်ရေတည်းသောက် မရှိအတူ၊ ရှိအတူ၊ အေးအတူ၊ ပူအမျှ နေထိုင်ကြခြင်း၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ကြခြင်းကို ကိုယ်တွေ့သိထားသည့်အလျောက် မြန်မာနိုင်ငံကို ရေရှည်ကျွန်ပြုအုပ်ချုပ်နိုင်ရန်အတွက် ပြည်ထောင်စုစိတ်ဓာတ်၏ အခြေခံအုတ်မြစ်ဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပျက်ပြားအောင်အစီအစဉ်တကျသပ်လျှိုသွေးခွဲခဲ့ကြောင်း။

ကိုလိုနီနယ်ချဲ့က ၎င်းတို့၏ နာမည်ဆိုးဖြင့် ကျော်ကြားသည့် သွေးခွဲအုပ်ချုပ်ရေးစနစ် (Divide and Rule Policy) ကိုသုံးပြီး နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ လူမှုရေး၊ လူမျိုးရေး မျက်နှာစာပေါင်းစုံတွင် နည်းလမ်းမျိုးစုံဖြင့် သွေးခွဲခဲ့ကြသည့်အတွက် တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား တစ်ဦးနှင့်တစ်ဦး အထင်အမြင်လွဲမှား သံသယပွားခဲ့ကြောင်း၊ သို့ရာတွင် နိုင်ငံရေးအသိအမြင် နိုးကြားတက်ကြွပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှုအင်အားကို သဘောပေါက်သော တိုင်းရင်းသားခေါင်းဆောင်ကြီးများက အချုပ်အခြာအာဏာပိုင်လွတ်လပ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံထူထောင်ရန် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို မဖြစ်မနေ ပြန်လည်တည်ဆောက်ခဲ့သည့်အတွက် မြန်မာတစ်နိုင်ငံလုံး မည်သည့်ပြည်နယ်၊မည်သည့်တောင်တန်း၊ မည်သည့်ဒေသမှ ကြွင်းကျန်ခြင်းမရှိဘဲလွတ်လပ်သောအချုပ်အခြာအာဏာပိုင်ပြည်ထောင်စုကြီးအဖြစ် ပြန်လည်ရရှိခဲ့ကြောင်း။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍

ပြည်ထောင်စု မပြိုကွဲရေးအတွက် နိုင်ငံတော်၏ အပိုင်းအခြားဟူသမျှ နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲမထွက်ရဆိုသည့် အခြေခံမှုကို မြဲမြံစွာပြဋ္ဌာန်းကျင့်သုံးသင့်

❍ စာမျက်နှာ ၄ မှ

ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ တည်တံ့ပြီး အချုပ်အခြာအာဏာ ရေရှည်တည်တံ့ခိုင်မြဲရန်အတွက် အမျိုးသားရေးမူဝါဒအဖြစ် နိုင်ငံတော်ကချမှတ်ထားသော ဒို့တာဝန်အရေး(၃)ပါးဖြစ်သည့် **“ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး”**တို့ကို လက်ကိုင်ထား၍ ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရ၏ မှန်ကန်သည့်သဘောထား၊ တိုင်းရင်းသားများအပေါ် ထားရှိသော ဖြူစင်သည့်စေတနာ၊ ပီပြင်သောလုပ်ရပ်၊ တိုင်းရင်းသားအဖွဲ့အစည်းများ၏ ကြည်လင်သောအမြင်၊ ရိုးဖြောင့်သည့် ဦးတည်ချက်များ ပေါင်းစုံမိသောအခါ လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့များ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာခြင်းကို တွေ့ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ အစွန်အဖျား နယ်စပ်ဒေသများသည် ဝေးလံခေါင်းပါးပြီး တည်ငြိမ်အေးချမ်းမှုမရှိဘဲ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အဘက်ဘက်မှ နိမ့်ကျနေသည့်အတွက် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဦးဆောင်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဖွဲ့စည်းပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးမှုနောက်ကျနေသည့် အခြေအနေကို ကုစားရာ၌ တိုက်ရိုက်အကျိုးသက်ရောက်စေသော လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ၊ လျှပ်စစ်စွမ်းအားလုပ်ငန်းနှင့် စီးပွားရေးအထောက်အကူဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သတ္တုရှာဖွေရေး စသည့် လုပ်ငန်းများကို လုပ်ဆောင်စေခြင်းဖြင့် နယ်စပ်ဒေသနေ တိုင်းရင်းသား ပြည်သူများ၏ အခြေခံလိုအပ်ချက်များ ပြည့်ဝအောင် ဖြည့်ဆည်းပေးလျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ နိုင်ငံတော် တစည်းတလုံးတည်း စုစည်းညီညွတ် ခိုင်မာရေးတို့အတွက် နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားသော လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော် တစ်နံတစ်လျား တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် သံသယများ ပြေပျောက်ကာ တူညီသောခံစားချက်၊ တူညီသော အတွေးအမြင်၊ တူညီသောယုံကြည်ချက်၊ ခံယူချက်တို့ကို မည်သည့်ခေတ် မည်သည့်ကာလနှင့်မျှမတူအောင် တည်ဆောက်ထားနိုင်ခဲ့ပြီးဖြစ်ကြောင်း။

တစ်ဖက်ကလည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး စည်းလုံးညီညွတ်ပြီး အင်အားတောင့်တင်း ကျစ်လျစ်ခိုင်မာကာ ဖွံ့ဖြိုးတိုးတက်လာမည်ကို မလိုလားသော ခေတ်သစ်နယ်ချဲ့သမားနှင့် အမေကျော် ဒွေးတော်လွမ်းသူများက နိုင်ငံတော်ဖြိုခွဲရေးအကြံအစည်များ၊ လုပ်ဆောင်ချက်များဖြင့် အမြဲတစေ အကွက်ချောင်းနေကြသည်ကို အမြဲသတိပြုရန် လိုအပ်ကြောင်း။

အားလုံးသိကြသည့်အတိုင်းပင် ၁၈-၄-၂၀၀၅ ရက်နေ့တွင် အင်တာနက်မှနေပြီး ပြည်ပြေး စဝ်ခမ်ဖနှင့် အပေါင်းပါများက ရှမ်းပြည်နယ်လွတ်လပ်ရေးကို ကြေညာခြင်းဖြင့် ပြည်ထောင်စုကြီးမှခွဲထွက်ရန် အလွန်အန္တရာယ်ကြီးမားသောလုပ်ရပ်ကို လုပ်ဆောင်ခဲ့ကြကြောင်း၊ ယင်းလုပ်ရပ်အပေါ် နိုင်ငံတော်အစိုးရက ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်မှုများ ပြုလုပ်ခဲ့သကဲ့သို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကလည်း နိုင်ငံတော်အစိုးရ၏ အရေးယူဆောင်ရွက်မှုကို အလေးအနက်ထောက်ခံပြီး ပြည်ထောင်စုသစ္စာဖောက် စဝ်ခမ်ဖနှင့်အဖွဲ့၏လုပ်ရပ်ကို အပြင်းအထန်ရှုတ်ချကြောင်း အချိန်မဆိုင်းဘဲ ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်း။

တိုင်းရင်းသားလူမျိုးပေါင်းများစွာဖြင့် သမိုင်းစဉ်ဆက်ဖွဲ့စည်းထားသည့် ပြည်ထောင်စုကြီးတစ်ခုမှ ပြည်နယ်တစ်နယ် ခွဲထွက်ခြင်းကို အင်တာနက်က ထုတ်ပြန်သောကြေညာချက်တစ်စောင်ဖြင့် အလွယ်တကူ ဆောင်ရွက်၍ရပါသလား၊ ရှမ်းပြည်နယ်ထဲမှာပင် မှီတင်းနေထိုင်ကြသည့် ကိုးကန့်၊ ပအိုဝ်း၊ ပလောင်၊ လားဟူ၊ “ဝ” စသော တိုင်းရင်းသားများကလည်း နေထိုင်ရာဒေသအလိုက် ရှမ်းပြည်နယ်ထဲမှ ထပ်ပြီးခွဲထွက်ခွင့် တောင်းလာလျှင်ရော ပေးမည်လားဆိုသည့် မေးခွန်းများ မိမိတို့တွင် ရှိလာကြောင်း။

ထို့ကြောင့် ပြည်ထောင်စုမပြိုကွဲရေးအတွက် နိုင်ငံတော်၏ နယ်မြေအပိုင်းအခြားဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲမထွက်ရဆိုသည့် အခြေခံမှုကို မြဲမြံစွာ ပြဋ္ဌာန်းကျင့်သုံးသင့်ပါကြောင်းနှင့် ခိုင်မာသော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ဖြင့် စည်းနှောင်ထားရန် လိုအပ်မည်ဖြစ်ပါကြောင်း နိုင်ငံတော်အစိုးရအား တင်ပြလိုပါကြောင်း။

ယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့် ပတ်သက်၍ တင်ပြရမည်ဆိုလျှင် မြန်မာနိုင်ငံတွင် ပုဂံခေတ်အလယ်ပိုင်းကစပြီး ဗုဒ္ဓသာသနာ ဖွံ့ဖြိုးလာသည့်အတွက် မြန်မာလူမျိုးတို့၏ ထေရဝါဒဗုဒ္ဓဘာသာအပေါ် ယုံကြည်ကိုးကွယ်မှုက မြန်မာလူမှုရေးစနစ်ကို တည်ထောင်ပြဋ္ဌာန်းပေးလာခဲ့ကြောင်း၊ မြန်မာလူမျိုးများသည် ဘာသာရေး၊ လူမှုရေးကိစ္စများတွင် မည်သူ၏ တိုက်တွန်းမှုမှမပါဘဲ အင်တိုက်အားတိုက် စုပေါင်းဆောင်ရွက်လေ့ရှိကြောင်း၊ အလှူအတန်းများ၊ လမ်းပြင်၊ တံတားဆောက် လုပ်ငန်းများတွင်လည်း စုပေါင်းဆောင်ရွက်လျက်ရှိပြီး ယင်းအလေ့အထသည် ယနေ့ခေတ်တိုင်အောင် တည်ရှိနေဆဲပင်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီးအား ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် ကြိုးပမ်းတည်ဆောက်ရာတွင် မနာလို၊ မရှုဆိတ်သော အနောက်နိုင်ငံကြီးအချို့က မြန်မာနိုင်ငံအပေါ် မကောင်းမြင်စိတ်ဖြင့် တစ်ကမ္ဘာလုံးက အထင်အမြင်လွဲမှားစေရန် အဓမ္မလုပ်အားပေးခိုင်းစေမှု (Force Labour)ဆိုပြီး စွပ်စွဲပြောဆိုလျက်ရှိကြောင်း၊ လမ်းဖောက်၊ တာဖို့၊ မြောင်းတူး၊ စပါးရိတ်၊ သန့်ရှင်းရေး စသည့် လုပ်ငန်းများသည် မိမိတို့၏ လုပ်အားအကျိုးကို မိမိတို့သာ ပြန်ခံစားရသည့်အတွက် မည်းမည်း၊ မခိုမကတ် အားတက်သရော အိုးစည်ဗုံမောင်းများဖြင့် မိမိတို့ ပျော်ပျော်ပါးပါး လုပ်အားပေးနေကြခြင်းသာ ဖြစ်ကြောင်း၊ တစ်ယောက်အားနှင့်ယူသော်မရ၊ တစ်သောင်းအားနှင့် ယူသော် ရ၏”ဆိုသည့် မြန်မာ့ဓလေ့ စရိုက်များကို ပြည်သူများက လက်တွေ့ကျကျပါဝင် ဆောင်ရွက်ကြခြင်းသာ ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက မြန်မာဓလေ့ထုံးစံများကို ထိန်းသိမ်းရင်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်နေခြင်းအပေါ် အနောက် Media များက မဟုတ်မမှန်လုပ်ကြံပြီး Force Labour ဟု စွပ်စွဲနေခြင်းသာဖြစ်ကြောင်း၊ မြန်မာ့လူမှုဘဝတွင် တစ်ယောက်အားဖြင့်မနိုင်သော ကိစ္စများအတွက် လူအများ စုပေါင်းပြီး အပြန်အလှန် ကူညီဆောင်ရွက်ကြသည့် လက်စားလိုက်ဓလေ့ဆိုသည်မှာ အခိုင်အမာရှိနေကြောင်း၊ “လက်စားလိုက်တယ်”ဆိုသည့် ဝေါဟာရသည် အနောက်နိုင်ငံယဉ်ကျေးမှုတွင် မရှိကြောင်း၊ လယ်ထွန်ရာတွင် ကောက်စိုက်ရာတွင် ပျိုးနုတ်ရာတွင် ရွာလုံးကျွတ် တစ်အိမ်ပြီး တစ်အိမ် အပြန်အလှန် ကူညီဆောင်ရွက်လေ့ရှိသည်မှာ မြန်မာ့တို့၏ ချစ်စရာကောင်းသည့် ဓလေ့ထုံးတမ်း တစ်နည်းအားဖြင့် Myanmar Value ပင်ဖြစ်ကြောင်း၊ ယင်းဓလေ့ထုံးစံကို အခြေခံပြီး အိမ်မိုးလျှင်လည်း ဝိုင်းကူခြင်း၊ ဘုရားတည် ကျောင်းဆောက်၊ တံတားဆောက်၊ လမ်းဖောက်လျှင်လည်း အများစုပေါင်း ကူညီဆောင်ရွက်ကြခြင်းတို့သည် မြန်မာ့ရိုးရာ ယဉ်ကျေးမှု ဓလေ့ထုံးစံသာဖြစ်ကြောင်း၊ စုပေါင်းဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများ အောင်မြင်ပြီး အသီးအပွင့်များ ဝေဆာလာသည်ကို မုဒိတာမပွားနိုင်သူများက မည်းမည်းမြင်ရာ Force Labour ဟုစွပ်စွဲကာ တိုင်းပြည်ကို ချောက်ထဲ ဆွဲချနေခြင်းဖြစ်သည်ဟု ပြောကြားလိုက်ပါ ကြောင်း။

မြန်မာနိုင်ငံတွင် အတင်းအဓမ္မ စေခိုင်းနေသည်ဟု စွပ်စွဲနေသည့် ILO အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (International Labour Organization) အကြောင်း တင်ပြလိုကြောင်း၊ မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံအဖြစ် ၁၈-၅-၄၈တွင် ဝင်ရောက်ခဲ့ပြီး လက်ခံကျင့်သုံးသော ပြဋ္ဌာန်းချက်ပေါင်း(၁၉)ခု ရှိကြောင်း၊ ယင်းအထဲတွင် ၁၉၃၀ပြည့်နှစ် အဓမ္မ အလုပ်စေခိုင်းခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၂၉ပါဝင်ခဲ့ပြီး ၁၉၅၅ခုနှစ် မတ်လ (၄)ရက်နေ့က စတင်လက်ခံ ကျင့်သုံးခဲ့ကြောင်း၊ စတင်ကျင့်သုံးခဲ့သည့်ကာလမှစပြီး မြန်မာနိုင်ငံနှင့် ILO အကြား မည်သည့်ပြဿနာမျှမရှိခဲ့ကြောင်း၊ ၁၉၈၈ခုနှစ် တပ်မတော်အစိုးရ တက်လာပြီးနောက်ပိုင်း ၁၉၉၃ခုနှစ်တွင် ICFTU မှ မြန်မာနိုင်ငံတွင် အဓမ္မစေခိုင်းမှုများ ရှိသည်ဟု စတင်စွပ်စွဲတိုင်ကြားလာသည့်အတွက် မြန်မာနိုင်ငံဘက်မှ ဖြေရှင်းဆောင်ရွက်ပေးခဲ့ရကြောင်း၊ မြန်မာနိုင်ငံဘက်က ဖြေရှင်းပင်ဖြေရှင်းနေသော်လည်း ၁၉၉၆ခုနှစ် ILOညီလာခံ၌ မြန်မာနိုင်ငံသည် လက်ခံအတည်ပြုထားသော ပြဋ္ဌာန်းချက်အမှတ် (၂၉)ကိုလိုက်နာကျင့်သုံးမှုမရှိဘဲ အဓမ္မခိုင်းစေမှုများကို ကျင့်သုံးနေကြောင်းဖြင့် ILO အုပ်ချုပ်မှုအဖွဲ့က စုံစမ်းစစ်ဆေးရေး ကော်မရှင်တစ်ရပ်ကို တစ်ဖက်သတ် စုံစမ်းစစ်ဆေးခဲ့ကြောင်း၊ မြန်မာနိုင်ငံအတွင်းမှ သတင်းအချက်အလက်များကို အခြေမပြုဘဲ မြန်မာနိုင်ငံ၏ နယ်စပ်တစ်လျှောက်၌ စစ်ဆေးမေးမြန်းပြီး မြန်မာနိုင်ငံအပေါ် တိုက်တွန်းချက်များ ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိကျင့်သုံးနေသည့် ကျေးရွာဥပဒေ၊ မြို့ရွာဥပဒေတို့ကို ပြဋ္ဌာန်းချက် အမှတ် (၂၉)ပါ သတ်မှတ်ချက်များနှင့် အညီအညွတ်ဖြစ်အောင် တောင်းဆိုခဲ့သည့်အတွက် ပြည်ထဲရေးဝန်ကြီးဌာနက (၁/၉၉)ဖြင့် မြန်မာနိုင်ငံတစ်ဝန်း အဓမ္မခိုင်းစေမှုများမပြုလုပ်ရန် တားမြစ်သည့်အမိန့်ကို ထုတ်ပြန်ကြောင်း၊ ၂၀၀၀ပြည့်နှစ် (၈၈)ကြိမ်မြောက် ILOညီလာခံ၌ မြန်မာနိုင်ငံအပေါ် ဆုံးဖြတ်ချက် ထပ်မံချမှတ်ခဲ့သည့်အတွက် အမိန့်အမှတ် (၁/၉၉)ကို ဖြည့်စွက်သည့်အမိန့်ကို ထပ်မံထုတ်ပြန်ခဲ့ကြောင်း။

၂၀၀၀ပြည့်နှစ်၌ ILO က မြန်မာနိုင်ငံအပေါ် ဆုံးဖြတ်ချက်များချမှတ်ပြီး အဖွဲ့ဝင်နိုင်ငံများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံနှင့် ဆက်ဆံရေးကို သုံးသပ်သင့်ကြောင်း ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်သည့်အနေဖြင့် မြန်မာနိုင်ငံအပေါ် ဖိအားပေးလာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ဤကဲ့သို့ အရေးယူပိတ်ဆို့မှုများကြောင့် လူမှုရေးအကျိုးဆက်များသည် အစိုးရကို ထိခိုက်မှုမရှိဘဲ အလုပ်သမားများ အပါအဝင် ပြည်သူလူထုကိုသာ ထိခိုက်စေသည့် ဆိုးကျိုးများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ILO ၏ ၂၀၀၀ပြည့်နှစ် ဆုံးဖြတ်ချက်ကို အကြောင်းပြုပြီး အမေရိကန်က မြန်မာနိုင်ငံ အထည်ချုပ်စက်ရုံများမှ ထုတ်လုပ်သော အဝတ်အထည်များကို ၂၀၀၃ခုနှစ်ကစပြီး အမေရိကန်သို့ တင်သွင်းခွင့်မပြုရန် တားမြစ်ခဲ့၍ မြန်မာနိုင်ငံရှိ အထည်ချုပ်စက်ရုံပေါင်း ၁၆၀ ခန့် ပိတ်သိမ်းခဲ့ရပြီး စက်ရုံ ၄၀ ခန့်တွင် အလုပ်သမားများ လျှော့ချခဲ့ရကြောင်း၊ ILO အဖွဲ့ကြောင့် မြန်မာအလုပ်သမားထု အတိဒုက္ခရောက်ခဲ့ရပြီး အလုပ်သမားများ နစ်နာခဲ့ရကြောင်း၊ ပိတ်သိမ်းပစ်ရသည့် အထည်ချုပ်စက်ရုံများမှ အလုပ်သမားပေါင်း ရှစ်သောင်းကျော်အနက် အလုပ်လက်မဲ့ အလုပ်သမ ဦးရေမှာ ခုနစ်သောင်းကျော်ရှိပြီး အမျိုးသမီးထုကို ပိုမိုထိခိုက်ကာ မိသားစုပေါင်း လေးသိန်းကျော် စားဝတ်နေရေး ကသီလင်တနှင့် အတိဒုက္ခရောက်ခဲ့ရကြောင်း၊ ILO သည် အလုပ်သမားများ၏ အကျိုးစီးပွားကို ဖော်ဆောင်နေသည့် အဖွဲ့အစည်းဖြစ်ပြီး အလုပ်သမားများ၏ အကျိုးစီးပွားကို ကာကွယ်ရမည်ဆိုသော်လည်း အထည်ချုပ်စက်ရုံမှ အလုပ်သမားပေါင်း

> **ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ နိုင်ငံတော် တစည်းတလုံးတည်း စုစည်းညီညွတ် ခိုင်မာရေးတို့အတွက် နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားသော လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော် တစ်နံတစ်လျား တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် သံသယများ ပြေပျောက်ကာ တူညီသောခံစားချက်၊ တူညီသော အတွေးအမြင်၊ တူညီသောယုံကြည်ချက်၊ ခံယူချက် တို့ကို မည်သည့်ခေတ် မည်သည့်ကာလနှင့်မျှ မတူအောင် တည်ဆောက်ထားနိုင်ခဲ့။**

ရှစ်သောင်းကျော် အတိဒုက္ခရောက်နေခြင်းကို မသိကျိုးကျွံ ရေငုံနှုတ်ပိတ် နေခဲ့ကြောင်း၊ ယင်းကိုကြည့်လျှင် ILO၌ တရားမျှတမှုမရှိသည်ကို သုံးသပ်တွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ Sanction ကြောင့်လည်းကောင်း၊ နိုင်ငံအချို့တို့က စီးပွားရေးပိတ်ဆို့ အရေးယူမှုကြောင့်လည်းကောင်း နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများ မလာတော့ဘဲ အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးခဲ့ရကြောင်း၊ အလုပ်ရှင်များအနေဖြင့်လည်း အလုပ်သမားပေါင်း ရှစ်သောင်းကျော်ကို အလုပ်ထုတ်ခဲ့ရပြီး နစ်နာကြေးများပေးရသည့်အတွက် ရင်းနှီးမြှုပ်နှံမှုပမာဏ လျော့ကျသွားပြီး ကုန်ထုတ်လုပ်မှု လျော့နည်းလာခြင်းကြောင့် ဈေးကွက်တွင် စားသုံးသူများကို တိုက်ရိုက်ထိခိုက်စေခဲ့ကြောင်း၊ ယင်းကဲ့သို့ ဆိုးကျိုးသက်ရောက်မှုများကို ILOက သိရှိပင်သိရှိငြားသော်လည်း မျက်ကွယ်ပြုနေခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် ILO နှင့် စဉ်ဆက်မပြတ်ပူးပေါင်းဆောင်ရွက်လျက် တောင်းဆိုချက်များအပေါ် လိုက်လျောဖြည့်ဆည်းမှုများ လုပ်ခဲ့သည်ကိုပင် ၂၀၀၀ပြည့်နှစ်က မြန်မာနိုင်ငံအပေါ်ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်ကို ၂၀၀၅ခုနှစ် (၉၃)ကြိမ်မြောက် ILOညီလာခံတွင် ပြန်လည်အသက်သွင်းပြီး အရေးယူရန် ချမှတ်ခဲ့သည်ကို တွေ့ရကြောင်း၊ ILO ၏ ပြဋ္ဌာန်းချက်များကို လိုက်နာကျင့်သုံးမှုနှင့်ပတ်သက်ပြီး စိစစ်ဆောင်ရွက် သည့်စံနှုန်းများကော်မတီတွင်နိုင်ငံရေး လွှမ်းမိုးမှုများ ရှိနေပြီး Convention နှင့် မသက်ဆိုင်သည့် ကိစ္စ များကို ဆွေးနွေးလျက် အချုပ်အခြာအာဏာပိုင်နိုင်ငံများ၏ ပြည်တွင်းရေးများတွင် ဝင်ရောက်စွက်ဖက်လာသည်ကို တွေ့ရှိနေရကြောင်း၊ ထို့ကြောင့် အနောက်အင်အားကြီး နိုင်ငံကြီးများ၏ အလိုကျ နိုင်ငံရေးအသုံးချခံအဖြစ်အနေဖြင့် အဖွဲ့ဝင်နိုင်ငံငယ်များအပေါ် မလိုတစ်မျိုး၊ လိုတစ်မျိုး တောင်းဆိုချက်များ ဖိအားပေးအကျပ်ကိုင်မှုများ လုပ်လာသည့် ILO တွင် ဆက်လက်ပါဝင်နေခြင်းအားဖြင့် နိုင်ငံတော် အတွက်မည်ကဲ့သို့သော အကျိုးကျေးဇူးများ ရနိုင်ဦးမှာလဲဆိုသည်ကို ပြန်လည်သုံးသပ်သင့်ပြီဟု တင်ပြလိုကြောင်း။

မြန်မာနိုင်ငံအမျိုးသမီးများ၏ လူ့အခွင့်အရေး ရပိုင်ခွင့်များအနေဖြင့် မြန်မာနိုင်ငံ၏ ၂၇ သန်း သောအမျိုးသမီးထုသည် ဓလေ့၊ ထုံးတမ်း၊ ဥပဒေတွင်ပါရှိသော အမျိုးသမီးများ မွေးရာပါ အခွင့်အရေးအရသော်လည်းကောင်း၊ နိုင်ငံသားများ၏ အခြေခံရပိုင်ခွင့်အရသော်လည်းကောင်း အမျိုးသားများနှင့် အမျိုးသမီးများသည် တန်းတူ အခွင့်အရေးရရှိထားကြောင်း (Fundalmental Right and Duties) ကို တွေ့ရှိရကြောင်း၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေတွင် အသက်(၁၈)နှစ်ပြည့်ပြီးသူ အမျိုးသား၊ အမျိုးသမီး မရွေး ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူနှင့် ဥပဒေနှင့် ညီညွတ်သော နိုင်ငံသားများသည် ရွေးချယ်ခံပိုင်ခွင့်ရှိသည်ဟုပြဋ္ဌာန်းထားကြောင်း၊ ၁၉၅၄ခုနှစ် ဗုဒ္ဓဘာသာ မြန်မာအမျိုးသမီးများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေတွင် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားက ဗုဒ္ဓဘာသာဝင်မိန်းမကို ထိမ်းမြားလျှင် ပစ္စည်းပိုင်ဆိုင်ခွင့်၊ လင်မယားကွာရှင်းမှု၊ ပစ္စည်းခွဲဝေမှု၊ သားသမီးထိန်းသိမ်းမှု၊ အမွေဆက်ခံမှုတို့နှင့် စပ်လျဉ်း၍ထိုသူနှင့် ထိုသူတို့၏ မိသားစုအားလုံးသည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးလည်း ဖြစ်ဘိသကဲ့သို့ ဗုဒ္ဓဘာသာဓမ္မသတ်အတိုင်းဆုံးဖြတ် ရမည်ဟူ၍ ပြဋ္ဌာန်းထားကြောင်း၊ ၁၉၅၁ခုနှစ် အလုပ်ရုံများ အက်ဥပဒေတွင် မိန်းမအလုပ်သမားများအတွက် အိမ်သာများနှင့် ကျင်ငယ်စွန့်ရန်နေရာများကို ယောကျ်ား အလုပ်သမားများအတွက် ထားရှိသော အိမ်သာများနှင့် ကျင်ငယ်စွန့်ရာ နေရာများမှ သီးခြားစီမံပေးထားရမည် ဟူ၍ လည်းကောင်း၊ မိန်းမ ၅၀ထက်ပို၍ ခိုင်းစေသော အလုပ်ရုံတိုင်းတွင် ထိုမိန်းမများ၏ ခြောက်နှစ်အောက် ကလေးငယ်များအတွက် သင့်တော်သောအခန်းများ သီးသန့်စီမံထားရှိရမည်ဟူ၍လည်းကောင်း သတ်မှတ်ပြဋ္ဌာန်းထားကြောင်း။

လူမှုဖူလုံရေးအက်ဥပဒေတွင် မိန်းမအလုပ်သမားများအား မီးမဖွားမီ ရက်သတ္တပတ်ခြောက်ပတ်နှင့် မီးဖွားပြီးနောက်ရက်သတ္တပတ်ခြောက်ပတ် အလုပ်ခွင်သို့ မလာရောက်ဘဲနေသည့်အတောအတွင်း မီးဖွားမှုနှင့် သက်ဆိုင်သည့်အကျိုးခံစားခွင့်ကို ပေးရမည်ဟု ဖော်ပြထားကြောင်း၊ ၁၉၆၄ခုနှစ် ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့် ဥပဒေတွင် ကာယစွမ်းအားဖြင့်ဆောင်ရွက်ရသည့်အလုပ်များတွင် ကိုယ်ဝန်ရှိ

စာမျက်နှာ ၆ ကော်လံ ၁ သို့ ➪

အင်အားကြီးနိုင်ငံအချို့က ဝေဖန်ပုတ်ခတ်နေမှုများ မှန်ကန်မှုမရှိ မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးက လုံးဝလက်မခံ ဆန့်ကျင်ရှုတ်ချ

ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ လူနေမှုဘဝ မြှင့်တင်ရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်ရင်ကြွေ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကားပြောကြားစဉ်။ (သတင်းစဉ်)

လုပ်ဆောင်မှုများသည် မြန်မာနိုင်ငံသားအားလုံး၏ စီးပွားရေးဘဝကျဆင်းအောင် ရည်ရွယ်ဖိအားပေး ဆောင်ရွက်ခြင်းဖြစ်ရာ မြန်မာအမျိုးသမီးထုထဲသို့သက်ရောက်လာပြီး မြန်မာအမျိုးသမီးအလုပ်သမများကိုအလုပ်လက်မဲ့ဖြစ်အောင် တွန်းပို့လျက်ရှိသည်ကိုတွေ့ရကြောင်း၊ အင်အားကြီး အနောက်နိုင်ငံအချို့သည် မြန်မာနိုင်ငံအပေါ် ဖိအားပေးပိတ်ဆို့မှုများ မညှာမတာ ပြုလုပ်ခဲ့သည့်အပြင် တစ်ဖက်လှည့်ဖြင့် မြန်မာနိုင်ငံတွင် စီးပွားရေးတိုးတက်မှုမရှိဘဲ ကျဆင်းနေ ကြောင်း၊ အလုပ်လက်မဲ့များဖြစ်ပေါ်နေကြောင်း၊ လူကုန်ကူးမှုများအပေါ် အရေးယူမှုအားနည်းကြောင်းစသည့်ဖြင့် ပုတ်ခတ်စွပ်စွဲမှုများပြုလုပ်ကာ သိက္ခာချလျက်ရှိကြောင်း။

မိမိနိုင်ငံ၏အရေးကို မိမိတို့ကိုယ်တိုင် မြော်တွေးပြီး အေးချမ်းသာယာသည့် အနာဂတ်ကို ဖန်တီးဖော်ဆောင်နေသော ယခုလိုအချိန်အခါ၌ မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးထုတ်လုပ်နေသယောင်၊လူ့အခွင့်အရေး ချိုးဖောက်နေသယောင်၊ လူကုန်ကူးမှုများရှိနေသယောင်၊ ကလေးသူငယ်များ စစ်မှုထမ်းခိုင်းနေသယောင်၊ အမျိုးသားညီလာခံကြီးကို အချိန်ဆွဲနေသယောင်၊ တစ်ခုပြီးတစ်ခု စွပ်စွဲချက် အမျိုးမျိုးပြုပြီး အင်အားကြီးနိုင်ငံတချို့က မလိုမုန်းထား ဝေဖန်ပုတ်ခတ်ပြောဆိုနေမှုများသည်မှန်ကန်မှုမရှိဘဲ တစ်ဖက်စောင်းနင်းဖြစ်နေသည့်အတွက် မိမိတို့ မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးက လုံးဝလက်မခံဘဲ ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်ကြောင်း၊ မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံး၏ စုစည်းညီညွတ်သောစွမ်းပကားဖြင့် အမျိုးသမီးဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရင်း အဖျက်အမှောင့်လုပ်ရပ်များကို တွန်းလှန်တိုက်ဖျက်သွားမည်သာဖြစ်ကြောင်း။

နိုင်ငံတော်နှင့် ပြည်သူလူထု အေးချမ်းတည်ငြိမ်တိုးတက်နေလျှင် နေမထိ၊ထိုင်မထိဖြစ်တတ်ပြီး ပြည်သူများ ငတ်မွတ်ခေါင်းပါးထိတ်လန့်ချောက်ချားနေမှ စားဝင်အိပ်ပျော်တတ်သည့် အဖျက်အင်အားစုများ၏ ဟန့်တားနှောင့်ယှက်မှုကို အမြဲသတိပြုရန် လိုအပ်ကြောင်း။

ပြည်ပြေးစိန်ဝင်းဦးစီးသော ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရအမည်ခံ NCGUB အကြမ်းဖက်အဖွဲ့သည် ၁၉၉၇ခုနှစ် မတ်လ၁၃ရက်နေ့တွင် မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ပင်ရေးအတွက် ပြည်ပနိုင်ငံတစ်ခု၌ ဆွေးနွေးခဲ့ကြပြီး စီးပွားရေးပိတ်ဆို့မှုဖြစ်မြောက်အောင် တစိုက်မတ်မတ် လှုံ့ဆော်ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ပြည်သူများ အထိတ်တလန့်ဖြစ်အောင်နှင့် နိုင်ငံတကာအလယ်၌ သိက္ခာကျအောင် ရည်ရွယ်လျက် နိုင်ငံတော်တာဝန်ရှိ ပုဂ္ဂိုလ်များကို လုပ်ကြံရန်ကြိုးစားခဲ့ကြောင်း၊ ပြည်တွင်းသို့ ပါဆယ်ဗုံးပို့ပြီး ဖောက်ခွဲခြင်းဖြစ်ကြောင်း၊ ပြည်ပြေးစိန်ဝင်း၏ အဓိကလက်ရုံးများမှာ FTUBကို ဖွဲ့စည်းထားသည့် မောင်မောင်(ခေါ်) ပြည်သစ်ညွန့်ဝေနှင့် လူ့ဘောင်သစ်မှ အောင်မိုးဇော်တို့ဖြစ်ကြောင်း၊ ပါဆယ်ဗုံးပေးပို့ဖောက်ခွဲမှုကို လက်တွေ့အကောင်အထည်ဖော်သူများမှာ သိန်းငွေနှင့် သောမတ်(ခေါ်) ဂုဏ်အောင်တို့ဖြစ်ကြောင်း၊ ပြည်ပြေးစိန်ဝင်း၏ NCGUB အပါအဝင် ဆက်စပ်ပတ်သက်နေသောအဖွဲ့အစည်းများ၏ ဖောက်ခွဲဖျက်ဆီးမှုများကြောင့် ဧပြီလ ၂၆ ရက် မန္တလေးဈေးချိုဗုံးပေါက်ကွဲမှု၊ မေလ၇ရက်နေ့ ရန်ကုန်ကုန်သွယ်မှုဗဟိုဌာနအပါအဝင် သုံးနေရာ၌ ပေါက်ကွဲမှုများ၌ ပြည်သူများသေကျေဒဏ်ရာရပျက်စီးဆုံးရှုံးမှုများဖြစ်ခဲ့ရကြောင်း၊ ဘာသာရေးအထွတ်အမြတ်နေရာတစ်ခုဖြစ်သော ကမ္ဘာအေးလိုဏ်ဂူတော်အတွင်း ဗုဒ္ဓမြတ်စွယ်တော် ကိန်းဝပ်စံပယ်ချိန်တွင် ချိန်ကိုက်ဗုံးခွဲသတ်ဖြတ် ဖျက်ဆီးမှုကို သံခဲဦးဆောင်သော ABSDF နှင့် အပေါင်းပါ မိစ္ဆာဒိဋ္ဌိများက လုပ်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ဘုရားဖူးပြည်သူများနှင့် လုံခြုံရေးအဖွဲ့ဝင်ငါးဦးသေဆုံးပြီး ၁၇ဦး ဒဏ်ရာရခဲ့ကြောင်း၊ အလားတူ ဖောက်ခွဲဖျက်ဆီးမှုနှင့် အခြားသော အကြမ်းဖက်သတ်ဖြတ်မှု၊ ဖျက်ဆီးမှုများသည် NCGUBနှင့် ABSDFအပါအဝင် အပေါင်းပါမသူတော်များ၏ လက်ချက်ဖြစ်သည်ကို သတင်းမှတ်တမ်းအထောက်အထား ခိုင်ခိုင်လုံလုံဖြင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြပြီး ဖြစ်ကြောင်း။

ဤကဲ့သို့ အကြမ်းဖက်လုပ်ရပ်များကြောင့် သေဆုံး၊ ဒဏ်ရာရ၊ ဘဝပျက်၊ စီးပွားပျက်ခဲ့ကြသည့် ပြည်သူများ၏ ဝမ်းနည်းပူဆွေးသောကရောက်မှုများကို မည်သို့မျှမေ့ပျောက်၍ ရနိုင်ကြမည်မဟုတ်ကြောင်း၊ သို့ရာတွင် အကြမ်းဖက် အဖျက်သမားများ၊ နိုင်ငံခြားမှ ထောက်ပံ့မှုကို လက်ဖြန့်ခံယူပြီး တိုင်းပြည်နစ်မွန်းအောင် ဆောင်ရွက်နေသူများက ပြည်သူလူထု ပျက်စီးရာပျက်စီးကြောင်းကို လက်ရဲ၊ ဇက်ရဲဖြင့် ဆက်လက်လုပ်ဆောင်နေကြဦးမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ပြေးစိန်ဝင်း၏ NCGUB၊ သံခဲဦးစီးသော ABSDF နှင့် မောင်မောင်(ခေါ်) ပြည်သစ်ညွန့်ဝေ၏ FTUB အပါအဝင် ဆက်စပ်ပတ်သက်နေသော အဖွဲ့အားလုံးကို မတရားအသင်းအဖြစ်ကြေညာပေးပါရန် ပဲခူးတိုင်း (အနောက်ပိုင်း)မှ အမျိုးသမီးထုကြီးကိုယ်စား တင်ပြလိုက်ရပါကြောင်း။

နိဂုံးချုပ်အနေဖြင့် မိမိတို့ အမျိုးသမီးရေးရာအဖွဲ့ဝင်များအားလုံးသည် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီး၏ ဦးဆောင်မှုအောက်တွင် မြန်မာအမျိုးသမီးထုကြီး တစ်ရပ်လုံး၏စည်းလုံးညီညွတ်သည့် စွမ်းပကားကိုရယူပြီး အမျိုးသမီးများ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ကြပါစို့၊ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံပြီး မရှိအတူ၊ ရှိအတူ ဥမကွဲ၊ သိုက်မပျက်ဖြင့် ပြည်ထောင်စုကြီးအတွင်း တပေါင်းတစည်းတည်း နေထိုင်ကြရင်း ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲတွန်းလှန်ချေမှုန်းကြပါစို့ ဟု တိုက်တွန်းပြောကြားသွားသည်။

ထို့နောက် ထူးချွန်ဆုရရှိသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြကာ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို နံနက် ၉နာရီ ၄၅မိနစ်တွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။ (သတင်းစဉ်)

ဝါဆိုသင်္ကန်း ကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၀

တောင်ဥက္ကလာပမြို့နယ်(၅)ရပ်ကွက် အမှတ်(၃)ဝိုင်း မြစည်းခုံကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိတသာရ အမှူးပြု၍ ကျောင်းတိုက်တွင်ဝါဆိုတော်မူကြမည့် စာချစာသင်သံဃာတော်အပါး ၂၀ တို့အား ဇူလိုင် ၁၉ ရက်တွင် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်ဖြစ်၍ ကျောင်းတိုက်သို့ လာရောက်လှူဒါန်းနိုင်ကြောင်းသိရသည်။ (၅၂၉)

ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၁၀

ရမ္မာဝတီဆရာတော် တိပိဋကရေ၊ တိပိဋကကောဝိဒ ဘဒ္ဒန္တဣန္ဒပါလ အရှင်သူမြတ်အား အမှူးထား၍ ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)၏ ဒုတိယအကြိမ်ဝါဆိုသင်္ကန်းလှူဒါန်းပွဲကို ဇူလိုင် ၁၆ရက် (စနေနေ့)မွန်းလွဲ ၂နာရီတွင် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့ရောက် ရမ်းဗြဲမြို့နယ် ဇာတိဖွားကျောင်းထိုင်ဆရာတော်များနှင့် သီလရှင်ဆရာကြီးများ ကြွရောက်အလှူခံနိုင်ပါရန် ပင့်လျှောက်ထားပါသည်။

ပါဝင်လှူဒါန်းလိုပါက ဥက္ကဋ္ဌ ဦးချမ်းမောင် ဖုန်း-၅၁၃၄၆၂၊ ဒု-ဥက္ကဋ္ဌ ဦးသန်းနိုင် ဖုန်း-၅၄၅၃၉၅၊ ဦးတင်လှ ၀၉၅၀-၂၁၁၂၉၊ အတွင်းရေးမှူး ဦးအောင်ကျော်ဦး ၀၉၅၀-၁၄၂၆၄ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

အသုံးချစာရင်းနှင့် အုပ်ချုပ်မှုပညာ သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီကကြီးမှူး၍ အသုံးချစာရင်းနှင့်အုပ်ချုပ်မှုပညာ (UMFCCI LEVEL I) အပတ်စဉ်(၂၃)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁နာရီခွဲတွင် ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်းရှိ ကုန်သည်/စက်မှုအသင်းချုပ် သင်တန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေအတွင်းရေးမှူး ပညာရေးဆိုင်ရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။ ထို့နောက် ပညာရေးဆိုင်ရာလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးထွန်းအောင်က သင်တန်းအကြောင်း ရှင်းလင်းပြောကြားသည်။သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၆၃ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ထူးချွန်အမျိုးသမီးတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

❀ စာမျက်နှာ ၅ မှ

သူကိုမခန့်ထားရန်၊ သို့သော်မီးဖွားပြီး၍ ရက်သတ္တခြောက်ပတ်ကြာသောအခါ အလုပ်ရရှိရေးအတွက် အထူးစဉ်းစားပေးရန်ဟူ၍လည်းကောင်း၊ ကာယစွမ်းအားမလိုအပ်သည့်အလုပ်မျိုးအတွက် ကိုယ်ဝန်ရှိ၍ မီးဖွားရန် လေးလခန့်သာလိုတော့သည့် အမျိုးသမီးကိုရွေးချယ်ထားနိုင်ပြီး မီးဖွားပြီးနောက် ရက်သတ္တ ခြောက်ပတ်ကြာသည့်အခါ ခန့်ထားနိုင်သည်ဟူ၍လည်းကောင်း ဖော်ပြထားကြောင်း။

ပြစ်မှုဆိုင်ရာဥပဒေတွင် မိန်းမတစ်ဦး၏ ကာယိန္ဒြေကို ပျက်စီးစေရန်ကျူးလွန်လျှင်(သို့တည်းမဟုတ်) ရာဇဝတ်မကင်းသောအနိုင့်အထက်ပြုမှုကိုပြုလျှင် ထိုသူအား နှစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး

အမျိုးသမီးများအခွင့်အရေးနှင့်ရပိုင်ခွင့်များ နိုင်ငံတော်က တရားဝင်ပြဋ္ဌာန်းပေးထား

ဖြစ်စေ ချမှတ်ရမည်ဟူ၍လည်းကောင်း၊ မုဒိမ်းမှုကျူးလွန်သူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ၁၀နှစ်အထိထောင်ဒဏ်ဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟူ၍လည်းကောင်းပြဋ္ဌာန်းထားကြောင်း။

မိသားစုဟူသည် နိုင်ငံတစ်နိုင်ငံ၏ အသေးဆုံးအဖွဲ့အစည်းဖြစ်ပြီး မိသားစုတစ်ခုတွင်ဖခင်ဖြစ်သူကို (Head of a Family)ဟူ၍ လည်းကောင်း၊ မိခင်ဖြစ်သူကို (Heart of a Family) ဟူ၍လည်းကောင်း ဆိုစကားရှိရာ နှလုံးသားနှင့်တူသောမိခင်သည် မိသားစုတွင် အချက်အချာအကျဆုံး၊ အလိုအပ်ဆုံးဟုဆိုနိုင်ကြောင်း၊ ထို့ကြောင့် မိမိတို့အမျိုးသမီးများအတွက် လူ့အခွင့်အရေးနှင့် ရပိုင်ခွင့်များကိုနိုင်ငံတော်က တရားဝင်ပြဋ္ဌာန်းပေးထားပြီးဖြစ်ကြောင်းကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ တချို့လူ့အဖွဲ့အစည်းများတွင် မိန်းမများသည် အိမ်ထောင်ပြုလိုက်သည်နှင့် မိမိအမည်ကိုစွန့်လွှတ်ရပြီး ခင်ပွန်းသည်၏ အမည်ကိုခံယူရသော်လည်း မြန်မာ့လူ့အဖွဲ့အစည်း၌ မိန်းမများသည် အိမ်ထောင်ပြုပြီးသည့်တိုင် မိမိအမည်ကို စွန့်လွှတ်စရာမလိုဘဲ ရာသက်ပန် ကိုယ်ပိုင်အမည်ဖြင့်သာ နေထိုင်ခွင့်ရှိကြောင်း။

ထို့ကြောင့် မိမိတို့မြန်မာမှုနယ်ပယ်တွင် မိသားစုစနစ်ခိုင်မာခြင်း၊ ဟိရိသြတ္တပ္ပတရားရှိခြင်း၊ ရပ်ဓလေ့ရွာဓလေ့လိုက်နာခြင်း၊ သူတစ်ပါးအကျိုးကိုရှေးရှုခြင်း၊ တစ်ဦးနှင့်တစ်ဦးဂါရဝ၊ နိဝါတတရား လက်ကိုင်ထားပြီး လေးလေးစားစားဆက်ဆံခြင်း၊ တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်း စသည့် မြန်မာ့တန်ဖိုး (Myanmar Value) များကို စောင့်ရှောက်မြှင့်တင်သွားကြရန်တိုက်တွန်းလိုကြောင်း၊ ယနေ့အချိန်အခါတွင် တစ်မျိုးသားလုံး၏ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် (၇)ရပ်ကိုချမှတ်ပြီး ကြိုးပမ်းဖော်ဆောင်လျက်ရှိကြောင်း၊ ထိုရည်မှန်းချက်ပန်းတိုင်သို့အောင်မြင်စွာရောက်ရှိရေးအတွက် မြန်မာအမျိုးသမီးထုကြီးက တက်ကြွစွာ ပါဝင်ကြိုးပမ်းကြပြီး ဆင့်ကဲဆင့်ကဲတာဝန်ရှိသူအသီးသီးက စည်းရုံးဦးဆောင်သွားကြရမည်ဖြစ်ကြောင်း၊ မိမိနိုင်ငံအပေါ်ပြည်ပပယောဂနှင့် လုပ်ကြံစွပ်စွဲမှုများမည်သို့ပင်ရှိစေကာမူ နိုင်ငံအင်အား၏ တစ်ဝက်ကျော်ရှိသော အမျိုးသမီးထုကြီးက မိမိနိုင်ငံ၏ ကောင်းစားရေးအတွက် ကျရာတာဝန်၊ ကျရာကဏ္ဍမှ အင်တိုက်အားတိုက်ပါဝင်ထမ်းဆောင်သွားကြမည်သာဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ရင်ကြွေက မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကားပြောကြားရာ၌ မြန်မာအမျိုးသမီးများသည် မိမိတို့၏ လူနေမှုဘဝတိုးတက်မြင့်မားရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နေသည့်နည်းတူ အမိနိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း ကျရာကဏ္ဍမှ ကြိုးပမ်းထမ်းရွက်လျက်ရှိကြောင်း၊ ယနေ့အချိန်အခါတွင် မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူညီတူ အခွင့်အရေးရရှိရုံမျှမကဘဲ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ အားကစားစသည့်နယ်ပယ်စုံတွင် ထူးချွန်ထက်မြက်သောအမျိုးသမီးများအဖြစ် နိုင်ငံ့တာဝန်များကို အမျိုးသားများနှင့်တန်းတူထမ်းဆောင်နေကြပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ပေါ်ထွန်းရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျေးလက်ဒေသနေ ပြည်သူများ၏ ပညာရည်အဆင့်မြှင့်တင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုကောင်းမွန်ရေး၊ လမ်းပန်းဆက်သွယ်မှုချောမွေ့ရေး၊ သန့်ရှင်းသောသောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး၊ ကျေးလက်ဒေသစီးပွားရေး အထောက်အကူပြုလုပ်ငန်းများတိုးတက်ရေးတို့အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ဖြင့် ဖော်ဆောင်ပေးနေခြင်းဖြစ်ကြောင်း၊ နယ်စပ်ဒေသများနှင့်တကွ နယ်မြေဒေသအားလုံးအကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးနေသည့်အပြင် နိုင်ငံတစ်ဝန်းလုံး၌ ဆည်မြောင်းတာတမံများ၊ လမ်းတံတားများ၊ ရေအားလျှပ်စစ်စီမံကိန်းများ တည်ဆောက်ခြင်း၊တက္ကသိုလ်၊ကောလိပ်များ၊အခြေခံပညာကျောင်းများ တိုးမြှင့်ဖွင့်လှစ်ခြင်း စသည့်လုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်ပေးလျက်ရှိနေကြောင်း၊ ယင်းကဲ့သို့ စီးပွားရေး၊ လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးတက်ဖြစ်ထွန်းလာသည်နှင့်အမျှ အမျိုးသမီးများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး ဘဝဖွံ့ဖြိုးတိုးတက်လာကြမှာ မလွဲဧကန်ဖြစ်ကြောင်း။

မြန်မာအမျိုးသမီးများအနေဖြင့် မိမိတို့၏ ထက်မြက်သောစွမ်းရည်ကို နည်းမှန်၊လမ်းမှန် အသုံးချတတ်ရန်လည်း လိုအပ်ကြောင်း၊ မိမိအစွမ်းအစကိုအလွဲသုံးစားပြုကာ ပေါ်ပေါ်ထင်ထင်လုပ်ခြင်းဖြင့် မိန်းမဖျက်တော့ ပြည်ပျက်ဆိုသည့်စကားပုံကဲ့သို့ ပြည်ဖျက်သည့် မိန်းမဆိုးစာရင်းဝင်သွားနိုင်သည်ဆိုခြင်းကိုလည်း မြန်မာအမျိုးသမီးတစ်ရပ်လုံးသတိပြုဆင်ခြင်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဘက်စုံထောင့်စုံမှ ဦးတည်ကြိုးပမ်းနေချိန်တွင် အနောက်အင်အားကြီးနိုင်ငံတချို့က အကြောင်းအမျိုးမျိုးပြပြီး စီးပွားရေးအရပိတ်ဆို့ဖိအားပေးမှုများ၊ပြည်ပအကူအညီကန့်သတ်ပိတ်ဆို့မှုများ၊ နိုင်ငံတကာချေးငွေနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပိတ်ဆို့မှုများ၊ ကမ္ဘာလှည့်ခရီးသည်နှင့် ဟိုတယ်လုပ်ငန်းများတွင် ဝင်ရောက်ပိတ်ဆို့တားမြစ်မှုများ၊ ရရှိပြီးရင်းနှီးမြှုပ်နှံမှုများအပေါ် ကန့်သတ်ပိတ်ဆို့မှုများ လုပ်ဆောင်လျက်ရှိနေကြောင်း၊ ဤကဲ့သို့

စက်ခလုတ်နှိပ် ဖွင့်လှစ်

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အစိုးရနည်းပညာကောလိပ်(ဗန်းမော်) ပင်မအဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားတွင် ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

စနစ်ဟောင်းတစ်ခုမှ စနစ်သစ်တစ်ခုကို ညင်သာချောမွေ့စွာ ကူးပြောင်းနိုင်ရန် တိုင်းပြည်တွင် လိုအပ်သောအခြေခံများ ပြည့်စုံစေရန် တွန်းတွန်းတိုက်တိုက် ဆောင်ရွက်နေ

❒ ရှေ့ဖုံးမှ

ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဘင်ခရာ၊ ပန်းဖွားနှင့် ကဗျာလွတ်အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ ဖွင့်ပွဲအခမ်းအနားကျင်းပသည့် အစိုးရနည်းပညာကောလိပ်(ဗန်းမော်)သို့ နံနက် ၈နာရီ ၅မိနစ်တွင် ရောက်ရှိလာပြီး တက်ရောက်လာကြသည့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် အစိုးရနည်းပညာကောလိပ်(ဗန်းမော်) ပင်မအဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားအစီအစဉ်ကို အဆိုပါအဆောက်အအုံ ပင်မဆောင်ရှေ့၌ ကျင်းပရာ အစီအစဉ်အရ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့် ရွှေသံလွင်ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က အစိုးရနည်းပညာကောလိပ်(ဗန်းမော်) ပင်မအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အစိုးရနည်းပညာကောလိပ်(ဗန်းမော်) ပင်မအဆောက်အအုံရှေ့၌ ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ကမ္ပည်းမော်ကွန်းဖွင့်လှစ်

ယင်းနောက် ပင်မဆောင်ရှိ ကမ္ပည်းမော်ကွန်းကြေးပြားဖွင့်လှစ်ခြင်း အစီအစဉ်ကိုကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က စက်ခလုတ်နှိပ်၍ ကမ္ပည်းမော်ကွန်းကြေးပြားကို ဖွင့်လှစ်ပေးပြီး အတွင်းရေးမှူး(၁)နှင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးများက ကမ္ပည်းမော်ကွန်းကြေးပြားကို အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပေးကြသည်။

အမှာစကားပြောကြား

ယင်းနောက် အခမ်းအနားအစီအစဉ်များကို ပင်မအဆောက်အအုံသစ် ပထမထပ်ရှိ Assembly Hall၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကား ပြောကြားရာတွင် ယနေ့သည် ဗန်းမော်အစိုးရနည်းပညာကောလိပ်၏ ခံ့ညားထည်ဝါသည့် ပင်မအဆောက်အအုံ တည်ဆောက်ပြီးစီးပြီဖြစ်သည့်အတွက် ဖွင့်ပွဲကျင်းပသော မင်္ဂလာအခမ်းအနားဖြစ်ကြောင်း၊ ယခုဆိုလျှင် အဆောက်အအုံအရရော၊ သင်ကြားမှုအပိုင်းအရပါ နည်းပညာကောလိပ်တစ်ခုနှင့် လိုက်လျောညီညွတ်စွာ ရှိသင့်ရှိထိုက်သည့်အင်္ဂါရပ်များ စုံလင်ပြီဖြစ်သည့် ဗန်းမော်နည်းပညာကောလိပ်သည် ဂုဏ်သိက္ခာအရ၊ ပညာအဆင့်အတန်းအရ ထိပ်တန်းကောလိပ်တစ်ခုအဖြစ် တက်လှမ်းနိုင်ရေးအတွက် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ တာဝန်ပိုင်းအဖြစ်ပင် ကျန်ရှိပါတော့ကြောင်း၊ ထို့ကြောင့် ဤတာဝန်ပိုင်းကို ဆရာနှင့် ကျောင်းသားများက စဉ်ဆက်မပြတ် ဟန်ချက်ညီညီ အနှစ်သာရရှိရှိ ပူးပေါင်းအကောင်အထည်ဖော်ကြရန် နှိုးဆော်တာဝန်ပေးသည့် အခမ်းအနားဖြစ်သည်ဟုလည်း ယနေ့အခမ်းအနား၏အဓိပ္ပာယ်ကို ကျယ်ကျယ်ပြန့်ပြန့် ခံယူကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် အမိပြည်ထောင်စုကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘက်စုံကဏ္ဍစုံမှ လိုအပ်သည့်ပြုပြင်ပြောင်းလဲမှု၊ တည်ဆောက်မှုများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ စနစ်ဟောင်း တစ်ခုမှ စနစ်သစ်တစ်ခုကို ညင်သာချောမွေ့စွာ ကူးပြောင်းနိုင်ရန်အတွက် တိုင်းပြည်တွင် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် လိုအပ်သောအခြေခံများပြည့်စုံစေရန် တွန်းတွန်းတိုက်တိုက် လုပ်ကိုင်ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း။

တစ်ပြိုင်တည်းတိုးတက်ရေး

ထိုကဲ့သို့ လုပ်ကိုင်ဆောင်ရွက်ရာတွင် ဒေသတစ်ခုနှင့်တစ်ခုအကြား ဆူကြို နိမ့်မြင့်ကွာဟမှုများ လျော့နည်းကျဆင်းပြီး ပြည်နယ်နှင့်တိုင်းအားလုံး မျှမျှတတ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာစေရေးကို အလေးပေး ဦးတည်ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး၊ ပြည်နယ်နှင့် တိုင်းအားလုံး ဟန်ချက်ညီညီ မျှမျှတတ ဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းနေမှလည်း ပြည်ထောင်စုကြီးတစ်ရပ်လုံး တည်ငြိမ်အေးချမ်းပြီး လက်တွေ့ကျကျ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

ဒေသတစ်ခုနှင့် တစ်ခုအကြားကွာဟနေမှု၊ မြို့ပြနှင့် ကျေးလက်အကြား ကွာဟနေမှု၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုးအကြား ကွာဟနေမှုများ ကျဉ်းကျုတ် လျော့နည်းကျဆင်းသွားစေရန် နိုင်ငံတော်အစိုးရသည် ဖွံ့ဖြိုးရေးစီမံကိန်းများကို စနစ်တကျချမှတ်ပေးပြီး ဒေသအလိုက် အဆက်အစပ်မိမိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေသည်ကို အားလုံးအသိဖြစ်ကြောင်း၊ ဖွံ့ဖြိုးရေးဒေသ ၂၄ခု ဆိုင်ရာ ဖွံ့ဖြိုးရေးစီမံကိန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအစီအစဉ်နှင့်နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းဆိုပြီး ဖွံ့ဖြိုးရေးစီမံကိန်းသုံးမျိုးချမှတ်ပြီး ပြည်ထောင်စုကြီး တစ်ရပ်လုံး ကွက်လပ်မကျန် ကွက်ပြည့်ဖွံ့ဖြိုးတိုးတက်လာစေရန် အားထည့်လုပ်ကိုင်လျက်ရှိကြောင်း။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အစိုးရနည်းပညာကောလိပ်(ဗန်းမော်) ပင်မအဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)



စည်ကားစွာရပ်တည်လာ

ထို့ကြောင့်လည်း ပြည်နယ်နှင့်တိုင်း ၁၄ခုတွင် ဖွံ့ဖြိုးရေးဒေသများ တိုးချဲ့ပေါ်ထွက်လာပြီး တက္ကသိုလ်၊ ကောလိပ်၊ အဆင့်မြင့်ဆေးရုံ စသည့် လူ့အရင်းအမြစ်ပြုစုပျိုးထောင်စောင့်ရှောက်ရာ အဖွဲ့အစည်းဌာနများနှင့် ဖွံ့ဖြိုးရေးဒေသများသည် စည်ကားစွာ ရပ်တည်လာနေပြီဖြစ်ကြောင်း။

ခြုံငုံ၍ ပြောရမည်ဆိုပါက ယနေ့နိုင်ငံတော်နှင့် အချက်အချာကျသည့် ဒေသတိုင်းတွင် အဆင့်မြင့်ပညာကို လက်လှမ်းတမီသင်ယူနိုင်သည့် အခြေအနေကောင်းများဖြစ်ပေါ်နေပြီဖြစ်ကြောင်း၊ ရန်ကုန်၊ မန္တလေး စသည့် မြို့ကြီးပြကြီးများ၌သာသွားရောက်ပြီး အဆင့်မြင့်ပညာ သင်ကြားရသည့် ပညာရေးစနစ်ဟောင်းသည် ချုပ်ငြိမ်းသွားပြီး ပညာသင်ကြားမှုအခွင့်အလမ်းများသည် ဒေသအလိုက် ပိုမိုကျယ်ပြန့်စွာ ရောက်ရှိလာနေပြီဖြစ်ကြောင်း။

ကချင်ပြည်နယ် တစ်ခုတည်းကိုပင် ကြည့်မည်ဆိုပါက မြစ်ကြီးနားနှင့် ဗန်းမော်ဒေသတို့အပြင် မိုးညှင်းဒေသ၌ပါ အဆင့်မြင့်ပညာသင်ကြားနိုင်သည့် ဒီဂရီကောလိပ်နှင့် စက်မှုလက်မှုသိပ္ပံ ထူထောင်ဖွင့်လှစ်ပြီး လိုအပ်သည့် ပညာတတ်များ မွေးထုတ်နိုင်စေရန် စီမံထားပြီးဖြစ်ကြောင်း၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ အင်ဂျင်နီယာနှင့် ကွန်ပျူတာအတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်ရေးအတွက် ကိုပင် မြစ်ကြီးနားနှင့် ဗန်းမော်ဒေသတွင် နည်းပညာကောလိပ်နှင့် ကွန်ပျူတာကောလိပ်တစ်ကျောင်းစီနှင့် မိုးညှင်းတွင် စက်မှုလက်မှုသိပ္ပံတစ်ကျောင်း စုစုပေါင်း ငါးကျောင်း ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း၊ မြစ်ကြီးနားတက္ကသိုလ်၊ ဗန်းမော်ဒီဂရီကောလိပ်၊ မိုးညှင်းဒီဂရီကောလိပ်၊ မြစ်ကြီးနားပညာရေးကောလိပ်တို့နှင့် ပေါင်းလိုက်မည်ဆိုပါက ပညာတတ် လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကချင်ပြည်နယ်တွင် တက္ကသိုလ်၊ကောလိပ်နှင့် သိပ္ပံပေါင်းကိုးခုအထိ တိုးတက်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

တစ်နိုင်ငံလုံးအနေဖြင့်ခြုံလိုက်မည်ဆိုပါက ယခင်က တက္ကသိုလ်နှင့်ကောလိပ် ၃၂ခု ရှိခဲ့ရာမှ ယခုဆိုလျှင် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်ပေါင်း ၁၅၆ခုအထိ ရှိလာခဲ့ပြီး တက္ကသိုလ်နှင့် ကောလိပ်ကျောင်းသားပေါင်း ခုနစ်သိန်းကျော် ရှစ်သိန်းနီးပါးခန့်တို့သည် အဆင့်မြင့်ပညာရပ်များကို ဆည်းပူးလေ့လာလျက်ရှိကြကြောင်း။

ကချင်ပြည်နယ်၏ ပြောင်းလဲဖြစ်ပေါ်တည်ရှိလာသည့် အဆင့်မြင့်ပညာရေးကဏ္ဍနှင့် ချိတ်ဆက်မိရေးအတွက်လည်း **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✻

ပြည်သူ့သဘောထား (၄...
အပျက်သမားများ၏ လုပ်ကြ...

မှတ်တမ်းတင် ဓာတ်ပုံရိုက်

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များ အစိုးရနည်းပညာကောလိပ် (ဗန်းမော်) ပင်မအဆောက်အအုံသစ် ရှေ့၌ ဒေသခံ တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

သည် ဘက်စုံကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်လု...
ထိုကဲ့သို့ တိုးတက်မှု၊ အောင်မြင်မှုများရရှိနေ...
ပြည်တွင်းမှာသာ ရှိသည် ဆိုသည့်အတိုင်း နိုင်ငံ...
ဦးထမ်းပဲ့ထမ်း ဟန်ချက်ညီညီ ပူးပေါင်းလုပ်ကိုင်...

နိုင်ငံရေးအရ ဖိအားပေးမှု၊ စီးပွား...
သံတမန်ရေးအရ အထီးကျန်နိုင်ငံဖြစ်အောင်...
နိုင်ငံတော်၌ ရင်ဆိုင်နေရသည့် ပြည်ပနိုင်ငံ...
ရှိနေသည့်ကြားမှပင် ကိုယ့်ခွန်ကိုယ့်အားကိုအ...
တိုးတက်ဖွံ့ဖြိုးစေရန် လုပ်ကိုင်ဆောင်ရွက်...
အမျိုးချစ်စိတ်၊ ပြည်ထောင်စုကြီး မြတ်နိုးတွယ်...
ဖိဖိစီးစီး အလုပ်လုပ်နိုင်ကြ၍ပင်ဖြစ်ကြောင်း၊...
စည်းလုံးမှု၊ ငြိမ်းချမ်းမှုနှင့် အလုပ်လုပ်မှုတို့ကြော...
ခံစားနေရခြင်းဖြစ်ကြောင်း။

စုပေါင်းစွမ်းပကာ...

ထိုကဲ့သို့ အောင်မြင်မှုအသီးအပွင့်များ...
နိုင်ငံတော်ကို စည်းကမ်းပြည့်ဝသည့် ဒီမိုက...
ကူးပြောင်းပြီး နိုင်ငံတော်အာဏာကို ပြည်သ...
အပ်နှံရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွား...
အတိအလင်းချမှတ်ကာ အောင်မြင်စွာ စတင်အ...
နေပြီဖြစ်ကြောင်း၊ မူဝါဒလမ်းစဉ် (၇)ရပ်...
နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်အင်အားသုံး...
အဓိကတည်မှီနေခြင်းလည်းဖြစ်ကြောင်း။

ဦးတည်ချက်ရှိရှိ ညီညီညွတ်ညွတ် ပေါင်းစည်းကြိုးပမ်း အလုပ်လုပ်ခဲ့ကြသည့်အတွက် အခြေခံကျကျ ပြောင်းလဲတိုးတက်မှုများ၊ အောင်မြင်မှုများ မျက်ဝါးထင်ထင်မြင်ကြရ

အစိုးရနည်းပညာကောလိပ်(ဗန်းမော်)...
ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်...
မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်...
နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့်...
ဥက္ကဋ္ဌ ဦးကျော်ဝင်းတို့ ဖဲကြိုးဖြတ်၍ ဖွင့်လှ...

✻ စာမျက်နှာ ၇ မှ
အခြေခံပညာရေးကဏ္ဍ၏ လိုအပ်ချက်များကို တစ်ပြိုင်တည်း ဖြည့်ဆည်းစီမံပေးလျက်ရှိကြောင်း၊ ယခင်က အထက်တန်းကျောင်း ၃၀ ရှိခဲ့ရာမှ ယခုအခါ အထက်တန်းကျောင်း ၄၆ ကျောင်း၊ အထက်တန်းကျောင်းခွဲ ၂၀ ကျောင်း၊ အလယ်တန်းကျောင်း ၈၇ ကျောင်း၊ အလယ်တန်းကျောင်းခွဲ ၂၀ ကျောင်း၊ မူလတန်းကျောင်း ၁၁၇၉ ကျောင်း စသည်ဖြင့် တိုးချဲ့ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း။

တစ်သားတည်းဆက်စပ်နေ

နိုင်ငံတော်တွင် ယခုကဲ့သို့ ဒေသအလိုက်ပညာ အခြေခံမြင့်မားရင့်ကျက်သည့် ပညာတတ်များနှင့် နိုင်ငံတော်တည်ဆောက်ရေးအတွက် ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပြည့်ပြည့်စုံစုံ ပေါ်ထွက်လာရေးတို့ကို ယနေ့ဖွင့်လှစ်ထားရှိပြီးဖြစ်သည့် တက္ကသိုလ်နှင့် ကောလိပ်များကပင် အဓိကမွေးထုတ်ပေးသွားကြရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်နှင့် ကောလိပ်များ၏တာဝန်သည် သက်ဆိုင်ရာစာသင်ခန်းများ၌ပင် ကန့်သတ်တုပ်နှောင်မနေတော့ဘဲ မိမိပတ်ဝန်းကျင်၊ မိမိဒေသ၊ မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပါ တစ်သားတည်း ဆက်စပ်နေပြီဖြစ်ကြောင်း။

တိုင်းပြည်တွင် ပြည်သူလူထုအနေဖြင့် ပညာရည်အဆင့်အတန်းမြင့်မားနေရမည့်အပြင် ထူးချွန်ထက်မြက်သည့် ပညာတတ် လူ့အရင်းအမြစ်များလည်း လုံလုံလောက်လောက် ရှိနေမှလည်း ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို အောင်မြင်ဖြစ်ထွန်းအောင် တည်ဆောက်နိုင်မည်ဖြစ်သကဲ့သို့ အောင်မြင်ဖြစ်ထွန်းလာမှုများကိုလည်း ရေရှည်အကျိုးသက်ရောက်မှုရှိရှိ တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် တိုင်းပြည်တွင် သဘာဝသယံဇာတ အရင်းအမြစ်များရှိရန် လိုအပ်သကဲ့သို့ လူ့စွမ်းအားအရင်းအမြစ်များ ခိုင်ခိုင်မာမာရှိနေရန်လည်း အထူးအရေးကြီးလှကြောင်း။

လမ်းညွှန်မိန့်ကြား

ထို့ကြောင့်လည်း နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက—

"နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအား သယံဇာတအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်သည့် အသိပညာရှင်များ၊ အတတ်ပညာရှင်များ ဒေသအလိုက် ဖြစ်ထွန်းလာစေရန် စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း"

"ပညာရည်မြင့်မားမှသာ မိမိလူမျိုးကြီးပွားတိုးတက်စေရန် စွမ်းဆောင်နိုင်မှာဖြစ်သဖြင့် နိုင်ငံနှင့်အဝန်းတွင် တိုင်းရင်းသားလူမျိုးအားလုံး ပညာရည်မြင့်မားပြီး အတွေးအခေါ်၊ အကြံအစည်၊ အားထုတ်မှု၊ ဖန်တီးနိုင်မှုစသည့် အရည်အချင်းများဖြစ်ထွန်းကာ ဘက်စုံထောင့်စုံမှ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ကြရန်လိုကြောင်း"ဖြင့် လမ်းညွှန်မိန့်ကြားခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများနှင့်အညီ ယနေ့ တပ်မတော်အစိုးရသည် တိုင်းပြည်တွင် ပညာတတ် တိုင်းရင်းသားလူ့အရင်းအမြစ်များ မွေးထုတ်နိုင်ရန် ကြိုးပမ်းစီမံနေသကဲ့သို့ ပြည်သူများအားလုံး အေးအေးချမ်းချမ်း လုံလုံခြုံခြုံ အလုပ်လုပ်နိုင်ရေး၊ ပြည်သူများအတွက် စီးပွားရေးအခွင့်အလမ်းကောင်းများ တိုးချဲ့ပွင့်လန်းလာရေး၊ သက်တမ်းစေ့ ကျန်းကျန်းမာမာ နေနိုင်ရေး၊ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး စသည့်လူမှုဘဝ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များနှင့်အညီ ကြိုးပမ်းတည်ဆောက်နေခြင်းဖြစ်ကြောင်း။

အောင်မြင်ဖြစ်ထွန်း

ထိုကဲ့သို့ ဦးတည်ချက်ရှိရှိ၊ ညီညီညွတ်ညွတ် ပေါင်းစည်းကြိုးပမ်းအလုပ်လုပ်ခဲ့ကြသည့်အတွက် နိုင်ငံတော်အတွင်း၌ မည်သည့်ခေတ်ကာလနှင့်မျှ မတူတော့ဘဲ အခြေခံကျကျ ပြောင်းလဲတိုးတက်မှုများ၊ အောင်မြင်ဖြစ်ထွန်းမှုများကို မျက်ဝါးထင်ထင် မြင်တွေ့နေကြရခြင်းပင်ဖြစ်ကြောင်း။

ကချင်ပြည်နယ်တွင် လက်နက်ကိုင်သောင်းကျန်းမှု ချုပ်ငြိမ်းပြီး တိုင်းရင်းသားညီအစ်ကို သွေးချင်းများအကြား ငြိမ်းချမ်းမှု၊ နားလည်မှု၊ စာနာမှု၊ ပူးပေါင်းဆောင်ရွက်မှုစသည့် ကောင်းမြတ်သော မင်္ဂလာတရားများကို ဖော်ဆောင်နိုင်သည့်အတွက် ပြည်နယ်တစ်ခုလုံး ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုတို့၏ အကျိုးသက်ရောက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ခံစားနေကြရပြီဖြစ်ကြောင်း။

အရှိန်အဟုန်ဖြင့်တိုးတက်လာ

နိုင်ငံတော်၏ မှန်ကန်သည့် မူဝါဒဆိုင်ရာလမ်းညွှန်မှု၊ တွန်းအားပေးမှု၊ ပံ့ပိုးကူညီမှု၊ ဒေသတာဝန်ခံများ၏ မနားမနေ ကွင်းဆင်းကြပ်မတ်အားပေးမှု၊ ဒေသခံတိုင်းရင်းသားပြည်သူများ၏ လုံ့လဝီရိယ စိုက်ထုတ်မှုများကြောင့် ကချင်ပြည်နယ်၏ စီးပွားရေးအခြေအနေသည် အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့ပြီဖြစ်ကြောင်း။

ပြည်နယ်အတွင်း၌ ဆန်စပါးနှင့် ဆီထွက်သီးနှံကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်သည့်အတွက် လွန်ခဲ့သည့် ငါးနှစ်ခန့်မှစပြီး ဒေသတွင်း၌ ဆန်နှင့် စားသုံးဆီများ ဖူလုံပိုလျှံခဲ့ပြီဖြစ်ကြောင်း၊ ကိုယ်ပိုင်သီးနှံရိက္ခာ ဖူလုံမှုနှင့်အတူ ပြည်နယ်၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် ကဏ္ဍများသည်လည်း သိသိသာသာ တိုးတက်ဖွံ့ဖြိုးလာလျက်ရှိကြောင်း၊ ကိန်းဂဏန်းများအရသာမက မျက်မြင်အနေအထားများအရပါ ကချင်ပြည်နယ်သည် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ် ရောက်ရှိနေပြီဖြစ်ကြောင်း ထင်ရှားလျက်ရှိကြောင်း။

အပြိုင်အဆိုင်ဖွံ့ဖြိုး

ကချင်ပြည်နယ်ကဲ့သို့ပင် အခြားပြည်နယ်နှင့် တိုင်းများသည်လည်း အလားတူ အပြိုင်အဆိုင် ဖွံ့ဖြိုးတိုးတက်လျက်ရှိနေပြီဖြစ်ကြောင်း၊ ခြုံ၍ပြောရလျှင် ပြည်နယ်နှင့်တိုင်း ၁၄ခုဖြင့် ဖွဲ့စည်းထူထောင်ပြီးဖြစ်သည့် ပြည်ထောင်စုကြီး

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင်...
နိုင်ငံတော်အာဏာကို ပြည်သူများထံ စနစ်တကျပြန်လည်အပ်...

မူဝါဒလမ်းစဉ်(၇)ရပ်ကို အတိအလင်းချ...
အောင်မြင်စွာ အကောင်အထည်ဖော်ဆော...

ူ့သဘောထား (၄)ရပ်နှင့်အညီ တိုင်းရင်းသားပြည်သူအားလုံးက ညီညီညွတ်ညွတ်ဖြင့်
သမားများ၏ လုပ်ကြံဖန်တီးမှု၊ သွေးထိုးသပ်လျှိုမှုများကို ဖယ်ရှားချေမှုန်းသွားကြရန် အရေးကြီး

သည် ဘက်စုံကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်လျက်ရှိနေခြင်းပင် ဖြစ်ကြောင်း၊ ထိုကဲ့သို့ တိုးတက်မှု၊ အောင်မြင်မှုများရရှိနေခြင်းသည် ပြည့်အင်အားသည် ပြည်တွင်းမှာသာ ရှိသည် ဆိုသည့်အတိုင်း နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် ဦးထမ်းပဲ့ထမ်း ဟန်ချက်ညီညီ ပူးပေါင်းလုပ်ကိုင်ခဲ့သည့်အတွက်ပင်ဖြစ်ကြောင်း။

နိုင်ငံရေးအရ ဖိအားပေးမှု၊ စီးပွားရေးအရ ပိတ်ဆို့ကန့်သတ်မှု၊ သံတမန်ရေးအရ အထီးကျန်နိုင်ငံဖြစ်အောင် စွပ်စွဲလုပ်ကြံမှုစသည့် ယနေ့နိုင်ငံတော်၌ ရင်ဆိုင်နေရသည့် ပြည်ပနိုင်ငံကြီးအချို့၏ အကျပ်ကိုင်မှုများ ရှိနေသည့်ကြားမှပင် ကိုယ့်ခွန်ကိုယ့်အားကိုအခြေခံပြီး ယခုကဲ့သို့ တိုင်းပြည်တိုးတက်ဖွံ့ဖြိုးစေရန် လုပ်ကိုင်ဆောင်ရွက်ခြင်းသည် တိုင်းပြည်ချစ်စိတ်၊ အမျိုးချစ်စိတ်၊ ပြည်ထောင်စုကြီး မြတ်နိုးတွယ်တာသည့်စိတ်တို့ကို အရင်းခံပြီး ဖိဖိစီးစီး အလုပ်လုပ်နိုင်ကြ၍ပင်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် ညီညွတ်မှု၊ စည်းလုံးမှု၊ ငြိမ်းချမ်းမှုနှင့် အလုပ်လုပ်မှုတို့ကြောင့် အောင်မြင်မှု အသီးအပွင့်များ ခံစားနေရခြင်းဖြစ်ကြောင်း။

စုပေါင်းစွမ်းပကား

ထိုကဲ့သို့အောင်မြင်မှုအသီးအပွင့်များကို အခြေခံ၍ ယခုဆိုလျှင် နိုင်ငံတော်ကို စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းပြီး နိုင်ငံတော်အာဏာကို ပြည်သူများထံစနစ်တကျ ပြန်လည်အပ်နှံရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို အတိအလင်းချမှတ်ကာ အောင်မြင်စွာ စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ပြီးမြောက်ရေးသည် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်အင်အားသုံးခု၏ စုပေါင်းစွမ်းအားအပေါ်၌ အဓိကတည်မှီနေခြင်းလည်းဖြစ်ကြောင်း။

အစိုးရနည်းပညာကောလိပ်(ဗန်းမော်) ပင်မအဆောက်အအုံသစ်ကို ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့် ရွှေသံလွင်ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးကျော်ဝင်းတို့ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ရေစီနိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းပြီး
ျားထံ စနစ်တကျပြန်လည်အပ်နှံရေးအတွက်
ရပ်ကို အတိအလင်းချမှတ်ကာ
ာင်အထည်ဖော်ဆောင်ရွက်နေ

ပြည်တွင်းပြည်ပ အဖျက်သမားများက မည်ကဲ့သို့ပင် လုပ်ကြံဖန်တီးမှုများ ပြုလုပ်နေစေကာမူ ပြည်သူ့သဘောထား (၄)ရပ်နှင့်အညီ တိုင်းရင်းသားပြည်သူအားလုံးက ညီညီညွတ်ညွတ်ဖြင့် အဖျက်သမားများ၏ လုပ်ကြံဖန်တီးမှု၊ သွေးထိုးသပ်လျှိုမှုများကို ဖယ်ရှားချေမှုန်းသွားကြရန် အရေးကြီးကြောင်းကို ကြုံကြိုက်တုန်း ရှင်းလင်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ဗန်းမော်နည်းပညာကောလိပ်သည် ထူးချွန်ထက်မြက်သည့် အင်ဂျင်နီယာ အတတ်ပညာရှင်ကောင်းများ ပေါ်ထွက်လာစေရန် ကြိုးစားဆောင်ရွက်သွားကြရင်း မိမိတို့ကောလိပ်၏ ဂုဏ်သိက္ခာနှင့် အရည်အချင်းကို ထည်ဝါတင့်တယ်အောင် သယ်ပိုးဆောင်ရွက်ကြပါရန် မှာကြားလိုကြောင်း၊ (၂၁)ရာစုအတွင်း ကမ္ဘာကြီးသည် ရေခြား မြေခြား အချိန်ခြားနေမှုများကို ကျော်လွှားပြီး နီးကပ်ဆက်စပ်ယှက်နွယ် ပြောင်းလဲတိုးတက်နေသည့် ကမ္ဘာကြီးအဖြစ် ဦးတည်နေချိန်တွင် မြန်မာနိုင်ငံအနေဖြင့်လည်း သိပ်သည်းကျစ်လျစ် စုစည်းသည့်အားကို အခြေခံပြီး ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းပြည်နှင့် လူမျိုးကိုချစ်သည့် စိတ်ဓာတ်တို့ဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးကို အရှိန်အဟုန်ဖြင့် ဝိုင်းဝန်းကြိုးပမ်း တည်ဆောက်ကြပါရန် တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားသည်။

အမှာစကားပြောကြား

ဆက်လက်၍ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက အမှာစကားပြောကြားရာတွင် ယနေ့သည် ဗန်းမော်ခရိုင်အတွက် ထူးခြားမွန်မြတ်သည့် နေ့တစ်နေ့ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဗန်းမော်ခရိုင်တွင် အစိုးရ နည်းပညာကောလိပ် ဖွင့်လှစ်ပေးပြီး လိုအပ်သော ကျောင်းဆောင်သစ်များ ဆောက်လုပ်ဖွင့်လှစ်ပေးနိုင်၍ပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဖွင့်လှစ်ပေးနိုင်သည့်အတွက် ကချင်ပြည်နယ် ဗန်းမော်ခရိုင်နှင့် စစ်ကိုင်းတိုင်း ကသာခရိုင်အတွင်း၌ရှိသည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့ မွေးရာဇာတိမြေနှင့် အနီးအနားတွင် လိုအပ်သော အဆင့်မြင့်ပညာရပ်များကို အလွယ်တကူ ဆည်းပူးသင်ယူနိုင်တော့မည်ဖြစ်ကြောင်း။

ယနေ့ ဖွင့်လှစ်ပေးနိုင်ခဲ့သည့် အစိုးရနည်းပညာကောလိပ်နည်းတူ ဗန်းမော်မြို့၌ ဒီဂရီကောလိပ်နှင့် ကွန်ပျူတာကောလိပ်များကိုလည်း ဆောက်လုပ်ဖွင့်လှစ်ပေးနိုင်သည်ကိုလည်း မြင်တွေ့ကြရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ပညာရေးကဏ္ဍမြင့်မားရေး၊ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနေသည့် နိုင်ငံတော်အစိုးရ၏ စေတနာများကိုလည်း သဘောပေါက် နားလည်ကြရမည်ဖြစ်ကြောင်း။

ဗန်းမော်ခရိုင်သည်လည်း အထူးဒေသကြီးတစ်ခုအဖြစ် သတ်မှတ်၍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ရင်းနှီးမြှုပ်နှံဆောင်ရွက်နေ

ဖွံ့ဖြိုးရေး အထူးဒေသကြီးများတွင် သတ်မှတ်ထားသော အင်္ဂါရပ်များနှင့်အညီ ဒီဂရီကောလိပ်၊ နည်းပညာကောလိပ်၊ ကွန်ပျူတာကောလိပ်နှင့် ခုတင် (၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံတို့လည်း ပါဝင်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ပေးခြင်းသည် ဒေသအတွင်း မှီတင်းနေထိုင်ကြသည့် ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်က ရင်းနှီးမြှုပ်နှံ ဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ကြောင်း။

ဒေသအတွင်း ပညာရေးအဆင့်အတန်း မြင့်မားစေရေးအတွက် ဗန်းမော်ခရိုင်အတွင်း၌ ရှိနေသည့် အခြေခံပညာကျောင်းများအပြင် ယနေ့ဖွင့်လှစ်သည့် နည်းပညာကောလိပ်အပါအဝင် အဆင့်မြင့်ပညာသင်ကျောင်းများကြောင့် ဒေသအတွင်း ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အဆင့်မြင့်ပညာရပ်များကို သင်ယူလာနိုင်ကြပြီး ကိုယ်ရည်ကိုယ်သွေးမြင့်မားသည့် လူသားအရင်းအမြစ်များ ရရှိလာပြီး နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူရရှိလာမည်ဖြစ်ကြောင်း။

ကျောင်းအုပ်ဆရာကြီး ဒေါက်တာဥက္ကာက အစိုးရနည်းပညာကောလိပ်(ဗန်းမော်)ပင်မအဆောက်အအုံသစ် တည်ဆောက်ခဲ့မှု အခြေအနေ၊ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် သင်တန်းများ၊ ကျောင်းသား၊ ကျောင်းသူများအား လေ့ကျင့်သင်ကြားပို့ချနေမှုအခြေအနေနှင့် သင်ကြားစီမံကိန်းရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အကျိုးရလဒ်များခံစားရရှိနေ

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျွမ်းကျင်သော စက်မှုအတတ်ပညာရှင်များ၊ အင်ဂျင်နီယာများ၊ သိပ္ပံပညာရှင်များ များစွာလိုအပ်လျက်ရှိကြောင်း၊ ကျွမ်းကျင်သူ အင်ဂျင်နီယာများ၊ သိပ္ပံပညာရှင်များသည် နိုင်ငံတော်၏စွမ်းအားများဖြစ်ကြောင်း၊ ကချင်ပြည်နယ်အနေဖြင့် ၂၀၀၄-၂၀၀၅ ခုနှစ်အထိ ကျွမ်းကျင်သူနှင့် အင်ဂျင်နီယာ စုစုပေါင်း ၁၄၈၃ ဦးကို မြစ်ကြီးနားနည်းပညာကောလိပ်နှင့် ဗန်းမော်နည်းပညာကောလိပ်တို့မှ လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း၊ ထိုကဲ့သို့ အဆင့်မြင့်နည်းပညာကျောင်းများ ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ဒေသအတွင်းရှိ ကျောင်းသားလူငယ်များသည် အဆင့်မြင့်နည်းပညာများကို စရိတ်စက သက်သာစွာဖြင့် လက်လှမ်းတမီ သင်ယူနိုင်ခဲ့ကြောင်း၊ ကချင်ပြည်နယ်မှ

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ အစိုးရနည်းပညာကောလိပ် (ဗန်းမော်) ပင်မအဆောက်အအုံသစ်ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အရည်အချင်းမြင့်မားသော အတတ်ပညာရှင်၊ အသိပညာရှင် စသည့် ပညာတတ် လူသားအရင်းအမြစ်များ၊ မွေးထုတ်နိုင်ရေးအတွက် အခြေခံအဆောက်အအုံတစ်ခုကို ပုံသဏ္ဍာန်အရရော အနှစ်သာရအရပါ ခိုင်ခိုင်မာမာ ထူထောင်ပေးခဲ့ခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရသည် ဒေသတစ်ခုနှင့် တစ်ခုအကြား၊ ဆူကြုံနိမ့်မြင့်ကွာဟနေမှုများ လျော့နည်းကျဆင်းပြီး ပြည်နယ်နှင့်တိုင်းအားလုံး တစ်ပြိုင်တည်း မျှမျှတတဖွံ့ဖြိုးတိုးတက်စေရန်၊ တိုင်းရင်းသား ညီအစ်ကိုအားလုံး ကျေးလက်မြို့ပြမခွဲခြားဘဲ တိုးတက်စေရန်ဆိုသည့် မွန်မြတ်သောရည်မှန်းချက်ကို အမြဲအလေးထားဖော်ဆောင် နေခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်းအရ လူငယ်လူရွယ်များကို ပညာသင်ယူနိုင်ခွင့် အခွင့်အလမ်းများ ပိုမိုရရှိစေရန်၊ ပညာရေးအရည်အသွေး မြင့်မားစေရန်၊ ခေတ်မီစေရန်၊ ခေတ်မီသတင်းနှင့်ဆက်သွယ်ရေး နည်းပညာများဖြင့် လေ့လာသင်ယူနိုင်စေရန် နိုင်ငံတကာ တိုးတက်ပြောင်းလဲမှုများနှင့် လျော်ညီစွာ ပညာရပ်အမျိုးမျိုး၊ဘာသာရပ်အမျိုးမျိုးကို ရွေးချယ်သင်ယူနိုင်စေရန်တို့အတွက် ပညာရေးမြှင့်တင်မှု အစီအမံများ၊ ပညာရေးလုပ်ငန်းစဉ်များကို နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည့်အလျောက် ယခုဆိုလျှင် အောင်မြင်ဖြစ်ထွန်းသည့် အကျိုးရလဒ်များကို ပြည်သူများရရှိခံစားနေကြရပြီဖြစ်ကြောင်း။

အထူးသဖြင့် ပညာရေးကဏ္ဍ၏ မျှော်မှန်းချက်များဖြစ်သော အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များနှင့် ဒေသအလိုက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်မွေးထုတ်ပေးရန် မြန်မာ့ပညာရေးစနစ်သည် မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ အရင်းအမြစ်ဖြစ်စေရန်နှင့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်လုံးကိုလည်း မြန်မာ့ပညာရေးစနစ်၏ အရင်းအမြစ်အဖြစ် အသုံးပြု နိုင်စေရန်ဆိုသည့် ရည်မှန်းချက်များ အောင်မြင်ပြီးမြောက်ရေးသည် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီး၌ ဖြန့်ကျက်တည်ရှိနေသည့် တက္ကသိုလ်၊ ကောလိပ်အသီးသီး၏ စွမ်းဆောင်ပေးနိုင်မှုအပေါ် မူတည်နေခြင်းဖြစ်ကြောင်း။

တိုက်တွန်းမှာကြား

ထို့ကြောင့် ပြည်သူများ၊ ကျောင်းသား ကျောင်းသူများအနေဖြင့် နိုင်ငံတော်ကထားရှိသည့် စေတနာ၊ မေတ္တာများကို သိရှိသဘောပေါက်ပြီး မိမိတို့၏ အဆင့်မြင့်ပညာရပ်များကို ဆုံးခန်းတိုင်အောင် သင်ယူကြပြီး နိုင်ငံတော်ကို ပြန်လည်တုံ့ပြန် အကျိုးပြုကြရန် တိုက်တွန်းမှာကြားကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာကြီး ဒေါက်တာဥက္ကာက အစိုးရနည်းပညာကောလိပ်(ဗန်းမော်) ပင်မအဆောက်အအုံသစ် တည်ဆောက်ခဲ့မှု အခြေအနေ၊ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် သင်တန်းများ၊ ကျောင်းသား၊ ကျောင်းသူများအား လေ့ကျင့်သင်ကြားပို့ချနေမှု အခြေအနေနှင့်သင်ကြား၊ စီမံကိန်းရပ်များကို ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အစိုးရနည်းပညာကောလိပ်(ဗန်းမော်) ကျောင်းဆောင်သစ် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ရွှေသံလွင်ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးမိုးကျော်သူက အလှူငွေကျပ် သိန်း ၅၀ ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ကြီးက လက်ခံသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် အစိုးရနည်းပညာကောလိပ်(ဗန်းမော်) ဖွင့်လှစ်ပေးခဲ့သည့်အတွက် ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များသည် ပင်မအဆောက်အအုံရှိ Computer Room၊ Language Lab၊ Library နှင့် စာသင်ခန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီးထပ်မံ၍ နှုတ်ဆက်သည်။

ပါဝင်ဖွဲ့စည်းထား

အစိုးရနည်းပညာကောလိပ်(ဗန်းမော်)မှာ မြေဧရိယာအကျယ်အဝန်း ၆၆ ဒသမ ၄၄ ဧကပေါ်၌ တည်ဆောက်ထားခြင်းဖြစ်ပြီး ပင်မအဆောက်အအုံနှင့်အတူ စာသင်ခန်း ၁၄ခန်း၊ ကွန်ပျူတာခန်းတစ်ခန်း၊ လက်တွေ့သင်ကြားခန်းတစ်ခန်း၊ အလုပ်ရုံသုံးဆောင်၊ အုပ်ချုပ်ရေးနှင့် စီမံရေးရာရုံးခန်း နှစ်ခန်း၊ ညှိခန်း၊ အစည်းအဝေးခန်း တစ်ခန်း၊ စာကြည့်တိုက်တစ်ခန်း၊ ဌာနမှူးခန်းနှစ်ခန်း၊ စုံညီစုဝေးခန်းမ၊ သင်ကြားရေးဌာနများ အပါအဝင် စုစုပေါင်း ၄၅ ခန်းတို့ဖြင့် ပါဝင်ဖွဲ့စည်းတည်ဆောက်ထားသည်။

အစိုးရနည်းပညာကောလိပ် (ဗန်းမော်)၌ ၂၀၀၅-၂၀၀၆ ခု ပညာသင်နှစ်တွင် B.Tech ၄၂ ဦး၊ A.G.T.I ဒီပလိုမာ ၁၅၄ ဦးနှင့် B.S.T.C ဒီပလိုမာ လေးဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၂၀၀ တို့ ပညာသင်ကြားလျက်ရှိကြပြီး A.G.T.I ဒီပလိုမာ ၅၇ ဦး၊ B.S.T.C ဒီပလိုမာ ၇၉ ဦး စုစုပေါင်း ၁၃၆ ဦးတို့အား မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်သည်။ (သတင်းစဉ်)

၂၄နာရီပတ်လုံး သဘာဝဓာတ်ငွေ့ လိုသလောက်ဖြည့်တင်းနိုင် မည်သည့်ယာဉ်မဆို သဘာဝဓာတ်ငွေ့ယာဉ်အဖြစ် ပြောင်းလဲပေးနေ

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း သာကေတကမ်းလွန်ရေနံ အခြေစိုက်စခန်းသို့ သွားရောက်ပြီး သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များ (Natural Gas Vehicle - NGV) ပြောင်းလဲ တပ်ဆင်ပေးနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

ရန်ကုန် ဇူလိုင် ၁၀

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း သာကေတကမ်းလွန် ရေနံအခြေစိုက် စခန်းသို့ သွားရောက်ပြီး သဘာဝဓာတ်ငွေ့သုံးမော်တော်ယာဉ်များ (Natural Gas Vehicle-NGV) ပြောင်းလဲတပ်ဆင်ပေးနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးက သဘာဝဓာတ်ငွေ့ယာဉ်အဖြစ် ပြောင်းလဲလိုသည့် မည်သည့်ယာဉ်ကိုမဆို ပြောင်းလဲတပ်ဆင်ပေးလျက်ရှိရာ ပြောင်းလဲလိုသည့်ယာဉ်များအား အဆင်ပြေချောမွေ့စွာ ပြောင်းလဲနိုင်ရေး အထူးဂရုစိုက် ဆောင်ရွက်သွားကြရန်နှင့် ဌာနဆိုင်ရာ လုပ်ငန်းသုံးယာဉ်များကိုပါ တိုးချဲ့ပြောင်းလဲသွားကြရန်မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

သတ်မှတ်ဖိအား

ဆက်လက်၍ ဝန်ကြီးသည် အလုံမြို့နယ် ကမ်းနားလမ်းရှိ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်အမှတ်(၀၀၃)နှင့် ဆိုင်အမှတ်(၀၁၃) တို့သို့ သွားရောက်ပြီး မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ ဖြည့်တင်းပေးနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ ဝန်ကြီးက မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ဖြည့်တင်းရာတွင် သတ်မှတ်ဖိအားကို ပြည့်မီအောင် ဂရုစိုက် ဖြည့်တင်းပေးကြရန် မှာကြားပြီး မော်တော်ယာဉ်ယာဉ်မောင်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် စမ်းချောင်းမြို့နယ် ဗဟိုလမ်းနှင့် ဗားကရာလမ်းထောင့်ရှိ စက်သုံးဆီ အရောင်းဆိုင်အမှတ်(၀၂၆၁)သို့ သွားရောက်ပြီး မော်တော်ယာဉ်များအား စက်သုံးဆီ ဖြည့်တင်းပေးနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယခုအခါ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်အဖြစ် ပြောင်းလဲလိုသည့် မည်သည့်ယာဉ်မဆို စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း သာကေတကမ်းလွန် ရေနံအခြေစိုက်စခန်း၌ လက်ခံပြောင်းလဲ တပ်ဆင်ပေးလျက်ရှိသည်။ ပြောင်းလဲ တပ်ဆင်ပြီးသည့် မော်တော်ယာဉ်များအနေဖြင့် ဓာတ်ဆီ၊ ဒီဇယ်ဆီ တစ်ဂါလန်နှင့် ညီမျှသော သဘာဝဓာတ်ငွေ့ ၁၆၅ကုဗပေလျှင် ငွေကျပ် ၁၀၀နှုန်းဖြင့် ရန်ကုန်မြို့ပေါ်ရှိ CNG အရောင်းဆိုင်များတွင် ၂၄နာရီပတ်လုံး သဘာဝဓာတ်ငွေ့ကို လိုသလောက် အကန့်အသတ်မရှိ ဝယ်ယူဖြည့်တင်းနိုင်မည်ဖြစ်သည်။

စုံစမ်းနိုင်

သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်အဖြစ် ပြောင်းလဲတပ်ဆင်လိုသည့် ယာဉ်ပိုင်ရှင်များအနေဖြင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း သာကေတကမ်းလွန် ရေနံအခြေစိုက်စခန်း ဖုန်း -၅၄၅၇၃၉ နှင့် ၀၉ -၅၀ ၀၇၁၉၀ တို့သို့ ဆက်သွယ် စုံစမ်းနိုင်သည်။

ယနေ့အထိ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပြောင်းလဲတပ်ဆင်ပြီးသော သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ် NGV စုစုပေါင်းမှာ ၂၉၃၈စီးဖြစ်ပြီး အရှိန်အဟုန်ဖြင့် ဆက်လက်ပြောင်းလဲ တပ်ဆင်ပေးလျက်ရှိသည်။

(သတင်းစဉ်)

မြန်မာကန္ဒီကျောင်းတိုက် ဝါဆိုသင်္ကန်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၁၀

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် အမှတ်(၉၄)ရပ်ကွက် ယုဇနဥယျာဉ်မြို့တော် မြန်မာကန္ဒီကျောင်းတိုက်အတွင်း ပုရိမဝါကပ်ဆိုကြမည့် ပဓာန နာယကဆရာတော် ဘဒ္ဒန္တသုမနသာဂရ(အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက)အမှူးရှိသော ဝါဆိုသံဃာတော်များအပါအဝင် သံဃာတော်အပါး ၄၀ တို့အား ဇူလိုင် ၂၀ ရက် (ဝါဆိုလပြည့်) (ဗုဒ္ဓဟူးနေ့)တွင် ရပ်ကွက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးပြီး ပဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ (က-ပ)

မြန်မာ့အသေးစား ချေးငွေလုပ်ငန်း ကျွမ်းကျင်မှုသင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၁၀

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အသေးစား ချေးငွေလုပ်ငန်း၏ ငွေကြေးပစ္စည်း ထိန်းသိမ်းခြင်းနှင့် လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှု သင်တန်း အမှတ်စဉ် (၂/၂၀၀၅)ဖွင့်ပွဲကို ဇူလိုင် ၄ရက် နံနက်က ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့အသေးစား ချေးငွေလုပ်ငန်း သင်တန်းခန်းမတွင် ပြုလုပ်ရာ အထွေထွေမန်နေဂျာဦးအောင်မြင့်ထွန်း တက်ရောက် အမှာစကား ပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ဒုတိယအထွေထွေမန်နေဂျာနှင့် အရာထမ်း၊ အမှုထမ်းများ၊ ပြည်နယ်နှင့်တိုင်း အသီးသီးမှ သင်တန်းသူ၊ သင်တန်းသား ၃၄ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တသုံးပတ် ကြာမြင့်မည် ဖြစ်သည်။ (၃၂)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ဇူလိုင် ၉ရက် နံနက်က ရန်ကုန်တိုင်း မှော်ဘီမြို့နယ် အထယုကျေးရွာအနီးရှိ ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) ပရဝဏ်အတွင်း၌ကျင်းပသည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ငုရွှေဝါပင်ကို စိုက်ပျိုးပေးစဉ်။ (၁၉)

ဖလားဝါးနယူးခ်ဂျာနယ် အတွဲ(၁)၊ အမှတ်(၃၆)ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၀

အရှေ့တောင်အာရှ၏ အကြီးဆုံးသစ်ခွခြံ ရန်ကုန်တိုင်းတွင် တည်ထောင်စိုက်ပျိုး၊ မြန်မာ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေး အစွမ်းကုန် အကူအညီပေးမည်ဟု တရုတ်ဝန်ကြီးချုပ်က ကတိပြုပြောကြား၊ အပျော်ဇိမ်ခံရထားစီး ကမ္ဘာလှည့်ခရီးသွား အစီအစဉ်များ၊ မြန်မာနိုင်ငံတွင် လာမည့်နှစ်ဆန်း၌ စတင်မည့် မီးအာမခံနှင့်ရော၍ အခြားအာမခံငါးခုထားနိုင်သည့် အစီအစဉ်စတင်၊ မိန်းမအဖြစ်မှ ယောကျ်ားဘဝပြောင်းလာသူ နောက်ဆက်တွဲသတင်း စသည့် ပြည်တွင်းရေးရာ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

မယားကုန်းပိုးအပြေးပြိုင်ပွဲ အက်စ်တိုးနီးယားနိုင်ငံက ချန်ပီယံဘွဲ့ဆက်ထိန်းထား၊ အီဂျစ်သံအဖွဲ့ခေါင်းဆောင် အီရတ်တွင် ပြန်ပေးဆွဲခံရ၊ ခုခံအားကျရောဂါသည် အာရှအတွက် အသံတိတ်ဆူနာမီဖြစ်နေ၊ ပီရူးနိုင်ငံ၌ ပုစွန်တုပ်လူသားကလေးမွေးဖွား စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ ကျန်းမာရေး၊ စီးပွားရေး၊ အားကစားနှင့်ဖျော်ဖြေရေးကဏ္ဍ စုံလင်စွာကို e-Empire Media House ဖုန်း-၅၄၈၈၈၁ မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိသည်။ (က-ပ)

ပုသိမ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၁၀

ပုသိမ်အသင်း(ရန်ကုန်)၏ (၂၁) ကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ဇူလိုင် ၂၄ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဧရာဝတီတိုင်းမွှာရုံ အမှတ်-၄၃(စီ) ကြာတောရလမ်း ဗဟန်းမြို့နယ်တွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် ပုသိမ်သူ၊ ပုသိမ်သားများ ကြွရောက်ပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဥက္ကဋ္ဌ ဦးသန်းထွန်း ဖုန်း-၀၉-၅၀၀-၂၉၂၅၊ ၀၉-၉၉-၂၃၂၈၁၊ အတွင်းရေးမှူး ဦးစိုးဟန်လင်း ဖုန်း-၀၉-၈၀-၂၃၃၀၇၊ ၂၉၇၉၇၄၊ ဘဏ္ဍာရေးမှူး ဦးလေးတင့် ဖုန်း-၂၂၁၉၇၈၊ ၇၀၁၄၇၃၊ ပုသိမ်အသင်း (ရန်ကုန်) ၃၇၉၂၅၈ တို့ထံတွင် ဆက်သွယ်လှူဒါန်းနိုင်သည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၁-၇-၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	**ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၈:၀၀	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၁၀	၇။	အရေးပြိုင်ပွဲ
၈:၂၀	၈။	သင်ပုန်းရေလှောင်တမံ
၈:၃၀	၉။	International News.
၈:၄၅	၁၀။	Grammar Made Easy.
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	Practice in Reading.
၄:၄၅	၄။	တေးဂီတအစီအစဉ်
၅:၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၅:၁၅	၆။	အကပဒေသာ
၅:၂၅	၇။	လက်ဆင့်ကမ်းပေး ဂီတတေး
၅:၃၀	၈။	တေးဂီတအစီအစဉ်
၅:၄၅	၉။	မြန်မာ့ရိုးရာတောခလေ့ ကျေးလက်တေးသံများ
၅:၅၅	၁၀။	တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၆:၀၅	၁၁။	Discovery.
၆:၁၀	၁၂။	**နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "ရယ်ရှင်ဆော့ပြေး ပုရွက်ဆိတ်လေး" (အပိုင်း-၃)**
၆:၃၀	၁၃။	ညနေခင်းသတင်း
၇:၀၀	၁၄။	မိုးလေဝသအခြေအနေ
၇:၀၅	၁၅။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေးနီမလေးရဲ့ချစ်ပုံပြင်" (အပိုင်း-၃)**
၇:၃၀	၁၆။	**(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ကြိုးစားလေ့ကျင့်ပြေးခုန်ပစ်**
၇:၄၀	၁၇။	တေးဂီတအစီအစဉ်
၇:၅၀	၁၈။	စက်မှုစွမ်းအားခေတ်ကျော်လွှား
၈:၀၀	၁၉။	ပြည်တွင်းသတင်း
	၂၀။	နိုင်ငံတကာသတင်းများ
	၂၁။	မိုးလေဝသအခြေအနေ
	၂၂။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ဟောမာန်ဆောင်း၏ချစ်သံစဉ်" (အပိုင်း-၃၃)**
	၂၃။	နောက်တစ်နေ့အစီအစဉ်
	၂၄။	အစီအစဉ်ပြီး၏။

အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ဆက်လက်ထိန်းသိမ်း ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်း

အမှာစကား

မြန်မာ အမျိုးသမီးများနေ့ အခမ်းအနားကို ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဥတ္တမ ခန်းမ၌ ကျင်းပရာ သဘာပတိ ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝေ ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

● အဖျက်သမားများမှ

ပြည်ထောင်စုကြွံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသူများ၊ သူနာပြုသင်တန်းသူများ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ရဲမေများ၊ ဌာနဆိုင်ရာ အမျိုးသမီးဝန်ထမ်းများ၊ အခြေခံပညာကျောင်း ဆရာမများ၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၁၀၀၀ကျော် တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝေက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင်ဒေါ်ခင်သန်းနွဲ့၊ တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ခင်ရီ၊ အမျိုးသမီးငယ်ရွယ်လုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ဒေါ်ငွေကျော့နှင့် အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ ဒုတိယခေါင်းဆောင် ဒေါ်အေးအေးတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ အမျိုးသမီးငယ်ရွယ်လုပ်ငန်းအဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်မြင့်မြင့်သာနှင့် တွဲဖက် အခမ်းအနားမှူးအဖြစ် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခွဲ အဖွဲ့ဝင် ဒေါ်သူဇာဇံတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် သဘာပတိ ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝေက မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အခမ်းအနားသည် သမိုင်းအစဉ်အဆက် လေးစားဂုဏ်ယူဖွယ် ဂုဏ်ဒြပ်များနှင့်ပြည့်စုံသော မြန်မာအမျိုးသမီးတစ်ရပ်လုံးကို ဂုဏ်ပြုကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားပင်ဖြစ်ကြောင်း။

သမိုင်းအစဉ်အဆက်တွင် မြန်မာအမျိုးသမီးများသည် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်း အရေးပါသည့် အခန်းကဏ္ဍမှ ရပ်တည်လာခဲ့ကြသဖြင့် ယခုကဲ့သို့ နိုင်ငံတော်က မြန်မာအမျိုးသမီးများနေ့ကို သတ်သတ်မှတ်မှတ် ဂုဏ်ပြုဖော်ဆောင်ခဲ့ခြင်းသည် မိမိတို့ မြန်မာအမျိုးသမီးများအတွက် ထိုက်တန်သည့်နေရာကို ရရှိခဲ့ခြင်းပင်ဖြစ်ကြောင်း၊ မြန်မာအမျိုးသမီးများနေ့သည် တစ်ဦးတစ်ယောက်အတွက် မဟုတ်သကဲ့သို့ တစ်ဦးတစ်ယောက်တည်းနှင့်သာ သက်ဆိုင်ခြင်းမဟုတ်ကြောင်း၊ နိုင်ငံတော်အတွင်းရှိ မြန်မာအမျိုးသမီးအားလုံးနှင့် သက်ဆိုင်သော နေ့တစ်နေ့ပင်ဖြစ်ကြောင်း။

မြန်မာအမျိုးသမီးများနေ့ ဖြစ်ပေါ်လာသည့် သမိုင်းကြောင်းကို ပြန်ကြည့်လျှင် ၁၉၉၆ခုနှစ်၊ ဇူလိုင်လ ၃ရက်နေ့တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ယင်းဇူလိုင်လ ၃ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၂၀ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ခိုင်မာမွန်မြတ်သည့် ရည်ရွယ်ချက်များ ချမှတ်လုပ်ဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း။

ထိုရည်ရွယ်ချက်များမှာ–

- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရာ၌ အမျိုးသမီးများ၏ကဏ္ဍကို မြှင့်တင်ရန်၊**
- **အမျိုးသမီးများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်၊**
- **အမျိုးသမီးများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်၊**
- **တိုင်းရင်းသား ရိုးရာ၊ ဓလေ့ထုံးစံများကို ပိုမိုမြတ်နိုး တန်ဖိုးထားသော စိတ်ဓာတ်မြှင့်တင်ရေးအတွက် အမျိုးသမီးများကို လေ့ကျင့်ပျိုးထောင်ရန်၊**
- **အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေးနှင့်ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊**
- **အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှု လျော့နည်းပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ရန်၊**
- **အမျိုးသမီးများ၏ အခွင့်အရေးများကို တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့်အညီ အကောင်အထည်ဖော်ရာတွင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်**

တို့ပင် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် မြန်မာနိုင်ငံ၏ အမျိုးသမီးထု ၂၇သန်းကို ကိုယ်စားပြုဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၌ အဆင့်အတန်းမရွေး၊ အလွှာမရွေး မိမိနိုင်ငံ၊ မိမိလူမျိုးအကျိုးကို လိုလားသူ အမျိုးသမီးတိုင်း၊ အမျိုးချစ်သူ အမျိုးသမီးတိုင်း၊ မိမိဆန္ဒရှိပါက ပါဝင်နိုင်ခွင့်ရှိပြီး အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မှာ ဖြစ်ကြောင်း။

ယနေ့ မြန်မာနိုင်ငံတွင် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး ဦးတည်ချက်(၁၂)ရပ် ချမှတ်ကာ နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံသူနိုင်ငံသား ပြည်သူအားလုံး၏ လူမှုဘဝ ခိုင်မာမြင့်မားစေရေးနှင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းစေရေးအတွက် ဘက်စုံ၊ ကဏ္ဍစုံမှ အထူးဝါယမစိုက်ထုတ်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဦးစီးသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီ၏ ဦးဆောင်မှုဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဒေသကြီး ၂၄ခု ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်အတွင်း နေရာအနှံ့ အကြားအလပ်မရှိ အရှိန်အဟုန်ဖြင့် ဖော်ဆောင်ပေးလျက်ရှိရာ မိမိတို့အမျိုးသမီးထုကြီးတစ်ရပ်လုံးကလည်း တက်ကြွစွာ တစ်တပ်တစ်အား ပါဝင်လုပ်ဆောင်လျက်ရှိပါကြောင်း၊ သမိုင်းအစဉ်အလာ ထွန်းပြောင်ခဲ့သည့် မိမိတို့ မြန်မာအမျိုးသမီးများသည် ကမ္ဘာတည်သရွေ့ နိုင်ငံတော်အဓွန့်ရှည်ရေး၊ သားစဉ်မြေးဆက် ကမ္ဘာ့အလယ် ထည်ဝါစွာရပ်တည်နိုင်ရေးတို့အတွက် ဆောင်ရွက်နေသည့် ယနေ့နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ၌ ကျရာအခန်းကဏ္ဍမှ ဦးလည်မသုန်ထမ်းရွက် သွားကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ပေါက်လာစေရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ရပ်ဆိုင်းထားခဲ့ရသော အမျိုးသားညီလာခံကို အောင်မြင်စွာ ပြန်လည်ကျင်းပနိုင်ခဲ့ပြီး အတော်အတန်ပင်ခရီးပေါက်နေပြီဖြစ်ကြောင်း၊ လမ်းစဉ်(၇)ရပ်အောင်မြင်ရေးကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်အင်အား သုံးရပ်၏စွမ်းပကားကို ဟန်ချက်ညီညီ ပေါင်းစည်းအားပြု ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ပြည်သူများ၏အင်အားဆိုရာမှာလည်း စုစည်းထက်မြက်သည့် အမျိုးသားရေးစွမ်းအားစုများအဖြစ် ဖွဲ့စည်းထူထောင်ထားသည့် မိမိတို့အမျိုးသမီးရေးရာအဖွဲ့အပါအဝင်၊ လူမှုရေးအဖွဲ့အစည်းများ၏ စွမ်းအားသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိခြင်းကြောင့် နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်တို့နှင့် ဆက်လက်ပြီး နီးကြားတက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

မိမိတို့နိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများကို မျက်ကွယ်ပြုပြီး ပြည်ပြေးများ၊ အဖျက်သမားများ၊ သောင်းကျန်းသူအကြွင်းအကျန်များ၊ အမျိုးသားသစ္စာဖောက်

ရခိုင်ပြည်နယ် အမျိုးသမီး ရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်မိမိစိန် မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကား ပြောကြားစဉ်။
(သတင်းစဉ်)

အဖွဲ့များသည် အနောက်အင်အားကြီးနိုင်ငံတချို့၏ ခိုင်းစေချက်အတိုင်း ဒို့တာဝန်အရေး(၃)ပါး ထိခိုက်ပျက်စီးရေး၊ ပြည်တွင်းတည်ငြိမ်မှုပျက်ပြားရေး၊ ဖြတ်လမ်းမှ အာဏာရယူရေးလုပ်ငန်းများကို နည်းမျိုးစုံဖြင့် မပြတ်လုပ်ဆောင်နေကြောင်း၊ ယင်းအဖျက်သမားများ၏အန္တရာယ်ကို မပြတ်သောသတိဖြင့် အမြဲစောင့်ကြည့်ပြီး ခိုင်မာသည့်စည်းလုံးမှု၊ နိုးကြားသည့်စိတ်ဓာတ်တို့ဖြင့် ပြတ်ပြတ်သားသား တုံ့ပြန်သွားကြရန် လိုအပ်မှာဖြစ်ပါကြောင်း။

ပြည်တွင်းပြည်ပအဖျက်အုပ်စုက မည်သို့ပင် ဖျက်ဆီးဟန့်တား နှောင့်ယှက်သည်ဖြစ်စေ မိမိတို့မြန်မာနိုင်ငံကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ဖြစ်ရေးအတွက် ချမှတ်ထားသည့် ဦးတည်ချက်များ၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များအတိုင်း စည်းလုံးညီညွတ်စွာဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း။

မိမိတို့ မြန်မာအမျိုးသမီးထုတစ်ရပ်လုံးအနေဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရည်ရွယ်ချက်(၇)ရပ် အောင်မြင်ရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားကြပါ၊ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေး(၃)ပါးကို ဆက်လက်ခံယူကျင့်သုံးသွားကြပါ၊ မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျရာအခန်းကဏ္ဍမှ တက်ကြွစွာပူးပေါင်းဆောင်ရွက်သွားကြပါ၊ ဝံသာနုရက္ခိတတရားဖြစ်သည့် မိမိတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ဆက်လက်ထိန်းသိမ်းသွားကြပါ၊ အမိနိုင်ငံတော်တွင် မှန်ကန်သည့် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းဆောင်ရွက်သွားကြပါ၊ ပြည်တွင်းပြည်ပ အဖျက်သမားအန္တရာယ်ကို ပြည်သူ့သဘောထား(၄)ရပ်ဖြင့် တားဆီးကာကွယ်သွားကြပါဟု တိုက်တွန်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး စစ်တွေတက္ကသိုလ်၊ သတ္တဗေဒဌာနမှ တွဲဖက်ပါမောက္ခ ဒေါ်မိမိစိန်က မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကားပြောကြားရာတွင် ကမ္ဘာပေါ်ရှိ နိုင်ငံအတော်များများ၌ အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူရည်တူအခွင့်အရေး မျှမျှတတ မရဘဲ ဘဝလုံခြုံမှုနည်းပါးနိမ့်ကျရခြင်းကြောင့် တန်းတူအခွင့်အရေးရရှိရေး၊ ဘဝလုံခြုံမှုရရှိရေးကို တောင်းဆိုနေကြရကြောင်း၊ သို့သော်လည်း မြန်မာနိုင်ငံ၌ အမျိုးသမီးများ ပညာသင်ခွင့်၊ အလုပ်လုပ်ခွင့်၊ အမျိုးသားများနှင့် ရာထူးတာဝန် အဆင့်ချင်းတူလျှင် လစာလုပ်ခတူညီခွင့်တို့မှာ မွေးရာပါရရှိသော အခွင့်အရေး (Vested Right) ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် မဲရုံစပေါ်ကတည်းကပင် မြန်မာအမျိုးသမီးများ မဲထည့်ခွင့်ရရှိခဲ့ကြောင်း၊ ယနေ့ဖွံ့ဖြိုးတိုးတက်ပါသည်ဆိုသည့် မိမိကိုယ်မိမိ ဒီမိုကရေစီနိုင်ငံပါဟု ဟစ်ကြွေးပြနေသော နိုင်ငံကြီးများ၌ပင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူမဲပေးခွင့်ကို ၂၀ရာစု တစ်ဝက်ကျိုးခါနီးမှ ရရှိခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ဦးစီးပြီး အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများညီလာခံများကို အမျိုးသမီးများ၏ ခွဲခြားခံရမှုပပျောက်ရေးအတွက် ဦးတည်လျက် ကျင်းပပေးခဲ့ခြင်းဖြစ်ကြောင်း၊ ၁၉၉၅ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ကျင်းပခဲ့သည့် ဘေဂျင်းညီလာခံက နိုင်ငံတိုင်းတွင် အမျိုးသားအဆင့် ယန္တရားတစ်ခု ဖွဲ့စည်းဆောင်ရွက်ရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည့်အတွက် နိုင်ငံတိုင်းတွင် အမျိုးသမီး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်ယန္တရားတစ်ခု ဖွဲ့စည်းကြရန် ညီလာခံတက်ရောက်သည့် နိုင်ငံတိုင်းက သဘောတူလက်ခံခဲ့ကြကြောင်း။

မြန်မာနိုင်ငံသည် ၁၉၉၇ခုနှစ်တွင် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (Convention on the Elimination of all forms of Discrimination Against Women-CEDAW) ၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂက ဦးစီးကျင်းပသည့် ဘေဂျင်းညီလာခံအပါအဝင် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးညီလာခံများမှ ဆုံးဖြတ်ချက်များနှင့် CEDAW Convention တို့ကို လေးစားလိုက်နာသောအားဖြင့် မိမိနိုင်ငံမှာ အမျိုးသား၊ အမျိုးသမီး ခွဲခြားမှုများနှင့် အမျိုးသမီးဆိုင်ရာ အခွင့်အရေးများ ဆုံးရှုံးမှုတို့ မရှိပင်မရှိငြားသော်လည်း မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ၁၉၉၆ခုနှစ် ဇူလိုင်လ ၃ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ဇူလိုင်လ ၃ရက်နေ့ကိုလည်း မြန်မာအမျိုးသမီးများနေ့အဖြစ် ဂုဏ်ပြုသတ်မှတ်ခဲ့ကြောင်း။

ဤကဲ့သို့ မွန်မြတ်သည့် ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးအဖွဲ့အစည်းကြီး တစ်ခုကို ဖွဲ့စည်းခြင်းသည် အမျိုးသမီးတစ်ဦးတည်း၊ လူပုဂ္ဂိုလ်တစ်ယောက်တည်းအတွက် ရည်ရွယ်ဖွဲ့စည်းခဲ့ ခြင်းမဟုတ်သည့်အတွက် တစ်ဦးတစ်ယောက်တည်းကို ကိုယ်စားပြုခြင်းမရှိကြောင်း အားလုံးအသိပင်ဖြစ်ကြောင်း။

မြန်မာအမျိုးသမီးထု တစ်ရပ်လုံးကို ကိုယ်စားပြုဖွဲ့စည်းသည့် အထိမ်းအမှတ်အနေဖြင့် ဂုဏ်ပြုသတ်မှတ်သော မြန်မာအမျိုးသမီးများနေ့ကို ဤမြေမှာမွေး၊ ဤရေကိုသောက်ပြီး မိမိနိုင်ငံကို ကျွန်ပြုအုပ်ချုပ်ခဲ့သည့် အနောက်နိုင်ငံသားကိုမှ အိမ်ထောင်ဖက်အဖြစ် ရွေးချယ်ခဲ့ကာ အနောက်နိုင်ငံကြီးတချို့၏ ရုပ်သေးရုပ်အဖြစ် နိုင်ငံရေးဇာတ်ခုံပေါ် ဝင်ရောက်ကြိုးရှုပ်နေသည့် အမျိုးသမီးတစ်ဦး၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ပုံပြင်ပြောင်းလဲရန် နိုင်ငံရပ်ခြား တိုင်းပြည်အချို့၊ ပြည်ပြေးတချို့၊ နယ်ချဲ့လက်ပါးစေတချို့က ကြိုးပမ်းနေကြကြောင်း။

၎င်းအမျိုးသမီးသည် နိုင်ငံကျွန်ဖြစ်ရေး၊ တပ်မတော်ပြိုကွဲရေး၊ တိုင်းပြည်အလုံးစုံပျက်စီးရေး ဦးတည်လုပ်ဆောင်နေသည့်အပြင် နိုင်ငံတော်အစိုးရကို ထိပ်တိုက်ရင်ဆိုင်ပြီး တိုင်းပြည်နှင့် ပြည်သူလူထု ဆင်းရဲဒုက္ခရောက်စေရန်အတွက် မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ပြီး မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှု မပြုလုပ်ရန်၊ အကူအညီအထောက်အပံ့များ မပေးရန်၊ မြန်မာနိုင်ငံကို ကမ္ဘာလှည့်ခရီးသည်များ မလာရောက်ရန်၊ ကုလသမဂ္ဂအဖွဲ့အစည်းမှ ထုတ်ပစ်ရန်၊ ကမ္ဘာ့အလုပ်သမားအဖွဲ့မှ ထုတ်ပစ်ရန်၊ အာဆီယံဝင်ရောက်ခွင့် မပြုရန်စသည်တို့ဖြင့် အလုံးစုံပျက်သုဉ်းရေးမူဝါဒကို ပြောင်ပြောင်တင်းတင်း ဆောင်ရွက်နေသည်ကို တွေ့ရှိနိုင်ကြောင်း။

အနောက်နိုင်ငံကြီးတချို့နှင့် ပြည်ပြေးများက မီဒီယာများကို အသုံးပြုပြီး ၎င်းအမျိုးသမီး၏ မွေးနေ့ကို မြန်မာအမျိုးသမီးများနေ့ဟူ၍ မိမိတို့ မြန်မာအမျိုးသမီးထုတစ်ရပ်လုံး၏ ဆန္ဒနှင့်ဆန့်ကျင်ပြီး တစ်ဖက်သတ်ထုတ်ဖော်နေခြင်းသည် အလွန်ပင်အဓိပ္ပာယ်ကင်းမဲ့ပြီး မိမိတို့ မြန်မာအမျိုးသမီးတစ်ရပ်လုံးအပေါ် စော်ကားခြင်းပင် ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် မြက်တစ်ပင် မနုတ်ဖူး၊ အုတ်တစ်ချပ် မသယ်ဖူးဘဲ ကိုယ်ကျိုးအတွက် ပြည်ပသြဇာခံ ရုပ်သေးရုပ်လုပ်ပြီး နိုင်ငံအပေါ် ပျက်စီးရေးလုပ်ငန်းများကို အစဉ်တစိုက်ပြုလုပ်နေသူဖြစ်၍ ၎င်းအား မြန်မာပြည်သူအဖြစ်ပင် မသတ်မှတ်သင့်တော့သကဲ့သို့ မြန်မာပြည်တွင်းမှာပင် မရှိသင့်တော့ကြောင်း။

မြန်မာအမျိုးသမီးများနေ့သည် မြန်မာအမျိုးသမီးများအားလုံးနှင့်သာ သက်ဆိုင်ကြောင်း၊ ပြည်တွင်းပြည်ပ အဖျက်သမားများ၏ လုပ်ဆောင်ချက်သည် အဓိပ္ပာယ်မဲ့သည့် လုပ်ဆောင်ချက်၊ သဘာဝမကျသည့် လုပ်ဆောင်ချက်ဖြစ်ခြင်းကြောင့် မြန်မာအမျိုးသမီးထုအပါအဝင် မြန်မာပြည်သူလူထုတစ်ရပ်လုံးက ကန့်ကွက်ရှုတ်ချပြီး လုံးဝလက်မခံကြောင်းကို ဤနေရာမှနေ၍ အတိအလင်း ပြောကြားလိုက်ပါကြောင်း၊ ထို့ကြောင့် မြန်မာအမျိုးသမီးအားလုံးနှင့် သက်ဆိုင်သည့် အနှစ်သာရရှိသော ဇူလိုင်လ ၃ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့အဖြစ် သတ်မှတ်ခြင်းသည် အမွန်မြတ်ဆုံး၊ အမှန်အကန်ဆုံးဖြစ်သည်ဟု လေးလေးနက်နက် ထပ်လောင်းပြောကြားလိုကြောင်း၊ ထို့ပြင် မြန်မာအမျိုးသမီးများနေ့ကို ကမ္ဘာတည်သရွေ့ ခိုင်မြဲတည်တံ့အဓွန့်ရှည်နေအောင် မိမိတို့ ရခိုင်တိုင်းရင်းသူ အမျိုးသမီးထုကြီးက မြန်မာတိုင်းရင်းသူ အမျိုးသမီးများ အားလုံးနှင့်အတူ လက်တွဲပြီး ဝိုင်းဝန်းကြိုးပမ်း လုပ်ဆောင်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

မြန်မာအမျိုးသမီးထုသည် အရေအတွက်အရ အင်အားကြီးမားရုံသာမက အရည်အချင်းအားဖြင့်လည်း စွမ်းရည်မြင့်မား သမိုင်းအစဉ်အလာ ထင်ရှားခဲ့သည့် အင်အားစုကြီးဖြစ်ကြောင်း၊ မိမိတို့ ရခိုင်ပြည်နယ်ကို ပြန်ကြည့်လျှင် သမိုင်းကြောင်းမှာ အထင်ကရအနေဖြင့် နိုင်ငံ့အုပ်ချုပ်ရေးတွင် ယောကျ်ားများနှင့် တန်းတူရင်ပေါင်တန်းပြီး အုပ်ချုပ်နိုင်ခဲ့သည့် ဘုရင်မများ၊ ထင်ရှားခဲ့သည့် စာဆိုရှင် အမျိုးသမီးများ၊ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ဖြင့် ပြည့်စုံသည့် အမျိုးသမီးများ ပေါ်ထွန်းခဲ့ကြောင်း၊ သမိုင်းတွင် မှတ်တမ်းများရှိပါကြောင်း၊ ဥပမာပြရလျှင် ဘုရင်မတစ်ပါးဖြစ်သည့် ကုဝေရာမိဒေဝီမိဖုရား၊ စာဆိုရှင် စောပြည့်ညို(ခေါ်) သုဝဏ္ဏဒေဝီတို့သည် လွန်ခဲ့သည့် နှစ် ၂၀၀၀ကျော် ကာလ ရခိုင်ဝေသာလီခေတ်ကပင် ထင်ရှားကျော်ကြားခဲ့သည့် သမိုင်းဝင် အမျိုးသမီး အကျော်အမော်များ ဖြစ်ကြောင်း၊ **စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ❐

ပြည်ပမှ ဖိအားပေးပိတ်ဆို့သော လုပ်ရပ်အားလုံးကို မြန်မာအမျိုးသမီးများအားလုံးက လုံးဝဆန့်ကျင်ရှုတ်ချ

❐ စာမျက်နှာ ၁၁ မှ

အလားတူ မြောက်ဦးခေတ် ၁၆ရာစုနှင့် ၁၇ရာစု ကြားမှာလည်း နန်းတွင်းမိညို (ခေါ်) စာဆိုရှင်၊ သီလသမာဓိဂုဏ်ဖြင့် ပြည့်စုံပြီး လိမ္မာယဉ်ကျေးသိမ်မွေ့မှုမှာ စံပြုရသည့် ပိုးဝါမင်းသမီး စသော သမိုင်းတင်လောက်သည့် အမျိုးသမီးများ ထွန်းကားခဲ့ကြောင်း။

ယခင်ခေတ်များက သာမကဘဲ ယခုခေတ်တွင်လည်း အမျိုးသမီးထုကြီး၏ စွမ်းရည်ကို ပိုမိုမြှင့်တင်ပေးနေသည်နှင့်အမျှ ကျစ်လျစ်ခိုင်မာသည့် အင်အားစု အနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် တိုင်းပြည်နှင့် လူမျိုးအကျိုး၊ အမျိုးသမီး ထုအကျိုးကို တည်ဆောက်ကာကွယ်ပေးမည့် အမျိုးသားရေး အင်အားစုကြီး တစ်ရပ်အဖြစ် တက်ညီလက်ညီ ပါဝင်ဆောင်ရွက်နိုင်လျက်ရှိကြောင်း။

အနောက်အင်အားကြီးနိုင်ငံတချို့က စီးပွားရေးအရ ပိတ်ဆို့ဖိအားပေးခြင်း၊ ပြည်ပအကူအညီများ ကန့်သတ်ပိတ်ဆို့ခြင်း၊ ငွေကြေးထောက်ပံ့မှုနှင့် နိုင်ငံတကာ ချေးငွေပိတ်ဆို့ခြင်း၊ ကမ္ဘာလှည့်ခရီးသည်နှင့် ဟိုတယ်လုပ်ငန်းများတွင် ပိတ်ဆို့တားမြစ်ခြင်း၊ ရရှိပြီး ရင်းနှီးမြှုပ်နှံမှုများကို ကန့်သတ်ပိတ်ဆို့ခြင်း စသည့်နည်းမျိုးစုံဖြင့် မြန်မာနိုင်ငံသားများ၏ စီးပွားရေးဘဝ ကျဆင်းအောင် ရည်ရွယ်လုပ်ဆောင်လျက်ရှိရာ မြန်မာအမျိုးသမီးထုကိုလည်း ယင်းဆိုးကျိုးများ သက်ရောက်ခဲ့ကြောင်း။

ပြည်ပမှ စီးပွားရေးပိတ်ဆို့ ဖိအားပေးမှုများကြောင့် အထည်ချုပ်လုပ်ငန်း စက်ရုံ၊ အလုပ်ရုံများပိတ်ပစ်ရခြင်းသည် မြန်မာအမျိုးသမီးအလုပ်သမများကို အလုပ်လက်မဲ့ဘဝသို့ ရောက်ရှိစေခဲ့ကြောင်း၊ ထို့ကြောင့် ဆက်စပ်နေသည့်မိသားစု များ၏ဘဝကိုပါ ထိခိုက်နစ်နာစေပြီး မြန်မာအမျိုးသမီးငယ်များကို လမ်းမှားသို့ ရောက်ရှိစေပါကြောင်း၊ ရိုးသားသည့် အမျိုးသမီးငယ်တချို့သည် လူကုန်ကူးမှု၏ သားကောင်ဘဝကို ကျရောက်ခဲ့ကြရပါကြောင်း။

အင်အားကြီး အနောက်နိုင်ငံအချို့က ၎င်းတို့ကိုယ်တိုင် စီးပွားရေးအရ ပိတ်ဆို့ဖိအားပေးနေပြီး မြန်မာနိုင်ငံသည် စီးပွားရေးတိုးတက်မှုမရှိ ကျဆင်းလျက် ရှိကြောင်း၊ အလုပ်လက်မဲ့များ ဖြစ်ပေါ်နေကြောင်း၊ လူကုန်ကူးမှုများအပေါ် အရေးယူမှုအားနည်းကြောင်း စသည် ပုတ်ခတ်စွပ်စွဲမှုများဖြင့် နိုင်ငံတော်ကို ထပ်မံသိက္ခာချလျက်ရှိကြောင်း။

ပြည်ပဖိအားပေးပိတ်ဆို့မှုများသည် ပြည်ပြေးများ၊ အဆိုးမြင်အဖွဲ့အစည်း များ၏ လုပ်ကြံဖန်တီးထားသည့် သတင်းမှားများအပေါ် အခြေခံလျက်ရှိကြောင်း၊ တိုင်းရင်းသားပြည်သူအားလုံး၏ ဘဝရှေ့ရေးကို ပစ်ပယ်ကာ လူတစ်စု၊ လူတစ်ဖွဲ့၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏အကျိုးစီးပွားကိုသာ ဘက်လိုက်ကိုယ်စားပြုနေသည်ကို ဆန်းစစ်တွေ့ရှိနိုင်ကြောင်း၊ ဤလုပ်ရပ်များ၏သက်ရောက်မှုကြောင့် အမျိုးသား စည်းလုံးညီညွတ်ရေးကို ပျက်ပြားစေပြီးအလုံးစုံပျက်သုဉ်းရေးသို့ ဦးတည်နေသည့် အတွက် ပြည်ပမှဖိအားပေးပိတ်ဆို့သော လုပ်ရပ်အားလုံးကို မိမိတို့ မြန်မာအမျိုး သမီးများအားလုံးက လုံးဝဆန့်ကျင်ရှုတ်ချကြောင်း ပြတ်ပြတ်သားသား ပြောကြား လိုက်ပါကြောင်း။

မြန်မာအမျိုးသမီးရေးရာ လုပ်ငန်းကော်မတီအနေဖြင့် ၂၀၀၁ခုနှစ်ကပင် စတင်ကာ မဲခေါင်ဒေသ လူကုန်ကူးမှု တိုက်ဖျက်ရေး ကုလသမဂ္ဂအစီအစဉ် (UNIAP)နှင့် ပူးပေါင်းပြီး တာဝန်ရှိ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များကို **"လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့် လူကုန်ကူးခြင်းခံရသူများအား မိသားစုနှင့် ပြန်လည်ပေါင်းစည်းပေးရေး"** အသိပညာပေးခြင်း၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF)၊ ကလေးသူငယ်စောင့်ရှောက်ရေးအဖွဲ့ (SC-UK) တို့နှင့် ပူးပေါင်းပြီး လူကုန်ကူးမှုဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ များကျင်းပခြင်း၊ စားပွဲဝိုင်းထိတွေ့မှုများပြုလုပ်ခြင်းဖြင့် အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုး တိုးတက်မှုနှင့် လူကုန်ကူးမှုတားဆီးရေးကိစ္စရပ်များကို အလေးထားဆောင်ရွက် ခဲ့ကြောင်း။

ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကာ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် UNIAPတို့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်သည့် မဲခေါင်မြစ်ဝှမ်း ဒေသတွင်း လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ကျင်းပပြီး လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးခဲ့ကြပါကြောင်း၊ မြန်မာနိုင်ငံသည် ယခုဆိုလျှင် လူကုန်ကူးမှုတားဆီးရေးတွင် အမျိုးသားအဆင့်ဌာန ဖွဲ့စည်း ထူထောင်ခဲ့ပြီး ဥပဒေပြဋ္ဌာန်းရေး၊ နိုင်ငံတစ်ဝန်းလုံး အတိုင်းအတာဖြင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေး စသည်များကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ပြင် နယ်စပ်ဒေသများနှင့် လူကုန်ကူးမှုအဖြစ်များသည့် ဒေသများ၌ လူကုန်ကူးမှုတားဆီးရေးဌာနများ၊ လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းသွားနိုင်ရန် အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်ဆက်တည်းမှာပင် လူကုန်ကူးခံရသည့် သားကောင် (Victim)များနှင့် လူကုန်ကူးမှုကြောင့်ဖြစ်ပေါ်သည့် HIV/AIDS ရောဂါဆိုး အန္တရာယ်ခံစားနေရသော အုပ်စုများကို ကုသရေး၊ ပြန်လည်ထူထောင် ရေး၊ နိုင်ငံတွင်းသို့ ပြန်လည်ပို့ဆောင်ရေး၊ ပြန်လည်စုစည်းရေးလုပ်ငန်းများကို လည်း အိမ်နီးချင်းနိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်နေကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုပပျောက်ရေးကို အလေးထား ဆောင်ရွက်ခြင်းမရှိဘူးဟု မြန်မာနိုင်ငံအပေါ် ဗိုလ်ကျစိုးမိုးလိုသော နယ်ချဲ့အုပ်စုဝင် နိုင်ငံကြီးအချို့၏ စွပ်စွဲချက်သည် လုံးဝအခြေအမြစ်မရှိ၊ မမှန်ကန်ကြောင်း မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့အစည်းတစ်ရပ်အနေဖြင့်ရော၊ အမျိုးအနွယ် စောင့်ထိန်းမှုကိုတန်ဖိုးထားသည့် ရခိုင်အမျိုးသမီးထုကိုပါ ကိုယ်စားပြုပြီး တရားဝင် အလေးအနက်ချေပ ပြောကြားလိုက်ပါကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံ ၁၀၀ကျော် စုပေါင်းကာ နှစ်ပေါင်းထောင်ချီပြီး စည်းလုံးညီညွတ်စွာဖြင့် ဥမကွဲသိုက်မပျက် စုစည်းနေထိုင်ခဲ့သည့် ပြည်ထောင်စုကြီးဖြစ်သည်နှင့်အညီ တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးကို အလေးထား တည်ဆောက်နေသည့် နိုင်ငံဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏အမျိုးသားရေးမူဝါဒအဖြစ် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသော မူဝါဒလမ်းစဉ်ကို ချမှတ်ပေးထားခြင်းဖြစ်ကြောင်း။

ထို့ပြင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ထွန်းရေးအတွက် ဦးတည်ချက် (၁၂)ရပ်နှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ဆောင်ရွက်နေသည်ကို အားလုံးအသိပင် ဖြစ်ပါ ကြောင်း။

နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ **"အမျိုးသမီးများ ဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ အသိအမြင် မှန်ကန်သော အမျိုးသမီးများ၊ အကျင့်စာရိတ္တကောင်းသည့် အမျိုးသမီးများ၊ မှန်ကန်သည့်ဘက်မှ ရပ်တည်သည့် အမျိုးသမီးများအဖြစ် အားမာန်အပြည့်အဝဖြင့် အမျိုးသမီးထုကြီး၏ စွမ်းဆောင်စရာရှိသည့် လုပ်ငန်းများကို အားတက်သရော ထမ်းဆောင်ရင်း နိုင်ငံတော်က ချမှတ်ထားသည့် အနာဂတ် အမျိုးသားရေးလုပ်ငန်း စဉ်(၇)ရပ် အောင်မြင်အောင် ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ကြမည်ဟု ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များကိုယ်စား ကတိပြုအပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ရခိုင်ပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့ ပြန်ကြားရေး ရာဌာန ခေါင်းဆောင် ဒေါ်ဆွေဆွေသန်း မြန်မာ အမျိုးသမီး များနေ့ ဂုဏ်ပြု စကား ပြောကြား စဉ်။
(သတင်းစဉ်)

ထို့နောက် ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ပြန်ကြားရေးရာဌာန ခေါင်းဆောင် အထက်တန်းပြဆရာမ ဒေါ်ဆွေဆွေသန်းက မြန်မာအမျိုးသမီးများ နေ့ ဂုဏ်ပြုစကားပြောကြားရာတွင် ယနေ့သည် မိမိတို့ မြန်မာအမျိုးသမီးအားလုံး အတွက် အလွန်ဂုဏ်ယူဖွယ်ရာကောင်းသည့် မြန်မာအမျိုးသမီးများနေ့ဖြစ်ကြောင်း၊ မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံး၏ ဘဝဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေးအတွက် တစ်နိုင်ငံလုံးကို ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် လွှမ်းခြုံဖော်ဆောင်ပေး နေသည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် ချမှတ်ထားသည့် ရည်ရွယ် ချက်များကို နိုင်ငံတော်၏ အမျိုးသားရေးအကျိုးစီးပွားစစ်စစ်ကိုသာ ရှေးရှုသော အခြေခံမူများနှင့်အညီ တက်ကြွစွာဖော်ဆောင်လျက်ရှိကြောင်း။

မိမိတို့ ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ကလည်း သတ်မှတ်ထားသည့် အဆင့်ဆင့်သောအဖွဲ့များကို ဦးဆောင်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် သစ်ဆီသို့ ပြည်သူတစ်ရပ်လုံးနှင့်အတူ အရှိန်အဟုန်ဖြင့် ဦးတည်ချီတက်လျက် ရှိကြောင်း။

တပ်မတော်အစိုးရ၏ မွန်မြတ်မှန်ကန်သည့် မူဝါဒနှင့် စေတနာဖြူစင်သည့် ဆောင်ရွက်မှုများကြောင့် နိုင်ငံတော်ကို နှစ်ကာလကြာရှည်စွာ လက်နက်ကိုင် လမ်းစဉ်ဖြင့် ဆန့်ကျင်ခဲ့ကြသည့် တိုင်းရင်းသားလက်နက်ကိုင် ၁၇ဖွဲ့သည် ဥပဒေ ဘောင်အတွင်းဝင်ရောက်ပြီး နိုင်ငံတော်၊ တပ်မတော်တို့နှင့် လက်တွဲကာ ဒေသ ဖွံ့ဖြိုးရေး၊ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်ကို အားလုံး မျက်မြင်ကိုယ်တွေ့ပင်ဖြစ်ပါကြောင်း၊ လက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းပြီး မိမိတို့ဒေသဖွံ့ဖြိုးရေးကို အပြည့်အဝ လုပ်ဆောင်လာခဲ့ကြသဖြင့် မျက်မှောက်ခေတ်သည် မည်သည့်ခေတ်ကာလနှင့်မျှမတူဘဲ အမျိုးသား ပြန်လည် သင့်မြတ်စည်းလုံးမှုဖြင့် ပြည်တွင်းငြိမ်းချမ်းမှု ထူးထူးကဲကဲရရှိနေသည်ကို ပြည်သူ အားလုံး အသိပင်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ရာနှုန်းပြည့်နီးပါး တည်ငြိမ် အေးချမ်းပြီး၊ တိုင်းရင်းသားညီအစ်ကိုများ စုစုစည်းစည်း ညီညီညွတ်ညွတ်ဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် အားထုတ်ကြိုးပမ်းပြီး တစ်စိတ်တစ်ဝမ်းတည်း ဆောင်ရွက်နေကြသည်ကို တစ်နည်းအားဖြင့် အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်၌ ဖြောင့်ဖြောင့်တန်းတန်း လျှောက်လှမ်းနေကြသည်ကို မလိုလားမရှုဆိတ်သည့် ကိုလိုနီလက်သစ် နိုင်ငံကြီးအချို့နှင့် အပေါင်းအပါများသည် နိုင်ငံတော်အပေါ် အမြင်မှန်မရနိုင်သေးဘဲ အကြောင်းအမျိုးမျိုးဖြင့် ဆက်လက်ဆန့်ကျင်နေကြသည့် သောင်းကျန်းသူအဖျက်သမား လက်တစ်ဆုပ်စာနှင့် ပြည်ပြေးအဖျက်သမားအချို့ကို ခုတုံးလုပ်ပြီး အမျိုးမျိုးသော လုပ်ကြံစွပ်စွဲမှုများဖြင့် မိမိတို့ မြန်မာနိုင်ငံ၏ပုံရိပ်ကို နိုင်ငံတကာအလယ်မှာ မှေးမှိန်အောင် လုပ်ဆောင်နေသည်ကို အားလုံးတွေ့ရှိကြရမှာ ဖြစ်ကြောင်း။

ကိုလိုနီနယ်ချဲ့လက်သစ်များနှင့် ၎င်းတို့လက်ပါးစေများ၏ လုပ်ကြံစွပ်စွဲမှု များသည် အကြံပက်စက် ဆန်ကောလောက်မှ ဇောက်မနက်ဟုဆိုရမှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံကို ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးများ အကြောင်းပြုပြီး လုပ်ကြံစွပ်စွဲ၊ ပုတ်ခတ်နေခြင်းသည် ၎င်းတို့အတွက် အကြောင်းမလှခြင်းကြောင့် မူးယစ်ဆေး ဝါးတိုက်ဖျက်ရေး၊ အဓမ္မစေခိုင်းမှု၊ လူကုန်ကူးမှုစသည့် ပြဿနာများရှိနေကြောင်း အထောက်အထား၊ အကိုးအကားမဲ့စွာဖြင့် လုပ်ကြံစွပ်စွဲလာခဲ့ကြပြန်ကြောင်း။

တစ်ကမ္ဘာလုံးနှင့် ဒေသအတွင်းရှုပ်ထွေးရစ်ပတ်ဆက်စပ်ဖြစ်ပွားနေသော အဆိုပါပြဿနာများကို နိုင်ငံတော်နှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တို့ကဲ့သို့ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပြီး ဖြေရှင်းဆောင်ရွက်ပေးနေကြောင်း၊ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြဖြေရှင်းလျက်ရှိခြင်းကြောင့် နိုင်ငံတကာက အမြင်ကြည်လင်လာသည့်အချိန်တွင် ယင်းပြည်တွင်းပြည်ပ အဖျက်သမားများသည် နောက်ထပ်နည်းအမျိုးမျိုးဖြင့် မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာထိပါးအောင် လုပ်ကြံ ဖန်တီးမှုများ ဆက်လက်လုပ်ဆောင်လာသည်ကို တိုင်းချစ်ပြည်ချစ်စိတ်ရှိသူတိုင်း သတိပြု ဖယ်ရှားကြရန်လိုအပ်ကြောင်း။

Shan Women's Action Network(SWAN) အမည်ခံပြီး ပြည်ပမှာ ပြည်ပြေးများနှင့် ဖွဲ့ထားသည့်အဖွဲ့တစ်ဖွဲ့က Licence to Rape ဆိုသည့် ခေါင်းစဉ် ဖြင့် လုပ်ကြံဖန်တီးရေးသားမှုများကို အနောက်မီဒီယာများ၏ အကူအညီဖြင့် ဖြန့်ဝေခဲ့သကဲ့သို့ Women's League of Burma အမည်ခံပြီး ပြည်ပတွင် ပြည်ပြေးများနှင့်ဖွဲ့ထားသည့် အဖွဲ့တစ်ဖွဲ့ကလည်း System of Impunity ဆိုသောခေါင်းစဉ်ဖြင့် လုပ်ကြံဖန်တီးရေးသားမှုများကို ပြည်ပမီဒီယာများ၏ အားပေးအားမြှောက်ပြုမှုဖြင့် ဖြန့်ချိခဲ့ကြကြောင်း။

ယင်းအဖွဲ့များသည် နယ်စပ်ဒေသအစွန်အဖျားများ၌ခိုကပ်ပြီး တပ်မတော်ကို စစ်ရေးအရ ရင်ဆိုင်နိုင်စွမ်းမရှိတော့သည့် ဘိန်းဓားပြ၊ အကြမ်းဖက်သောင်းကျန်းသူ များ၏ အဆွယ်အပွားအဖွဲ့များဖြစ်ပြီး ၎င်းတို့၏ အနောက်ဆရာကြီးများ၏ နည်းပေးလမ်းပြမှုများဖြင့် နိုင်ငံတော်ကိုနိုင်ငံရေးနည်းအရ လုပ်ကြံစွပ်စွဲပုတ်ခတ် နေကြခြင်းဖြစ်သည်ကို အမြော်အမြင်ရှိသူတိုင်း သိရှိနေကြပြီးဖြစ်ကြောင်း။

အထက်ကတင်ပြခဲ့သည့် အိမ်နီးချင်းနိုင်ငံအခြေစိုက် အဖွဲ့အစည်းနှစ်ခု ဖြစ်သည့် ရှမ်းလူ့အခွင့်အရေးအဖွဲ့နှင့် ရှမ်းအမျိုးသမီးများလှုပ်ရှားမှုကွန်ရက်အဖွဲ့က ထုတ်ပြန်သော ၂၀၀၂ခုနှစ်အတွင်း ကြေညာချက်၌ တပ်မတော်သားများက ရှမ်းပြည်နယ်အတွင်း ရှမ်းတိုင်းရင်းသူများအားအဓမ္မပြုကျင့်မှု ၁၇၅မှု ကျူးလွန် ခဲ့သည်ဟု စွပ်စွဲထားကြောင်း။

အဆိုပါစွပ်စွဲချက်များအပေါ် အဖြစ်အပျက်အခြေအနေမှန်ကို သိရှိနိုင်ရေး အတွက် လူကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်းကော်မတီက ဦးစီးကာ ဝန်ကြီးဌာနပေါင်းစုံမှ ကိုယ်စားလှယ်များပါဝင်သော ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ ၂၅ဖွဲ့ဖြင့် နယ်မြေအရောက် အသေးစိတ်စုံစမ်းစစ်ဆေးမှုများကို တိတိကျကျ ဆောင်ရွက်ခဲ့ကြောင်း၊ မြို့နယ် ၁၇မြို့နယ်တွင် စွပ်စွဲမှုဖြစ်ပေါ်ခဲ့သည့် ကျေးရွာ ၁၃၆ရွာအတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူ ၂၅၂ဦးကို တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့ကြောင်း၊ လေ့လာစစ်ဆေးမှုများအရ မှန်ကန်သည့်အမှု သုံးမှုသာရှိပြီး ၎င်းအမှုများကိုလည်း နယ်ဘက်ဥပဒေ၊ စစ်ဘက်ဥပဒေများအရ ထောင်ဒဏ်ချမှတ် အရေးယူခဲ့ပြီး ကျန်စွပ်စွဲချက်များအားလုံးမှာ လုံးဝအခြေအမြစ် အထောက်အထား မရှိဘဲ မဟုတ်မမှန် လုပ်ကြံစွပ်စွဲထားခြင်းသာဖြစ်သည်ကို ဖော်ထုတ်တွေ့ရှိ ခဲ့ရကြောင်း။

ယခုကဲ့သို့အချိန်အခါတွင် ပြည်ပြေးစိန်ဝင်း ဦးစီးသော ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသား ညွန့်ပေါင်းအစိုးရ (NCGUB)သည် မြန်မာအမျိုးသမီး ထုကြီးတစ်ရပ်လုံးအပါအဝင် မြန်မာပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်မှုကို မလိုလား မရှုဆိတ်ဘဲ အကြမ်းဖက်၊ အဖျက်အမှောင့်လုပ်ရပ်များဖြင့် နှောင့်ယှက်ဖျက်ဆီး နေသည်ကို တွေ့ရှိနေရပြန်ကြောင်း၊ ပြည်ပြေးစိန်ဝင်း၏ တစ်ဖက်နိုင်ငံမှာရှိကြသည့် အဓိကလက်ရုံးများမှာ FTUB(Federation of Trade Unions-Burma) ကို ဖွဲ့စည်းထားသည့် မောင်မောင်(ခ)ပြည်သစ်ညွန့်ဝေနှင့် လူ့ဘောင်သစ်မှ အောင်မိုး ဇော်တို့ အုပ်စုပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် အကြမ်းဖက်လုပ်ရပ် များကိုကြည့်လျှင်ပြည်ပရောက် (NCGUB) ပြည်ပြေးစိန်ဝင်းနှင့် ပြည်သစ် ညွန့်ဝေတို့သည် အနောက်နိုင်ငံသားအချို့နှင့် ပူးပေါင်းပြီး အကွက်ကျကျ စီမံ ဆောင်ရွက်ခဲ့ကြသည်ကို တွေ့မြင်ကြရမှာဖြစ်ကြောင်း၊ ပြည်ပြေးစိန်ဝင်းဦးစီးသည့် (NCGUB) သည်နိုင်ငံတကာမျက်နှာစာတွင် ဒီမိုကရေစီရေးတိုက်ပွဲဝင်နေသူ များအဖြစ် ဟန်ဆောင်မျက်နှာဖုံးတပ်ထားပြီး လက်တွေ့လုပ်နေသည်မှာ ထောက်ပံ့ ငွေများ၊ ရန်ပုံငွေများရရှိအောင် တောင်းခံကာ ၎င်းတို့ကိုယ်ကျိုးအတွက် သုံးစွဲ နေခြင်းပင်ဖြစ်ကြောင်း၊ ဤသို့ ၎င်းတို့ကိုယ်ကျိုးအတွက် လှည့်ဖြားဆောင်ရွက် နေခြင်းသည် ပြဿနာမဟုတ်သော်လည်း တစ်ဖက်က မြန်မာပြည်သူတစ်ရပ်လုံး အပေါ် အကြမ်းဖက်အဖျက်လုပ်ရပ် **စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❍**

> **အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်၌ ဖြောင့်ဖြောင့်တန်းတန်း လျှောက်လှမ်း နေကြသည်ကို မလိုလား မရှုဆိတ်သည့် ကိုလိုနီလက်သစ် နိုင်ငံကြီးအချို့နှင့် အပေါင်းအပါများသည် နိုင်ငံတော်အပေါ် အမြင်မှန်မရနိုင်သေးဘဲ အကြောင်း အမျိုးမျိုးဖြင့် ဆက်လက် ဆန့်ကျင်နေကြသည့် သောင်းကျန်းသူအဖျက်သမား လက်တစ်ဆုပ်စာနှင့် ပြည်ပြေး အဖျက် သမားအချို့ကို ခုတုံးလုပ်ပြီး အမျိုးမျိုးသော လုပ်ကြံစွပ်စွဲမှုများဖြင့် မိမိတို့ မြန်မာနိုင်ငံ၏ပုံရိပ်ကို နိုင်ငံတကာအလယ်မှာ မှေးမှိန် အောင် လုပ်ဆောင်နေသည်ကို အားလုံးတွေ့ရှိကြရမှာဖြစ်။**

ဒို့တာဝန်အရေးသုံးပါးသည် အားလုံးအတွက်အရေးကြီးပြီး စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ဖြစ် အမျိုးသမီးများ၏ ယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်ရအောင် ဆက်လက်ထိန်းသိမ်း

❍ စာမျက်နှာ ၁၂ မှ

များဖြင့် အတိဒုက္ခရောက်အောင် ဆောင်ရွက်နေသည်ကို မိမိတို့ မြန်မာအမျိုးသမီးရေးရာအဖွဲ့ကြီးအနေဖြင့် လုံးဝလက်မခံနိုင်ကြောင်း၊ ထို့ကြောင့် မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးအပါအဝင် မြန်မာပြည်သူများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးနေသော ပြည်ပအားကိုး ပြည်ပြေးစိန်ဝင်း၏ NCGUB အဖွဲ့နှင့် အခြားဆက်စပ် ပတ်သက်နေသော အဖွဲ့အားလုံးကို မတရားအသင်းအဖြစ် ကြေညာသင့်ပါကြောင်း ယနေ့ကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားတွင် မြန်မာအမျိုးသမီးထုကြီး၏ကိုယ်စား တင်ပြလိုက်ရပါကြောင်း။

နိုင်ငံနှင့်လူမျိုး အကျိုးစီးပွားကို မြန်မာအမျိုးသမီးထုကြီး တစ်ရပ်လုံးက တာဝန်သိသိ သစ္စာရှိရှိဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်နေချိန်တွင် သံခဲဦးစီးသည့် ABSDFအကြမ်းဖက်အဖျက်သမားအုပ်စုကလည်း နိုင်ငံတော် အေးချမ်းတည်ငြိမ်မှုပျက်ပြားအောင်နှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးအောင် အကြမ်းဖက်အဖျက်လုပ်ရပ်များကို အဆက်မပြတ် လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိကြရမှာဖြစ်ကြောင်း၊ ယင်း ABSDF အဖွဲ့ ဆက်တိုက်ကျူးလွန်ခဲ့သည့် အကြမ်းဖက်အဖျက်လုပ်ရပ်များ အတောမသတ်နိုင်အောင်ရှိခဲ့ကြောင်း သတင်းမှတ်တမ်း အထောက်အထားခိုင်ခိုင်လုံလုံရှိနေခြင်းကို မိမိတို့ ပြည်သူတစ်ရပ်လုံး ကြားသိခဲ့ရပြီးဖြစ်သကဲ့သို့ ABSDF အကြမ်းဖက်အဖျက်သမားအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်ကြောင့် သေကျေပျက်စီးဆုံးရှုံးခဲ့ရသည့် မိသားစုများ၏ ဝမ်းနည်းပူဆွေးသောကရောက်မှုများကို မည်သို့မျှမေ့ပျောက်၍ ရနိုင်ကြမည်မဟုတ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံနှင့်လူမျိုးဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းတည်ငြိမ်ရေးကို နှောင့်ယှက်ဖျက်ဆီးနေသည့် သံခဲဦးစီးသော ABSDFအကြမ်းဖက် အဖျက်သမားအဖွဲ့ကိုလည်း မတရားအသင်းအဖြစ် ကြေညာပေးပါရန် အမျိုးသမီးထုကြီးတစ်ရပ်လုံး၏ကိုယ်စား တင်ပြလိုက်ပါကြောင်း။

မြန်မာနိုင်ငံတွင် လူမှောင်ခိုနှင့်လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်သွားရန် မူဝါဒချမှတ်လျက် တားဆီးကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ပတွင် ဖြစ်ပွားမှုသည် ဥပဒေချိုးဖောက်၍ နယ်စပ်ဖြတ်ကျော်ခြင်းဖြင့်လည်းကောင်း၊ ဥပဒေဘောင်အတွင်းမှ နိုင်ငံဖြတ်ကျော်ခြင်းဖြင့်လည်းကောင်း ပေါ်ပေါက်နိုင်ကြောင်း၊ မြန်မာနိုင်ငံအစိုးရသည် လူကုန်ကူးမှုပြဿနာကို တားဆီးကာကွယ်ရန်နှင့် လျော့နည်းစေရန်အတွက် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ဆောင်ရွက်လျက်ရှိကြောင်း၊ လူကုန်ကူးမှုနှင့် လူမှောင်ခိုမှုများဖြစ်ပွားခြင်းမရှိစေရန် အသိပညာပေးဟောပြောခြင်း၊ နှစ်သိမ့်ဆွေးနွေးခြင်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများကိုလည်း ပြုလုပ်ခဲ့ကြောင်း။

အထူးသဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့အောက်ရှိ လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲအား အမျိုးသမီးများနှင့် ကလေးများအား လူကုန်ကူးမှု၊ သွေးဆောင်ဖြားယောင်း ခိုးယူမှုများကို ထိရောက်စွာ စုံစမ်းဖော်ထုတ်အရေးယူဆောင်ရွက်စေခြင်း၊ ပြန်လည်ကယ်တင်လာသည့် အမျိုးသမီးငယ်များကို နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း၊ မိဘရပ်ထံသို့ ပြန်လည်ပို့ဆောင်ပေးခြင်း၊ ဘဝရပ်တည်မှုအတွက် အသက်မွေးဝမ်းကျောင်းပညာရပ်များ ဖြည့်ဆည်း၍ ပြုစုပျိုးထောင်ပေးခြင်း၊ လူကုန်ကူးမှုလုပ်ငန်းကို လုပ်ဆောင်နေကြသူများအားဖော်ထုတ်၍ ထိရောက်စွာအပြစ်ပေးခြင်း စသည့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ပြည်ပြေးပုဆိန်ရိုးများ၊ နယ်ချဲ့လက်သစ်များနှင့် သိက္ခာမရှိသည့် အသံလွှင့်ဌာနများက မြန်မာနိုင်ငံအစိုးရနှင့် တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် လူကုန်ကူးမှုပြဿနာကို လျစ်လျူရှု၊ မျက်ကွယ်ပြုသည်ဆိုခြင်းမှာ လုံးဝမဟုတ်မှန်သည့် လုပ်ကြံစွပ်စွဲ ပုတ်ခတ်မှုသာဖြစ်ကြောင်း အတိအလင်းပြောကြားလိုက်ပါကြောင်း။

မြန်မာနိုင်ငံသည် နှစ်ပေါင်းထောင်ချီပြီး ယဉ်ကျေးမှု အမွေအနှစ်ကြွယ်ဝစွာဖြင့် တိုင်းရင်းသားညီအစ်ကိုများညီညွတ်စွာ စုပေါင်းနေထိုင်လာခဲ့ကြသည့် နိုင်ငံဖြစ်ကြောင်း၊ ကမ္ဘာတည်သရွေ့ မြန်မာနိုင်ငံ အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံသူ၊ နိုင်ငံသားအားလုံးတွင် တာဝန်ရှိကြောင်း၊ နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒများဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးသည် အားလုံးအတွက် အသက်တမျှအရေးကြီးပြီး အဆိုပါ ဒို့တာဝန်အရေးသုံးပါးသည်သာ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ဖြစ်သည်ဆိုခြင်းကို မိမိတို့ အမျိုးသမီးအားလုံးက အကြွင်းမဲ့သဘောပေါက်ကြရမှာဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် အမျိုးသမီးများ၏ ယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်ရအောင် ဆက်လက်ထိန်းသိမ်းရေးသည် အမျိုးသမီးထုအားလုံး၏ အဓိကတာဝန်ပင်ဖြစ်ကြောင်း။

နယ်ချဲ့လက်သစ်များ၊ ပုဆိန်ရိုးများ၊ ပြည်ပသြဇာခံများနှင့် သောင်းကျန်းသူများသည် ၎င်းတို့ရပ်သေးရပ်အာဏာမရမခြင်း အဆိုးမြင်စိတ်ထားဖြင့် နိုင်ငံတော်နှင့်ပြည်သူများ ပျက်စီးရာပျက်စီးကြောင်းကို နည်းမျိုးစုံဖြင့် ကြံစည်ကြိုးပမ်းနေကြမည်မှာ မြေကြီးလက်ခတ်မလွဲ သေချာနေကြောင်း၊ ထို့ကြောင့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို အမြဲမပြတ် သတိချပ်ပြီး ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသား တွန်းလှန်ချေဖျက်သွားကြရန် တာဝန်သည် မိမိတို့ ပြည်သူအားလုံး၏ အရေးကြီးဆုံးတာဝန်တစ်ရပ်ဖြစ်သည်ကို အသိပေးပြောကြားလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် မြန်မာအမျိုးသမီးထုကြီး၏ ထက်မြက်သည့်စွမ်းရည်ဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အလံတော်အောက်တွင် အမျိုးသားရေးစွမ်းအားစုတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာ စုစုစည်းစည်းရပ်တည်လျက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ မြေပုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင် အထက်တန်းပြဆရာမ ဒေါ်ခင်သိန်းက မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ အမျိုးသမီးဦးရေအင်အား ၂၇သန်းကျော်ကို ကိုယ်စားပြုဖွဲ့စည်းထားသော မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် မြန်မာအမျိုးသမီးထုကြီး၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် လွှမ်းခြုံဖော်ဆောင်ပေးနိုင်ရန်နှင့် လုပ်ငန်းသဘောသဘာဝ တူညီသည့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရန်အတွက် ကြိုးပမ်းဖော်ဆောင်လျက်ရှိကြောင်း။

မြေပုံ မြို့နယ် အမျိုးသမီး ရေးရာ အဖွဲ့ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်း အဖွဲ့ ယဉ်ကျေးမှု လုပ်ငန်း အဖွဲ့ခွဲ ခေါင်း ဆောင် ဒေါ်ခင်သိန်း မြန်မာ အမျိုးသမီးများနေ့ ဂုဏ်ပြုစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဖွဲ့စည်းမှုကိုကြည့်လျှင် အဖွဲ့ချုပ်၏လက်အောက်မှာ လုပ်ငန်းအဖွဲ့များနှင့် ဌာနကြီးများ ပါဝင်ဖွဲ့စည်းထားပြီး အဆင့်ဆင့်သော အဖွဲ့အစည်းများနှင့် ရပ်ကွက်၊ ကျေးရွာ အောက်ခြေအဆင့်အထိ အမျိုးသမီးရေးရာအဖွဲ့များကို ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း။

တပ်မတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်အဖြစ်သို့ ရောက်ရှိရေးအတွက် ရည်မှန်းချက်များချမှတ်ပြီး အစိုးရ၊ ပြည်သူနှင့် တပ်မတော်၏ ပူးပေါင်းဆောင်ရွက်မှုစွမ်းအားဖြင့် နေ့မအားညမနား ကြိုးပမ်းလုပ်ဆောင်ခဲ့ရာ အနောက်နိုင်ငံကြီးတချို့၏ ကန့်သတ်ပိတ်ဆို့မှုကြားမှ နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ မကြုံစဖူးတိုးတက်ဖွံ့ဖြိုးလာသည်မှာ လက်ညှိုးထိုးမလွဲအောင်ပင် ဖြစ်ကြောင်း။

ယခုကဲ့သို့ ပြည်သူများ ပါဝင်ပူးပေါင်း ဆောင်ရွက်မှုကြောင့် နိုင်ငံတော်တိုးတက် ဖွံ့ဖြိုးလာသည်ကို မနာလိုမရှုဆိတ်သည် ပြည်တွင်း၊ ပြည်ပ အဖျက်သမားအုပ်စုနှင့် အနောက်နိုင်ငံကြီးတချို့နှင့် အဖွဲ့အစည်းတချို့က မြန်မာတို့၏ ဓလေ့စရိုက်ကို ဂဃနဏမသိဘဲ မိမိတို့ မြန်မာလူမျိုးများ အလွန်အမွန်အမြတ်ထားသည့် လုပ်အားဒါနပြုခြင်းကိုပင် အဓမ္မခိုင်းစေမှု (Force Labour) ဟု ရောထွေးစွပ်စွဲနေကြကြောင်း၊ ယင်းစွပ်စွဲမှုများသည် မြန်မာနိုင်ငံသားများ၏ အပြုသဘောဆောင်သည့် စိတ်ကောင်းစေတနာကို ထိပါးစော်ကားရာရောက်ကြောင်း၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများကို ရည်ရွယ်ချက်ရှိရှိဖြင့် ရပ်တန့်နှောင့်နှေးအောင် လုပ်ဆောင်မှုသက်သက်သာ ဖြစ်ကြောင်း။

မိမိတို့ မြန်မာတိုင်းရင်းသားများ၏ ဓလေ့စရိုက်အပေါ် နားလည်မှုမရှိဘဲ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်နေကြသည်ကို International Labour Organization (ILO) အဖွဲ့က အဓမ္မခိုင်းစေမှု (Force Labour) ဟုယိုးစွပ်ပြီး အကြောင်းအမျိုးမျိုးပြ၍ အရေးယူဆောင်ရွက်မှုများ လုပ်နေသည်ကို တွေ့ရကြောင်း၊ ILO နှင့်ဆက်စပ်ပြီး အမေရိကန်အစိုးရက မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့အရေးယူမှုကြောင့် ရန်ကုန်တိုင်းအတွင်း အထည်ချုပ်စက်ရုံ ၁၆၀ ခန့် ပိတ်သိမ်းခဲ့ရသဖြင့် မိမိတို့ မြန်မာအမျိုးသမီးများအပါအဝင် အလုပ်သမားပေါင်း ရှစ်သောင်းကျော် အလုပ်လက်မဲ့ ဖြစ်ခဲ့ရကြောင်း၊ ယင်းအလုပ်သမားများကို မှီခိုနေသော မိသားစုဝင် အမျိုးသမီးငယ်ရွယ်များ စားဝတ်နေရေး ခက်ခဲရပါကြောင်း၊ မိမိတို့ အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းဖြစ်သည့် လူမှောင်ခိုကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းကိုလည်းကောင်း၊ ငယ်ရွယ်အမျိုးသမီးများ၏ ဘဝအာမခံချက် ရရှိရေးလုပ်ငန်းများကိုလည်းကောင်း ထိခိုက်စေခဲ့ပါကြောင်း။

ထို့အပြင် အတင်းအဓမ္မ စေခိုင်းမှုရှိသည်ဆိုသော စွပ်စွဲချက်များဖြင့် ILO က အမျိုးမျိုးဖိအားပေးနေမှုများကို နိုင်ငံတော်အစိုးရအနေဖြင့် သည်းခံညှိနှိုင်းဆောင်ရွက်ပေးနေသည်ကိုလည်း တွေ့မြင်နေရပါကြောင်း၊ ILO ၏ သမိုင်း၌ မည်သည့်နိုင်ငံ၊ မည်သည့်အဖွဲ့အစည်းကိုမျှ အရေးမယူခဲ့သည့် Article (33) အရ မြန်မာနိုင်ငံကို အရေးယူရန် စီစဉ်ဆောင်ရွက်နေခြင်းသည် မြန်မာနိုင်ငံအပေါ် နိုင်ငံရေးအရ တမင်သက်သက် ဖိအားပေး အကျပ်ကိုင်ခြင်းသာဖြစ်ကြောင်း၊ ဤသို့ အရေးယူရန်ကြိုးပမ်းနေခြင်းသည် မြန်မာပြည်သူလူထု၏ ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေး မျှော်မှန်းချက်များကို အဟန့်အတားဖြစ်စေခဲ့ကြောင်း၊ ILO ၏ လုပ်ဆောင်ချက်များသည် မိမိတို့ မြန်မာနိုင်ငံ၏ အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆိုးကျိုးကိုသာ သက်ရောက်စေသည်ဟု သုံးသပ်တွေ့ရှိရပါကြောင်း။

ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ထူးချွန်အမျိုးသမီးတစ်ဦးအား ဂုဏ်ပြုလက်မှတ်ပေးအပ်စဉ်။ (သတင်းစဉ်)

ထို့ပြင် ILO အနေဖြင့် မြန်မာနိုင်ငံ၏ ဖြစ်ရပ်များအပေါ် ယထာဘူတကျစွာ မသုံးသပ်နိုင်ခဲ့ခြင်းကြောင့်လည်းကောင်း၊ နိုင်ငံတော်နှင့် ပြည်သူများ၏အကျိုးကို ရှေးရှုရပ်တည်နိုင်စွမ်းမရှိခြင်းကြောင့်လည်းကောင်း၊ အကြမ်းဖက်သမား ဝရမ်းပြေးများ၏ လုပ်ကြံသတင်းပေးမှုများကို ရဲဝံ့ပြတ်သားစွာ ဖယ်ရှားနိုင်စွမ်းရှိသည့် တရားမျှတသော အဖွဲ့အစည်းမဟုတ်ခြင်းကြောင့်လည်းကောင်း၊ ILO ၏ အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်သင့်ကြောင်း မြန်မာအမျိုးသမီးများကိုယ်စား တင်ပြအပ်ပါကြောင်း။

မိမိတို့မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအစဉ်အလာကြီးမားသည့် ဗုဒ္ဓဘာသာနိုင်ငံဖြစ်ပြီး ခရစ်နှစ် ၁၆ရာစုမတိုင်မီက မြန်မာနိုင်ငံတွင် ဘိန်းဆိုသည်ကို မြန်မာတို့သုံးစွဲဖူးရန်ဝေးစွ၊ ကြားဖူးခြင်းပင်မရှိကြောင်း၊ ၁၆ရာစု နောက်ပိုင်းကျမှသာ အနောက်နိုင်ငံကုန်သည်များက တင်သွင်းလာသည့်အတွက် မြန်မာနိုင်ငံသို့ မူးယစ်ဆေးဝါး၏အဓိကပင်ရင်းဖြစ်သည့် ဘိန်းစတင်ရောက်ရှိလာကြောင်း အထောက်အထားများအရ သိရှိရကြောင်း။

မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေးကြိုးပမ်းမှု သမိုင်းစဉ်ကို လေ့လာမည်ဆိုလျှင် ယခုခေတ်မှသာမဟုတ်ဘဲ ရှေးမြန်မာဘုရင်များ လက်ထက်ကပင် မူးယစ်ဆေးဝါးပပျောက်ရေးကြိုးပမ်းခဲ့ပြီး သေဒဏ်ပေးသည်အထိ အရေးယူအပြစ်ပေးခြင်းများကိုလည်း ပြင်းပြင်းထန်ထန် ဆောင်ရွက်ခဲ့သည့်မှတ်တမ်းမှတ်ရာ အထောက်အထားများရှိနေပါကြောင်း။

နယ်ချဲ့သမား၏ ရည်ရွယ်ချက်သည် နိုင်ငံချစ်စိတ်နှင့် မျိုးချစ်စိတ်ဓာတ်မြင့်မားပြီး ယဉ်ကျေးမှုအစဉ်အလာကြီးမားသည့် မြန်မာတိုင်းရင်းသားများ၏ သူ့ကျွန်မခံလိုသော စိတ်ဓာတ်နှင့်စွမ်းရည်ကို ရိုက်ချိုးဖျက်ဆီးရန်နှင့် နယ်ချဲ့ကိုလိုနီယန္တရား သက်ဆိုးရှည်စေရန်ဖြစ်သည့်အတွက် ဘိန်းကို မြန်မာနိုင်ငံအတွင်း ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးထုတ်လုပ်သုံးစွဲစေရန် နည်းမျိုးစုံသုံးလျက် စီမံခဲ့သည်ကိုတွေ့ရှိရကြောင်း၊ တစ်နည်းအားဖြင့် နယ်ချဲ့တို့က မြန်မာ့မြေတွင် လူသားမျိုးနွယ်တစ်ရပ်လုံး၏ အန္တရာယ်မျိုးစေ့ကို ချပေးခြင်းပင်ဖြစ်ကြောင်း။

လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင်လည်း မြန်မာနိုင်ငံ နယ်စပ်ဒေသများ၌ ကျူးကျော်သူများ၏ လက်နက်ဖြင့် ခြိမ်းခြောက်အကျပ်ကိုင်ခံရသည့် ဒေသခံတိုင်းရင်းသားများသည် ၎င်းတို့၏ ရပ်တည်ရေးအတွက် ဘိန်းကို စိုက်ပျိုးထုတ်လုပ်ခဲ့ရပြီး ဘိန်းကုန်ကူးသည့် တိုင်းတစ်ပါးသားများကို အလုပ်အကျွေးပြုခဲ့ရကြောင်း။

နိုင်ငံတော်အစိုးရသည် ကျူးကျော်သူများကို သမိုင်းဝင်စစ်ဆင်ရေးကြီးများဆင်နွှဲပြီး တပ်မတော်သားများ၏ အသက်သွေးချွေးများစတေးကာ တိုက်ထုတ်ခဲ့သော်လည်း ၎င်းတို့၏ ဆိုးမွေဖြစ်သည့် ဘိန်းစိုက်ပျိုးထုတ်လုပ်သုံးစွဲခြင်းဓလေ့သည် နယ်စပ်ဒေသများ၌ အမြစ်တွယ်ကျန်ခဲ့ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရက မူးယစ်ဆေးဝါးပပျောက်ရေး စီမံချက်များ စနစ်တကျရေးဆွဲပြီး တပ်မတော်နှင့်ပြည်သူ လက်တွဲပူးပေါင်းကာ အသက်သွေးချွေးမြောက်မြားစွာ စတေးပေးဆပ်ပြီး မူးယစ်ဆေးဝါးပပျောက်ရေးကို ဆောင်ရွက်ခဲ့ရကြောင်း၊ ဆောင်ရွက်နေဆဲလည်း ဖြစ်ပါကြောင်း။

UNODC ၏ ထုတ်ပြန်သည့် အစီအရင်ခံစာတွင် မြန်မာနိုင်ငံအတွင်း ဘိန်းစိုက်ပျိုးမှုသည် ၂၀၀၂ ခုနှစ်အတွင်း ၁၃ရာခိုင်နှုန်း၊ ၂၀၀၃ ခုနှစ်အတွင်း ၂၄ ရာခိုင်နှုန်း၊ ၂၀၀၄ ခုနှစ်အတွင်း ၂၉ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ဟု ဖော်ပြထားကြောင်း၊ ၁၉၉၆ ခုနှစ် စာရင်းနှင့် ၂၀၀၄ ခုနှစ် တိုင်းတာရရှိသည့် စာရင်းများနှင့် နှိုင်းယှဉ်ကြည့်ပါက ကိုးနှစ်အတွင်း ဘိန်းစိုက်ပျိုးမှု ၈၈ ရာခိုင်နှုန်းလျော့နည်း ကျဆင်းသွားကြောင်းနှင့် ဘိန်းထုတ်လုပ်မှု ၈၁ ရာခိုင်နှုန်းကျဆင်းသွားခဲ့ကြောင်း တွေ့ရှိရမှာဖြစ်ကြောင်း၊ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများဖျက်ဆီးမှု ၁၉ ကြိမ်အထိရှိခဲ့ပြီး ဖျက်ဆီးခဲ့သည့် မူးယစ်ဆေးဝါးများ၏ ကာလတန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၁၄၆၆၀ သန်းကျော်ရှိပြီ ဖြစ်ကြောင်း။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံ တစ်နိုင်ငံတည်းဆောင်ရွက်လျှင် မအောင်မြင်နိုင်ကြောင်း သဘောပေါက်ခံယူထားသည့်အတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် နိုင်ငံတကာအကူအညီ အထောက်အပံ့မရရှိခဲ့သော်လည်း မူးယစ်ဆေးဝါးပပျောက်ရေးကို နိုင်ငံတော်အကြီးအကဲများ၏ ချမှတ်ထားသည့် လမ်းညွှန်ချက်၊ စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ✧

မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ အခမ်းအနားကို ကြွေးကြော်သံများဖြင့် ရုပ်သိမ်းစဉ်။
(သတင်းစဉ်)

မောင်မောင်(ခ) ပြည်သစ်ညွှန့်ဝေဦးစီးသော FTUB အဖွဲ့ကို မတရားအသင်းအဖြစ် ကြေညာပေးပါရန် တင်ပြ

✧ စာမျက်နှာ ၁၃မှ

မဟာဗျူဟာ၊ နည်းဗျူဟာကို လိုက်နာကျင့်သုံးလျက် ကိုယ့်အားကိုယ်ကိုးပြီး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ဤကဲ့သို့ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းကို စွမ်းစွမ်းတမံ အစဉ်တစိုက် ဆောင်ရွက်နေပါလျက် အချို့သော ပြည်ပအင်အားကြီးနိုင်ငံအချို့က မြန်မာနိုင်ငံကို မူးယစ်ဆေးဝါးထုတ်လုပ်သော နိုင်ငံအဖြစ် စွပ်စွဲနေခြင်းသည် တစ်ဖက်သတ် အဆိုးမြင်ဝါဒကြောင့်သာဖြစ်သည်မှာ လယ်ပြင်မှာဆင်သွားသလိုထင်ရှားနေကြောင်း၊ ထို့ကြောင့် မိမိတို့အမျိုးသမီးရေးရာအဖွဲ့အနေဖြင့် ပကတိ အခြေအနေနှင့် လုံးဝကင်းကွာနေသော ဤစွပ်စွဲချက်သည် လုံးဝမှန်ကန်မှု မရှိကြောင်း ပြတ်ပြတ်သားသား ငြင်းဆိုလိုက်ကြောင်း။

အထူးတင်ပြလိုသည်မှာ ILO စင်မြင့်ကို အသုံးပြုပြီး မြန်မာနိုင်ငံကို နိုင်ငံရေးအရ ဖိအားပေးဆောင်ရွက်ရာတွင် ICFTU က အဓိက တိုင်ကြားသူဖြစ်ပြီး ICFTU သို့ မဟုတ်မမှန်လုပ်ကြံစွပ်စွဲချက်သတင်းများ ပေးပို့သူမှာ အဖွဲ့ဝင် တစ်ဦး၊ နှစ်ဦးမျှဖြင့် ဖွဲ့စည်းထားသော ပြည်ပထောက်ပံ့မှုဖြင့် သိမ်းသွင်းခြင်းခံထားရသည့် Federation of Trade Union of Burma (FTUB) မှ မောင်မောင်(ခ) ပြည်သစ်ညွှန့်ဝေဖြစ်သည်ကို တွေ့ရှိရကြောင်း။ မောင်မောင်(ခ) ပြည်သစ်ညွှန့်ဝေသည် မြန်မာ့ကျောက်မျက်ရတနာကော်ပိုရေးရှင်း စီမံကိန်းဌာနခွဲတွင် တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း လက်ဝတ်ရတနာများ ပျောက်ဆုံးမှုနှင့်ပတ်သက်၍ အရေးယူခံခဲ့ရပြီး တရားခံပြေးအဖြစ် ကြေညာခံခဲ့ရသူဖြစ်ကြောင်း။

သို့ဖြစ်ရုံမျှမက မောင်မောင်(ခ)ပြည်သစ်ညွှန့်ဝေအား ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ(၈၇)၊ (၈၈) တို့အရ အရေးယူဆောင်ရွက်ရန် အမိန့်ချမှတ်ခဲ့ကြောင်း၊ မောင်မောင်(ခ)ပြည်သစ်ညွှန့်ဝေသည် ၂၀၀၃ ခုနှစ်အတွင်း နိုင်ယကွ္ခအပါအဝင် ကိုးဦးကို မြန်မာနိုင်ငံအတွင်း၌ အကြမ်းဖက်ဖောက်ခွဲရေး လုပ်ငန်းများလုပ်ဆောင်စေရန် စီမံခန့်ခွဲဦးဆောင်ပြီး ငွေကြေးထောက်ပံ့မှုပြုခဲ့သူပင်ဖြစ်ကြောင်း၊ မောင်မောင်သည် ကိုယ်ကျိုးရှာ ဝရမ်းပြေးတစ်ဖြစ်လဲ အကြမ်းဖက်လူသတ်သမားစစ်စစ်သာ ဖြစ်နေကြောင်း။

ထို့ကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်၊ နိုင်ငံတော်ကို ပြိုကွဲပျက်စီးအောင် နည်းမျိုးစုံသုံးပြီး ကြံစည်ကြိုးပမ်းနေသည့် ပြည်ပအားကိုး ပုဆိန်ရိုး ပြည်ပြေးအကြမ်းဖက်သမား မောင်မောင်(ခ) ပြည်သစ်ညွှန့်ဝေ ဦးစီးသော (FTUB) အဖွဲ့သည် ပြည်သူတို့၏ဘုံရန်သူဖြစ်နေသည့်အတွက် (FTUB) အဖွဲ့ကို မတရားအသင်းအဖြစ် ကြေညာပေးပါရန် တင်ပြအပ်ပါကြောင်း။

ပြည်ပြေးစိန်ဝင်းဦးစီးသည့် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရအမည်ခံ NCGUB ကလည်း မြန်မာပြည်သူ၊ ပြည်သားများ၏ ဖွံ့ဖြိုးတိုးတက်မှုကို မလိုလား၊ မရှုဆိတ်ဘဲ အကြမ်းဖက် အဖျက်အမှောင့်လုပ်ရပ်များဖြင့် နှောင့်ယှက်ဖျက်ဆီးနေသည်ကိုတွေ့ရှိနိုင်ပါကြောင်း၊ ပြည်ပြေးစိန်ဝင်းအပါအဝင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဆိုသူ ရှစ်ဦးသည် နိုင်ငံတော်ကို သစ္စာဖောက်ပြီး ထွက်ပြေးတိမ်းရှောင်သွားသည့် သူများဖြစ်၍ ၁၉၉၀ပြည့်နှစ်ကတည်းက နိုင်ငံတော်က တရားခံပြေးများအဖြစ် ကြေညာထားပြီးဖြစ်ကြောင်း။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ကလည်း ပြည်ပြေးစိန်ဝင်းအပါအဝင် ရှစ်ဦးကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများအဖြစ်မှ ပယ်ဖျက်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း။

၁၉၉၃ ခုနှစ်မှစပြီး ပြည်ပြေးစိန်ဝင်းသည် တစ်ဖက်နိုင်ငံတွင် နေရန်မဖြစ်တော့သည့်အတွက် အမေရိကန်နိုင်ငံကို ပြောင်းရွှေ့သွားခဲ့ကြောင်း၊ ထိုမှတစ်ဆင့်ကနေ ပြည်ပနိုင်ငံများတွင် လှည့်လည်သွားလာပြီး အနောက်နိုင်ငံများအကြိုက် ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးဗန်းပြပြီး တစ်ဖက်မှ အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လာသည်ကို တွေ့ရှိရကြောင်း။ ပြည်ပြေးစိန်ဝင်းနှင့် ၎င်း၏အုပ်စုဝင်များလည်း အနောက်နိုင်ငံအချို့တွင် လွတ်လွတ်လပ်လပ်သွားလာနိုင်ပြီး NGOအဖွဲ့များ၏ ကူညီပံ့ပိုးမှုဖြင့် ကျောထောက်နောက်ခံရရှိနေသည်ကို တွေ့ရကြောင်း၊ ပြည်ပြေးစိန်ဝင်း၏ အဓိကလက်ရုံးများမှာ FTUB တို့ဖွဲ့စည်းတည်ထောင်ထားတဲ့ ပြည်သစ်ညွှန့်ဝေ (ခ)မောင်မောင်နှင့် လူ့ဘောင်သစ်အဖွဲ့မှ အောင်မိုးဇော်တို့အုပ်စုဖြစ်ပါကြောင်း၊ ပြည်ပြေးစိန်ဝင်းသည် ဒေါ်စုကြည်အစ်ကိုတစ်ဝမ်းကွဲတော်သူလည်း ဖြစ်ပါကြောင်း၊ ပြည်ပြေးစိန်ဝင်း ဦးစီးသော NCGUB သည် နိုင်ငံတကာမျက်နှာစာတွင် ဒီမိုကရေစီရေး တိုက်ပွဲဝင်နေသူများအဖြစ် ဟန်ဆောင်မျက်နှာဖုံးတပ်ထားပြီး လက်တွေ့တွင် ထောက်ပံ့ငွေများ၊ ရန်ပုံငွေများရရှိအောင် တောင်းခံကာ ၎င်းတို့ကိုယ်ကျိုးအတွက် သုံးစွဲနေခြင်းပင်ဖြစ်ကြောင်း။

ယင်းကဲ့သို့ မြန်မာတိုင်းရင်းသားပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်ယှက်ဖျက်ဆီးနေသည့် ပြည်ပအားကိုး ပြည်ပြေးစိန်ဝင်း၏ NCGUB အဖွဲ့နှင့် အခြား ဆက်စပ်ပတ်သက်နေသော အဖွဲ့အားလုံးကို မတရားအသင်းအဖြစ် ကြေညာပေးပါရန် ယခုကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကြီးမှ တစ်ဆင့် ပန်ကြားလိုက်ရပါကြောင်း။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ မှန်ကန်သည့် ဦးဆောင်လမ်းညွှန်မှု၊ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့၏ ညီညွတ်မှုစွမ်းအားတို့ကြောင့် မိမိတို့နိုင်ငံတော်သည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိနေကြောင်း၊ မိမိတို့ ရခိုင်ပြည်နယ်တွင်လည်း လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ အပါအဝင် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ သိသိသာသာ ဖွံ့ဖြိုးတိုးတက်နေပါကြောင်း၊ ထို့ကြောင့် ရရှိလာသည့် ဤအခြေခံကောင်းများကို ဆက်လက်ပြီး အရှိန်အဟုန်ဖြင့် ပိုမိုတိုးတက် အောင်မြင်အောင် ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပါဝင်ထမ်းဆောင်သွားကြမည်ဟု ကတိပြုပါကြောင်းဖြင့် ပြောကြားသွားသည်။

ယင်းနောက် ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံအဆင့်၊ အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့်များတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြပြီး နံနက် ၁၀နာရီ မိနစ် ၂၀တွင် မြန်မာအမျိုးသမီးများနေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပပြီးစီးသည်။ (သတင်းစဉ်)

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်

ရန်ကုန် ဇူလိုင် ၁၀

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်း ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်သည် ကော်မတီဝင် စစ်ဆေးကြပ်မတ်ရေး အဖွဲ့ခေါင်းဆောင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူ၊ အဖွဲ့ဝင်တွဲဖက် စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လည်းကောင်း၊ စစ်ဆေးကြပ်မတ်ရေး အဖွဲ့ခေါင်းဆောင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေသည် အဖွဲ့ဝင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ နှင့်ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ မွန်းလွဲပိုင်းတွင်လည်းကောင်း မော်တော်ယာဉ် မသုံးစွဲရနေ့စစ်ဆေးရေးအဖွဲ့များက ရန်ကုန်မြို့၏ အဓိက အချက်အချာကျသော နေရာများ၌ တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်ကို လှည့်လည်စစ်ဆေးကြပ်မတ်ကြသည်။

နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့၏ အဓိက အချက်အချာကျသော နေရာများ၌ တပ်မတော် မော်တော်ယာဉ်များနှင့်ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ တပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့်လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ် လိုင်စင် (ဗီးတက်)တို့ ပါရှိခြင်း ရှိ-မရှိ နှင့် ဌာနဆိုင်ရာဝတ်စုံများ ဝတ်ဆင်ခြင်း ရှိ-မရှိတို့ကို စစ်ဆေးကြပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကိုလည်း စစ်ဆေးကြသည်။

(သတင်းစဉ်)

ဇူလိုင် ၄ရက်က လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ၂၀၀၅-၂၀၀၆ပညာသင်နှစ် ကျောင်းကောင်စီကတိသစ္စာခံယူပွဲအခမ်းအနားကျင်းပရာ ကျောင်းကောင်စီ အသင်းခေါင်းဆောင်များအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်းမြင့် အသင်းအလံများပေးအပ်စဉ်။
(ပညာရေး)

ဗောဓိနမ့်ဆန်ကျောင်း ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၁၀

စမ်းချောင်းမြို့နယ်၊ ဥယျာဉ်တိုက် ဗောဓိနမ့်ဆန်ကျောင်း၌ ဆဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ ဒါယကာ-ဒါယိကာမများ တက်ရောက် ပူဇော်ကြရန်နှင့် ဝါဆိုသင်္ကန်းတစ်စုံလျှင်ကျပ် ၄၀၀၀ နှုန်းဖြင့် လည်းကောင်း၊ မိမိတို့အစီအစဉ်ဖြင့် လည်းကောင်း ဖုန်း ၅၀၀၇၉၄၊ ၅၅၆၇၂၄ သို့ စာရင်းပေးသွင်း လှူဒါန်းနိုင်ကြောင်းနှိုးဆော်ထားသည်။

(က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၁-၇-၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ ရင်မှာစွဲလန်းတော်ဝင်ပန်း
၄:၃၅ ၆။ မျိုးချစ်တပ်မတော်
၄:၄၅ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၀၀ ၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် -သင်္ချာ** (ပထမနှစ်-အရှေ့တိုင်းပညာ)
၅:၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လောကစံအတွက်လက်သီးတစ်ချက်" (အပိုင်း-၁၁)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ မေးမြန်းစုံစမ်း
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နှင်းနဂါးသိုင်း" (အပိုင်း-၇)**
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

ဇူလိုင် ၁၀ ရက်က အစိုးရနည်းပညာကောလိပ် (ဗန်းမော်) ပင်မအဆောက်အအုံသစ်ကြီးအား ခံ့ညားထည်ဝါစွာ တွေ့ရစဉ်။

(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

အပျက်သမားများ၏အန္တရာယ်ကို မပြတ်သောသတိဖြင့် အမြဲစောင့်ကြည့် ခိုင်မာသည့်စည်းလုံးမှု၊ နိုးကြားသည့်စိတ်ဓာတ်ဖြင့် ပြတ်ပြတ်သားသားတို့ မြန်နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များအတိုင်း ဆက်လက်အကောင်အထည်ဖော်

ရန်ကုန် ဇူလိုင် ၁၀

ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ဦးဥတ္တမခန်းမဋ္ဌကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အဖွဲ့ဝင်များဖြစ်ကြသော ရခိုင်ပြည်နယ် ဒေသစည်းရုံးရေးမှူး ဒေါ်နုမြဖံနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်စုစုမြတ်၊ ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝေနှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ●

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ ခေတ္တရာ ရတနာမြို့တော်ခန်းမဋ္ဌ ကျင်းပစဉ်။ (သတင်းစဉ်)

ပြည်တွင်း၊ ပြည်ပ အပျက်အန္တရာယ်ကို ကြံကြံခံတွန်းလှန်ရန် နိုင်ငံသားအားလုံး၏ စည်းလုံးညီညွတ်မှု မရှိမဖြစ်လိုအပ် စည်းလုံးညီညွတ်၍ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ခိုင်မာမြဲမြံသော အမျိုးကောင်းသမီးများအဖြစ် ကျင့်ကြံအားထုတ် နိုင်ငံတော်အတွက် မောင်တစ်ထမ်း မယ်တစ်ရွက် ကြိုးပမ်းတည်ဆောက်ကာကွယ်သွားမည့် အင်အားစုကြီးဖြစ်

ရန်ကုန် ဇူလိုင် ၁၀

ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၈ နာရီတွင် ပြည်မြို့ရှိ ခေတ္တရာရတနာ မြို့တော်ခန်းမဋ္ဌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပဲခူးတိုင်း(အနောက်ပိုင်း) ဒေသစည်းရုံးရေးမှူး ဒေါ်မာလာသိမ်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင် ပါမောက္ခဒေါ်ထူးထူးအောင်၊ ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းမာ၊ အတွင်းရေးမှူး ဒေါ်ဝေဝေနှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ပြည်ခရိုင် ခြောက်မြို့နယ်နှင့် သာယာဝတီခရိုင် ရှစ်မြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ *